The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၆ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်၊ ဗုဒ္ဓဟူးနေ့၊ (25-3-2015) (၈၁၅၅)

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဟယ်လင်းနစ်သမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၅**

၂၀၁၅ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ပရိုကိုပီစ် ပါဗလိုပူလော့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ အဲလက်ဇစ်(စ်)စီပရာ့စ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးနေမှုများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး



**နေပြည်တော် မတ် ၂၄**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် *International Republican Institute(IRI)*၏ဥက္ကဋ္ဌ သံအမတ်ကြီး *Mark Green* ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(ဝဲပုံ)**

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအား လွတ်လပ်ပြီး တရားမျှတသော ရွေးကောက်ပွဲတစ်ရပ်ဖြစ်ရေးအတွက် ဆောင်ရွက်နေသည့်ကိစ္စရပ်များ၊ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရေးအတွက် ကူညီဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## အချိန်အခါမဟုတ် မိုးရွာနိုင်


**နေပြည်တော် မတ် ၂၄**

ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် မိုးလေဝသတိုင်းထွာချက်များအရ အနောက်ဘက်မှ ရွေ့လျားလာသော လေပွေလှိုင်းများသည် တရုတ်နိုင်ငံဘက်မှ လေဖိအားကြီးရပ်ဝန်း တိုးဝင်လာမှုတို့ကြောင့် ယနေ့ညနေမှ နောက် ၇၂ နာရီအတွင်း ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

**(ကြေးမုံ)**



မြန်မာပြည်မြောက်ပိုင်း ကချင်ပြည်နယ်ရှိ ဧရာဝတီမြစ် စတင်စီးဆင်းရာ မေခ၊ မလိခမြစ်နှစ်သွယ် ပေါင်းဆုံသည့် မြစ်ဆုံအလှကို ဇန်နဝါရီလအတွင်းက တွေ့ရစဉ်။ (ဓာတ်ပုံ-ငွေအောင်)



ကြေးမုံ စာတည်းရှုထောင့် ၂၅-၃-၂၀၁၅၊ ပုဒ္ဓဟူးနေ့

# မြစိမ်းရောင်ကျေးရွာများဖြစ်ထွန်း

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အဓိကဦးစားပေးလုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ကျေးလက်များမှာ ယခင်နှင့်မတူ သိသိသာသာတိုးတက်လာသည်။ သို့သော် နယ်စပ်ဒေသနှင့် တောတောင်ဒေသ အလှမ်းဝေးသော ကျေးရွာများမှာ ဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေသေးသည်ဟု ဆိုရမည်ဖြစ်သည်။

ထို့ကြောင့် နိုင်ငံတော်က မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကို သီးခြားဖွဲ့စည်းပြီး ကျေးလက်ဒေသများအားလုံး ဖွံ့ဖြိုးတိုးတက်လာစေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးနေသည်ကို တွေ့ရသည်။ တစ်နိုင်ငံလုံး လွှမ်းခြုံဖွံ့ဖြိုးတိုးတက်လာစေရေးဆောင်ရွက်ရာတွင် လက်လှမ်းမမီသော ဝေးလံသည့် ဒေသများလည်း ကျန်ရှိကောင်းကျန်ရှိမည်ဖြစ်သည်။ စီမံကိန်းကို တစ်စတစ်စဆောင်ရွက်ခြင်းဖြင့် လွှမ်းခြုံဖွံ့ဖြိုးလာနိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

ကျေးလက်ဒေသများဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေရန်နှင့် ကျေးလက်မြို့ပြဖွံ့ဖြိုးမှုကွာဟချက်များ ကျဉ်းမြောင်းလာစေရန်အတွက် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး လူထုဗဟိုပြုစီမံကိန်းများကိုလည်း ရေးဆွဲဆောင်ရွက်နေသည်မှာ ကောင်းမွန်သောလုပ်ငန်းစဉ်ဖြစ်ပါသည်။ ကျေးလက်ပြည်သူများမှာ အသိအမြင်နည်းပါးသောကြောင့် ဆောင်ရွက်ပေးပြီးနောက် ဖွံ့ဖြိုးတိုးတက်မှု ရေရှည်တည်တံ့ရန်လည်း လိုအပ်ပါသည်။

ထို့ကြောင့် ကျေးလက်လူငယ်များဖွဲ့စည်း၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခြင်း၊ အများပိုင်ကဏ္ဍ၊ ပုဂ္ဂလိကပိုင်ကဏ္ဍနှင့် ပူးပေါင်းဆောင်ရွက်သည့်စနစ်ကျင့်သုံး၍ အရင်းအနှီး၊ နည်းပညာနှင့် ဈေးကွက်များဖော်ဆောင်ခြင်း၊ သားငါးကဏ္ဍတိုးတက်ရေးတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့မှာ လွန်စွာကောင်းမွန်သည့်အစီအစဉ်ဟု ဆိုရမည်ဖြစ်သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းသည် ကျေးလက်ဒေသဖွံ့ဖြိုးရေး မဟာဗျူဟာမူဘောင်ပါ စဉ်ဆက်မပြတ် ဘဏ္ဍာရေးအရင်းအမြစ်ရရှိရေး မဟာဗျူဟာအရ အကောင်အထည်ဖော်နေခြင်းဖြစ်သည်။ မြစိမ်းရောင်သည် ကျေးလက်နေ နွမ်းပါးသည့်ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖြစ်ပေါ်စေပြီး မိသားစုဝင်ငွေတိုးကာ ကျေးလက်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုသည့် စီမံကိန်းဖြစ်သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် ကျေးရွာပေါင်း ၁၁၅၀ ရွာအတွက် နိုင်ငံတော်က ခွင့်ပြုရန်ပုံငွေကျပ် ၃၄ ဒသမ ၅ ဘီလီယံချထားပေးပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရသည်။ စီမံကိန်း၏ ထင်သာမြင်သာရှိသော အကျိုးရလဒ်များကြောင့် မြို့နယ် ၁၇၈ မြို့နယ်အတွင်းရှိ ကျေးရွာများတွင်လည်း ဆက်လက်အကောင်အထည်ဖော်နိုင်ရန် စိစစ်ဆောင်ရွက်နေကြောင်းသိရ၍ ကျေးလက်ပြည်သူများအတွက် အခြေအနေကောင်းများဖြစ်သည်။

ထို့အပြင် စီးပွားဖြစ်သီးနှံစိုက်ခင်းများ၊ စီးပွားဖြစ်သစ်တောစိုက်ခင်းများ၊ စိုက်ပျိုးရေးဇီဝမျိုးထိန်းခြံ၊ သားငါးဖောက်စခန်း၊ မွေးမြူရေးမျိုးခြံ၊ သီးနှံသစ်တောဘက်စုံမျိုးဥယျာဉ်များ ထူထောင်ဆောင်ရွက်သွားရန်နှင့် ဈေးကွက်ချိတ်ဆက်မှုနှင့် တန်ဖိုးမြှင့်ထွက်ကုန်ဖွံ့ဖြိုးရေးအတွက် သယ်ယူပို့ဆောင်ရေး၊ ဈေးအဆောက်အအုံများ၊ ကြိတ်ခွဲရေးနှင့်ပြုပြင်ရေး၊ ထုပ်ပိုးပြုပြင်ရေး၊ သိုလှောင်ရေး၊ အသေးစားအပေါင်ခံငွေချေးလုပ်ငန်းနှင့် ရွှေ့လျားဘဏ်များထူထောင်၍ အကောင်အထည်ဖော်ဆောင်ရွက်သွားရေး စသည့် အစီအစဉ်များရှိကြောင်းသိရ၍ ကျေးလက်ပြည်သူများ လူမှုစီးပွားဘဝမြင့်မားစေမည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအောင်မြင်စေရန် ဆန္ဒပြုပါသည်။

ထိုသို့ ကျေးလက်နေပြည်သူများအတွက် နိုင်ငံတော်မှ အဘက်ဘက်က ပြီးပြည့်စုံသော စီမံကိန်းများအား အကောင်အထည်ဖော်ဆောင်ရွက်ပေးနေမှုနှင့်အတူ ကျေးလက်နေပြည်သူများကလည်း မြစိမ်းရောင်စီမံကိန်းမှတစ်ဆင့် နိုင်ငံတော်ကြီးတစ်ခုလုံးဖွံ့ဖြိုးတိုးတက်လာစေရန် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

# နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု စိစစ်ရွေးချယ်ရေးကော်မတီ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မတ် ၂၄**

နိုင်ငံတော်သမ္မတ၏ နိုင်ငံ့စွမ်းဆောင်ရည်ဆု စိစစ်ရွေးချယ်ရေးကော်မတီ တတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရုံးအမှတ်(၁၈) နိုင်ငံတော်သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ စိစစ်ရွေးချယ်ရေးကော်မတီ ဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အမှာစကားပြောကြားရာတွင် ရွေးချယ်မည့်ဆုများနှင့် ပတ်သက်၍ တိုင်းဒေသကြီး/ပြည်နယ်များမှ ပဏာမအဆင့် ရွေးချယ်တင်ပြထားမှုများအပေါ် လုပ်ငန်းကော်မတီအလိုက် ကွင်းဆင်းစစ်ဆေးသည့်အဆင့်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ ဆုချီးမြှင့်ပွဲအခမ်းအနားအား ၂၀၁၅ မေလ ပထမအပတ်တွင် ကျင်းပရန် လျာထားပြီးဖြစ်သည့်အတွက် ကော်မတီအလိုက်၊ ဆုအလိုက် ရွေးချယ်မှုလုပ်ငန်းများအား ဧပြီလ စတုတ္ထပတ်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

စွမ်းဆောင်မှု အကောင်းဆုံး မြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဆုနှင့် စည်ပင်သာယာရေးကော်မတီဆုများ ရွေးချယ်ရာတွင် ဆွေးနွေးစီမံဆောင်ရွက်မှုနှင့် တိုးတက်မှုအပေါ် ဦးစားပေးအကဲဖြတ်စဉ်းစားရန် ဖြစ်ပါကြောင်း။


လူမှုရေးဆိုင်ရာဆုများနှင့် ပတ်သက်၍ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များက အဆိုပြုတင်ပြချက်များအပေါ် သက်ဆိုင်ရာလုပ်ငန်းကော်မတီများက သတ်မှတ်ထားသည့်မူဝါဒ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ စိစစ်ပြီး တင်ပြဖို့လိုအပ်ပါကြောင်း။

ပညာရပ်ဆိုင်ရာဆုနှင့် ပတ်သက်၍ နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်များက အမှတ်ပေးစည်းမျဉ်းများနှင့်အညီ စိစစ်အကဲဖြတ်တင်ပြလာသည့် ထူးချွန်ပညာရှင် ၂၂ ဦး၏ တီထွင်အသုံးချဆောင်ရွက်ခဲ့သည့် သုတေသနလုပ်ငန်းများကို လုပ်ငန်းကော်မတီက အဖွဲ့များခွဲပြီး စစ်ဆေးအကဲဖြတ်အမှတ်ပေးလျက် ရှိပါကြောင်း၊ ယခုနှစ်မှာ ထိုက်ထိုက်တန်တန် ချီးမြှင့်နိုင်မည်ဆိုလျှင် နိုင်ငံ၏ လက်တွေ့အသုံးချ သုတေသနယပယ် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူ ဖြစ်စေမှာဖြစ်သလို တက္ကသိုလ်များ၏ အနာဂတ်ရည်မှန်းချက်ဖြစ်သော သုတေသနလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်ရေးကိုလည်း ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မြို့ပြ/ကျေးရွာအဆင့် ဖွံ့ဖြိုးတိုးတက်မှုအကောင်းဆုံးနှင့် စိုက်/မွေးဆိုင်ရာဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ လူမှုရေးဆိုင်ရာဆုချီးမြှင့်ရေး လုပ်ငန်းကော်မတီ၊ စီးပွားရေးဆိုင်ရာ ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ ပညာရပ်ဆိုင်ရာလုပ်ငန်းကော်မတီတို့မှ ဒုတိယဝန်ကြီးများက ဆုများပဏာမရွေးချယ်ခြင်းလုပ်ငန်း၊ ကွင်းဆင်းစိစစ်အကဲဖြတ်မှုလုပ်ငန်း စသည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးများက Video Conferencing စနစ်ဖြင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဆုများ ပဏာမရွေးချယ်ထားရှိမှုအခြေအနေများအား ဆွေးနွေးတင်ပြကြရာကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်မှာကြားရှင်းလင်းသည်။

**(သတင်းစဉ်)**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မတ် ၂၄**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၆၇၈၈၀၀ | - | ၆၇၉၈၀၀ |
| မန္တလေး | ရွှေဈေး | ၆၇၈၈၀၀ | - | ၆၇၉၈၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၅၀ | ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၈၇၀ | ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၂၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၇၀ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၀၂၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၁၂၃. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၁၆၅. ၂၇ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၁. ၅၈၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၈၀. ၀၇ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၆. ၅၀၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၈၅၇. ၀၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၉၂. ၇၀၂ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၈၀၈. ၁၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၇၅၁. ၂၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်္ဂမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဖြ/ဘီ၊ မြေကွက်အမှတ်၃၅၊ မြေကွက်တည်နေရာ အမှတ်(၃၅)၊ ဖြ-ဘီ ရပ်ကွက်၊ အင်္ဂမြို့သစ်ဆိပ်ကမ်းမြို့နယ်၊ (ဗိုလ်မှူးကြီး ဦးဗုန်းဇော်ဟန်-၁၃/လရန (နိုင်) ၀၇၇၇၀၄ )အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဗိုလ်မှူးကြီး ဦးဗုန်းဇော်ဟန် မှ မြေချပါမစ် ပျောက်ဆုံးကြောင်း၊ ရပ်ကွက် အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်(၆၀)မြေငှားစာချုပ်ဂရန် လျှောက်ထားလာရာ တရားဝင်ရှိစ်လုံသောအထောက်အထားများ ဖြင့်(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်းအသိပေး ကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

**နန်းဦးလှိုင် အင်းတော်ကြီး ရွှေမဉ္ဇူ။**

- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ကမီ၊ စက်ခဲ(၆)ရက်-ဆက်၍-ဖြိတ်(ဘိတ်)ပါ(၈)ရက်
- အင်းတော်ကြီးရွှေမဉ္ဇူ၊ မြစ်ကြီးနား၊ မေခ-မေလိခမြစ်ဆုံ၊ ရွှေဘို (၇)ရက်- မိုးကုတ်၊ မန္တလေးပါ (၁၀)ရက်
- ရွှေစက်တော်၊ စက္ကိန်းတဲ၊ နဂါးပွက်၊ ကျောင်းတော်ရာ၊ မကွေးမြသလွန်၊ ပြည်(၃)ရက် သကြၤန်ခရီးစဉ်များ ကြိုတင်ရောင်းပြီ
- ရွှေစက်တော်၊ ပုဂံဘုရားစုံဖူး ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူသီဟိုဠ်ရှင် (၅)ရက်
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ၊ မွေတော်ကက္ကူ(၈)ရက်
- ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ (၈)ရက်
- တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ၊ မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်၊ အလောင်းတော်ကဿပ (၈)ရက်
- ရွှေစက်တော်၊ အလောင်းတော်ကဿပ(၅)ရက် • အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာဘုရားစုံ (၃)ရက်
- တောင်ကြီး၊ အင်းလေး၊ ထမ့်စမ်းဂူ(၄)ရက်-ကယားပြည် လွိုင်ကော် ပါ (၆)ရက် ☎ 01-391577

အမှတ်(၄၂)၊ လမ်းမတော်လမ်း၊ မြို့မဈေးအနောက်၊ သန်လျင်မြို့နယ်။ 09-5122961
အမှတ်(၂၅၁)၊ ပန်းဆိုးတန်းလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်။ 09-254340569
အမှတ်(၁၇)၊ ကျိုက္ကစံလမ်း၊ ကျောက်မြောင်းဈေး၊ တာမွေမြို့နယ်။ 09-254821597

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာနက ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါလုပ်ငန်း(၅)ခုဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါများဖိတ်ခေါ်အပ်ပါသည်-

(က) အမျိုးသားပြတိုက်(နေပြည်တော်)တည်ဆောက်ခြင်း
(ခ) ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်းတွင် ဓာတ်ခွဲခန်းတည်ဆောက်ခြင်း
(ဂ) မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊ မန္တလေးနန်းတော်ပြုပြင် မွမ်းမံထိန်းသိမ်းခြင်း
(ဃ) မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ ပခန်းငယ်ကျောင်းပုံစံတူပြုလုပ်ခြင်းနှင့် ထိန်းသိမ်းခြင်း
(င) မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့တွင် ပရိုင်းမိတ်ပြတိုက်တည်ဆောက်ခြင်း

၂။ လုပ်ငန်းများနှင့်ပတ်သက်၍ အိတ်ဖွင့်တင်ဒါပုံစံများအား ၂၆-၃-၂၀၁၅ရက်မှ ၂၇-၄-၂၀၁၅ရက်ထိ ဦးစီးဌာနရုံးချုပ်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး ၂၈-၄-၂၀၁၅ရက် မွန်းလွဲ ၁း၀၀နာရီတွင် အမျိုးသားပြတိုက် (နေပြည်တော်)တည်ဆောက်ရေးလုပ်ငန်းရုံးတွင် အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အခြားသိရှိလိုသည်များအတွက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော် (ဖုန်းနံပါတ်-၀၆၇-၄၀၈၀၂၇)နှင့် အမျိုးသားပြတိုက်(နေပြည်တော်) ဖုန်းနံပါတ်-၀၆၇-၄၁၈၄၃၂တို့ထံ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့၊ ယဉ်ကျေးမှုဝန်ကြီးဌာန



# ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးတွင် ဖြတ်သန်းသွားလာမှုဘေးကင်းစေရန် Telematic စနစ် ကျင့်သုံးဆောင်ရွက်မည်

**နေပြည်တော် မတ် ၂၄**

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ကုန်စည်တင်ယာဉ်များ ဖြတ်သန်း သွားလာခွင့်ပြုခြင်းနှင့် ယာဉ်များတွင် Telematic စနစ် တပ်ဆင်ခြင်းများနှင့် ပတ်သက်၍ မီဒီယာများနှင့် တွေ့ဆုံခြင်းအခမ်းအနားကို ရန်ကုန်-မန္တလေးအမြန်လမ်း နေပြည်တော်တိုးဂိတ်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန အင်ဂျင်နီယာမှူးရုံး အစည်းအဝေးခန်းမ၌ မတ် ၁၉ ရက်က ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးရဲတပ်ဖွဲ့ ဒုတိယရဲမှူးကြီး စိုးမြင့်ဦးနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ မီဒီယာများ တက်ရောက်ခဲ့ကြသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ကုန်စည်တင်ယာဉ်များ မောင်းနှင်အသုံးပြုခွင့်ပေးပြီး အဆိုပါယာဉ်များကို စောင့်ကြည့်စစ်ဆေးထိန်းချုပ်နိုင်ရန် Telematic စနစ်ကို တပ်ဆင်ပြီးမှသာ လမ်းမကြီးကို အသုံးပြုခွင့်ရမည်ဖြစ်ကြောင်း သိရသည်။ ဟင်းသီးဟင်းရွက်၊ သားငါး၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းအစရှိသော အချိန်မီရောက်ရှိရန်လိုအပ်သည့် ကုန်စည်တင်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုရာတွင် ဝင်ရိုးသုံးချောင်းပါ ရှစ်ဘီးမှ ၁၀ ဘီးယာဉ်ဖြစ်ရမည်ဖြစ်ပြီး ယာဉ်ဝန် ၂၇ တန်ထက် ကျော်လွန်ခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ကုန်တင်ယာဉ်များအနေဖြင့် လမ်းဖြောင့်တွင် ၈၀ ကီလိုမီတာနှုန်း၊ လမ်းကွေ့တွင် ၆၀ ကီလိုမီတာနှုန်းထက် ကျော်လွန်မောင်းနှင်ခြင်းမပြုရန် သတ်မှတ်ထားပြီး သတ်မှတ်ယာဉ်ရပ်နားစခန်းတွင်သာ ရပ်နားရန် သတ်မှတ်ထားကြောင်း သိရသည်။

ထို့ပြင် အမြန်လမ်းမကြီးကို အသုံးပြုသော ကုန်တင်ယာဉ်များအနေဖြင့် မောင်းနှင်သွားလာနေစဉ် ထိန်းချုပ်သတိပေးနိုင်မည့် Telematic စနစ်များ တပ်ဆင်ရန်လိုအပ်မည်ဖြစ်ပြီး အဆိုပါစနစ်အား တပ်ဆင်အသုံးပြုသည့်အတွက် အရှိန်လွန်မောင်းနှင်ခြင်း၊ ကြမ်းတမ်းစွာမောင်းနှင်ခြင်း၊ မူးယစ်သောက်စားမောင်းနှင်ခြင်း၊ မောင်းနှင်နေစဉ်အိပ်ငိုက်ခြင်း အစရှိသည်တို့ကို ထိန်းချုပ်သတိပေးနိုင်မည်ဖြစ်သည့်အပြင် မော်တော်ယာဉ်ကြံ့ခိုင်ရေးအပါအဝင် အခြားသော အသုံးဝင်မည့် ဝန်ဆောင်မှုလုပ်ဆောင်ချက်များပါဝင်သည့်အတွက် ယာဉ်ပိုင်ရှင်နှင့် ယာဉ်မောင်းများအတွက်သာမက အမြန်လမ်းမကြီးပေါ်တွင် မောင်းနှင်သွားလာနေသော မော်တော်ယာဉ်များ လုံခြုံချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရေး အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်းဖြင့် အဆိုပါ Telematic စနစ်ဝန်ဆောင်မှုပေးသော B'smart ကုမ္ပဏီမှ စီအီးအိုဖြစ်သူ ဦးအောင်ညီညီမော်က ထုတ်ဖော်ပြောကြားခဲ့သည်။

အမြန် လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်များ လုံခြုံချောမွေ့စွာ ဖြတ်သန်းသွားလာနိုင်ရန်အတွက် လမ်းမကြီးနှင့် ဆက်စပ်သော ဌာနဆိုင်ရာများ တသီးတခြား လုပ်ဆောင်၍မရပါကြောင်း၊ ယာဉ်မောင်း၊ ယာဉ်ပိုင်ရှင်များလည်း ပူးပေါင်းပါဝင်လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ မတော်တဆဖြစ်ရပ်များ လျှော့ချနိုင်ရန်မှာ ယာဉ်မောင်း၊ ယာဉ်၊ လမ်း၊ ရာသီဥတု၊ အချိန်၊ နေရာစသည်တို့၏ မြေပြင်အခြေအနေများ၊ အချက်အလက်များ၊ ဖြစ်စဉ်များသိရှိမှသာ သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ ပံ့ပိုးကူညီလုပ်ဆောင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ရန်အတွက် မြေပြင်သတင်းအချက်အလက်များမှာ အရေးကြီးပါကြောင်း၊ ထို့ကြောင့် Telematic စနစ်ကို တပ်ဆင်အသုံးပြုစေခြင်းဖြစ်ကြောင်းနှင့် ထိုသို့အသုံးပြုစေရခြင်း၏ အဓိကရည်ရွယ်ချက်မှာ လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာကြသည့် ခရီးသွားပြည်သူများ၊ ကုန်စည်များ မြန်ဆန်ချောမွေ့လုံခြုံစွာ လိုရာခရီးသို့ အရောက်လှမ်းနိုင်ရေး၊ တစ်နည်းဆိုသော် Road Safety ဖြစ်ပါကြောင်းဖြင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသောင်းလွင်က ပြောကြားခဲ့သည်။

အဆိုပါ Telematic စနစ်မှာ လက်ရှိအနေအထားတွင် စမ်းသပ်ဆဲ(အခမဲ့)အဆင့်၌သာရှိနေသေးပြီး လာမည့် ဧပြီ ၁ ရက်တွင် ခရီးသည်တင်ယာဉ်ကြီးများနှင့် ကုန်တင်ယာဉ်များ မတပ်မနေရစနစ်ဖြင့် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း၊ ကိုယ်ပိုင်ယာဉ်အစရှိသော ယာဉ်ငယ်များအတွက်မူ ကနဦးစမ်းသပ်သည့်အဆင့် (Pilot Project)အနေအထားတွင်သာရှိနေသေးကြောင်း သိရသည်။ **(ရာမည၊ ကိုကိုနေ)**

# ချင်းပြည်နယ်အတွင်း ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီဒေသများတွင် နေထိုင်ကျက်စားသည့် ငှက်မျိုးစိတ်များအား သုတေသနပြုလေ့လာ

**နေပြည်တော် မတ် ၂၄**

မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေးလုပ်ငန်းကို အလေးထားဆောင်ရွက်လျက်ရှိရာ သဘာဝထိန်းသိမ်းရေးနယ်မြေများ တည်ထောင်ခြင်း၊ ဘေးမဲ့တောများ၊ အမျိုးသားဥယျာဉ်များ တည်ထောင်ခြင်း၊ သစ်တောဥပဒေ၊ နည်းဥပဒေ၊ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကာကွယ်ရေးနှင့် သဘာဝနယ်မြေများ ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်လျက်ရှိသည်။ ထိန်းသိမ်းရေးလုပ်ငန်းများ ထိရောက်အကျိုးရှိစေရန်အတွက် ဘေးမဲ့တောများအတွင်း ကင်းလှည့်စစ်ဆေးခြင်း၊ တိရစ္ဆာန်နှင့် အပင်စာရင်းကောက်ယူခြင်း၊ သုတေသနလုပ်ငန်းများဆောင်ရွက်ခြင်းစသည်တို့ကိုလည်း စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (Wildlife Conservation Society-WCS)၊ စင်ကာပူအမျိုးသားတက္ကသိုလ်တို့နှင့်ပူးပေါင်း၍ ချင်းပြည်နယ်အတွင်းရှိ ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီဒေသများတွင် နေထိုင်ကျက်စားသည့် ငှက်မျိုးစိတ်များအား သုတေသနပြုလုပ်ခြင်း လုပ်ငန်းများကို ဖေဖော်ဝါရီလ ၂၇ ရက်အထိ ကွင်းဆင်းလေ့လာဆောင်ရွက်ခဲ့ကြပါသည်။



သုတေသနအဖွဲ့သည် ပုဂံနှင့်ကန်ပက်လက်မြို့ အကြားတွင် ကျေးငှက်အုပ်စု (Parakeet)၊ ငှက်ပန်းထိမ်အုပ်စု(Barbet)နှင့် သာလိကာ(Hill Myna) တို့အား အများဆုံး တွေ့ရှိခဲ့ပြီး ဆောနှင့်ကန်ပက်လက်အကြားရှိ တောခြောက်များတွင် အောက်ချင်းနှင့် ထပ်တယူငှက်မျိုးစိတ်များကို တွေ့ရှိခဲ့သည်။ ထို့အပြင် ကန်ပက်လက်၊ မင်းတပ်နှင့် မတူပီဒေသများတွင် အအေးပိုင်းငှက်မျိုးစိတ်များကိုလည်း တွေ့ရှိခဲ့သည်။ မတူပီမြို့ရှိ ဘုံတလာရေတံခွန်တွင် ပျံလွှားမျိုးစိတ် နှစ်မျိုးရှိသည့်အနက် ရှားပါးမျိုးစိတ်ဖြစ်သည့် Dark-rumped Swift Apus acuticauda အား ကောင်ရေ ရှစ်ကောင်အထိ တွေ့ရှိခဲ့သည်။ ဝိတိုရိယတောင်ထိပ်သွားလမ်းတွင် ဒေသရင်း မျိုးစိတ်ဖြစ်သည့် မျက်ခုံးဖြူငှက်ပြာခြောက် နှစ်ကောင်ကိုလည်းတွေ့ရှိခဲ့သည်။ ထို့အပြင် အပူပိုင်းဇုန်တွင်သာ တွေ့ရှိနိုင်သည့် ရှားပါးငှက်မျိုးစိတ်များဖြစ်သည့် မျက်ကွင်းအဝါရောင်ပါရှိသော ဂျိုးနီပု(Collar Dove)၊ သိမ်းနက်နှင့် တောင်ပေါ်ဒေသများတွင် ရှင်သန်ကျက်စားသည့် သိမ်းငှက်မျိုးစိတ်တို့ကိုပါ ထူးခြားစွာမှတ်တမ်းတင်နိုင်ခဲ့ပါသည်။ သုတေသနအဖွဲ့ သည်လေ့လာရေးခရီးစဉ်တစ်လျှောက် ငှက်မျိုးစိတ် ၂၅၁ မျိုးအား တွေ့ရှိမှတ်တမ်းတင်နိုင်ခဲ့ပြီး ငှက်ကောင်ရေ ၅၉ မျိုး၏ သွေးစနမူနာများကို ရယူနိုင်ခဲ့သည်။

မြန်မာနိုင်ငံတွင် ငှက်မျိုးစိတ်ပေါင်း ၁၀၅၆ မျိုးအား မှတ်တမ်းတင်ထားနိုင်ပြီး အရှေ့တောင်အာရှဒေသရှိ ငှက်မျိုးစိတ်(၂၉၀၀) ၏ (၃၆ ဒသမ ၄) ရာခိုင်နှုန်းနှင့် ကမ္ဘာ့ငှက်မျိုးစိတ် ၉၆၀၀ ၏ ၁၁ ရာခိုင်နှုန်းခန့်ရှိပြီး အရှေ့တောင်အာရှဒေသတွင် ငှက်မျိုးစိတ်အများဆုံး ပိုင်ဆိုင်သောနိုင်ငံတစ်ခုဖြစ်သည်။

ယခုသွားရောက်သုတေသနပြု လေ့လာခဲ့သည့် ဒေသများသည် ငှက်မျိုးစိတ်ပေါင်းများစွာအတွက် ထူးခြားသော နေရင်းဒေသများဖြစ်ပြီး ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အကြားရှိ ဂေဟစနစ်မတူညီသည့် နေရင်းဒေသများတွင် နေထိုင်ကျက်စားသည့် ငှက်မျိုးစိတ်များ၏ မျိုးရိုးဗီဇရောယှက်မှုအခြေအနေများ ရှိ မရှိအား သွေးစနမူနာများမှတစ်ဆင့် (DNA) နည်းဖြင့် ဆန်းစစ်လေ့လာဖော်ထုတ်သွားနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ပြည်ကြီးမဏ္ဍိုင် ခိုင်မာဖို့ အခွန်တာဝန် ကျေပွန်စို့


**ရွှေပလ္လင် ဆိုင်သစ်**

ဂမုန်းပွင့်ကုန်တိုက် (ဘိုကလေးဈေးလမ်း)တွင် မကြာမီ ဖွင့်လှစ်ပါမည်။

ရွှေပလ္လင် လက်ဖက်ရည် အရမ်းကောင်းဆိုပဲ!

တွေ့ကြရအောင် ရွှေပလ္လင် မှာ...

ပြုံးရွှင် တက်ကြွသော ဝန်ထမ်းကောင်းများစွာ လိုအပ်ပါသည်

အသေးစိတ် ဆက်သွယ်ရန် Ph:01-538736


**မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း**
**အသင်းပိုင်အဆောက်အဦးအသစ်ဖွင့်ပွဲ အခမ်းအနားဖိတ်ကြားခြင်း**

မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်းပိုင် အဆောက်အဦးအသစ်ဖွင့်ပွဲအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် ရေကြောင်းအင်ဂျင်နီယာများနှင့် ရေကြောင်း လျှပ်စစ်အင်ဂျင်နီယာများအားလုံး တက်ရောက်ပေးပါရန် လေးစားစွာ ဖိတ်ကြား အပ်ပါသည်။

| | | |
|---|---|---|
| နေ့ရက် | ။ ။ | ၂၇-၃-၂၀၁၅ (သောကြာနေ့) |
| အချိန် | ။ ။ | နံနက် (၉)နာရီတိတိ<br>( နံနက် ၈း၃၀ နာရီအရောက်နေရာယူပေးကြပါရန်) |
| နေရာ | ။ ။ | မြန်မာနိုင်ငံရေကြောင်း အင်ဂျင်နီယာအသင်း<br>အမှတ်-၂၆/၂၇၊ လယ်ယာ(၃)လမ်း၊<br>(၁၀)မြောက်ရပ်ကွက်၊ သာကေတမြို့နယ်။<br>(တိုင်းရင်းသားကျေးရွာ ဘေးကပ်လျက်) |

အလုပ်အမှုဆောင်အဖွဲ့
မြန်မာနိုင်ငံရေကြောင်းအင်ဂျင်နီယာအသင်း

တစ်သက်တစ်ခါ ကြုံတောင့်ကြုံခဲ ဖြစ်ပါသဖြင့် ရေကြောင်းအင်ဂျင်နီယာများ၊ ရေကြောင်း လျှပ်စစ်အင်ဂျင်နီယာများ အားလုံး တစ်ခဲနက်ပါဝင် တက်ရောက်ပေးကြပါရန် လေးစားစွာ နှိုးဆော်အပ်ပါသည်။

(သီးခြားဖိတ်စာမပို့ပါ)

နိုင်ငံတကာ

# ဂျာမန်ဝင်းစ်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် ပျက်ကျ

**ပါရီ မတ် ၂၄**

ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် မတ် ၂၄ ရက်က ခရီးသည်တင်လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ လေယာဉ်ပေါ် လိုက်ပါလာသူ လူ ၁၄၈ ဦးစလုံးသေဆုံးဖွယ်ရှိကြောင်း ယနေ့ ရိုက်တာသတင်းတွင် ဖော်ပြသည်။

ယင်းလေယာဉ်မှာ ဂျာမန်လုဖ်သန်စာ လေကြောင်းလိုင်းကပိုင်ဆိုင်သော ဂျာမန်ဝင်းစ် လေကြောင်းဌာနပိုင် လေယာဉ်တစ်စင်းဖြစ်သည်။ အဲဘတ်စ် အေ-၃၂၀ အမျိုးအစား ယင်းလေယာဉ်သည် ပြင်သစ်နိုင်ငံတောင်ပိုင်း အဲလ်ပ်တောင်တန်းဒေသရှိ ဘာစီလွန်နက်နှင့် ဒစ်ဂနီမြို့ အကြားတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ဂျာမန်ဝင်းစ် လေကြောင်းဌာနမှာ လေယာဉ်လက်မှတ် စျေးနှုန်းချိုသာစွာဖြင့် ဝန်ဆောင်ပေးနေသည့် လေကြောင်းဌာနဖြစ်သည်။

ယင်းလေယာဉ်ပျက်ကျမှုတွင် အသက်ရှင်ကျန်ရစ်သူရှိဖွယ်မရှိကြောင်း ပြင်သစ်သမ္မတ ဖရန်ဆွာဟော်လန်က ပြောကြားသည်။

လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို မိမိတို့ ယခုအချိန်ထိ မသိရှိရသေးကြောင်း ပြင်သစ်ဝန်ကြီးချုပ် မန်ချူရယ်လ်ဗဲလ်စ်က သတင်းထောက်များကို ပြောကြားသည်။

ပျက်ကျသွားသော လေယာဉ်၏ အပျက်အစီးအပိုင်းအစများကို ယင်းဒေသအတွင်းရှိ ကျေးရွာတစ်ရွာအနီး၌ တွေ့ရှိရကြောင်း ပြင်သစ်ပြည်ထဲရေးဝန်ကြီးဌာနကပြောကြားသည်။

အဆိုပါလေယာဉ်တွင် ခရီးသည် ၁၄၂ ဦး၊ လေယာဉ်မှူးနှစ်ဦးနှင့် လေယာဉ်အမှုထမ်းလေးဦးတို့ လိုက်ပါလာခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

**ရိုက်တာ။**






# ကာကွယ်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရန် ဂျပန်နှင့်အင်ဒိုနီးရှား သဘောတူလက်မှတ်ရေးထိုး

**တိုကျို မတ် ၂၄**

အင်ဒိုနီးရှားသမ္မတ ဂျိုကိုဝီဒိုဒိုသည် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖိတ်ခေါ်ရန်နှင့် ကာကွယ်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန် ဂျပန်နှင့်တရုတ်နိုင်ငံများသို့ ရက်သတ္တတစ်ပတ်ကြာ အလည်အပတ်ခရီးသွားရောက်ရန် စီစဉ်ထားသည်။

ဂျိုကိုဝီဒိုဒိုသည် ဂျပန်နိုင်ငံသို့ မတ် ၂၂ ရက်တွင် ရောက်ရှိခဲ့ပြီး ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် ကာကွယ်ရေးကဏ္ဍပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

"အင်ဒိုနီးရှားနိုင်ငံရဲ့ လျှပ်စစ်စွမ်းအင်စက်ရုံတွေ၊ ရထားလမ်းတွေနဲ့အဝေးပြေးလမ်းမတွေကို အဆင့်မြှင့်တင်ချင်တယ်။ ဂျပန်ဝန်ကြီးချုပ်အနေနဲ့ အခြေခံအဆောက်အအုံတွေကို အဆင့်မြှင့်တင်တဲ့နေရာမှာ ပူးပေါင်းဆောင်ရွက်ဖို့ စိတ်ပါဝင်စားမှုရှိတယ်လို့ ယုံကြည်ပါတယ်"ဟု အင်ဒိုနီးရှားသမ္မတက အင်န်အိတ်ချ်ကေသတင်းဌာန ရုပ်သံလိုင်းတစ်ခုတွင် ပြောကြားခဲ့သည်။

ဂျပန်နိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့်တွေ့ဆုံဆွေးနွေးမည့်အပြင် ဂျပန်စီးပွားရေးလုပ်ငန်းရှင်များနှင့်ပါ တွေ့ဆုံလိမ့်မည်ဖြစ်သည်။ ထို့ပြင် ဂျပန်ဘုရင် အာကီဟီတိုနှင့်လည်း တွေ့ဆုံမည်ဖြစ်သည်။

သမ္မတဝီဒိုဒိုက အင်ဒိုနီးရှားနိုင်ငံ၏စီးပွားရေးအခြေအနေကို ပိုမိုတိုးတက်မှုရှိအောင်လုပ်ဆောင်ရန် ကတိပြုထားသည်။ ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းသစ်များရရှိရန်လည်း ကြိုးပမ်းလျက်ရှိသည်။

မတ် ၂၆ ရက်နှင့် ၂၇ ရက်တို့တွင် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံမည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်း ရင်းနှီးမြှုပ်နှံမှုကိစ္စရပ်များကို ဆွေးနွေးမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံရေးနှင့် စီးပွားရေးခေါင်းဆောင်များ တက်ရောက်သည့် 'ဘိုအော' အာရှဖိုရမ်သို့ တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**အေအက်ဖ်ပီ။**

# ယီမင်လေတပ်စခန်းမှ အမေရိကန်တပ်ဖွဲ့များ ရုပ်သိမ်း

**ဝါရှင်တန် မတ် ၂၄**

အမေရိကန် ပြည်ထောင်စုသည် ယီမင်နိုင်ငံ၌ ကျန်ရှိနေသော စစ်ဘက်ဝန်ထမ်းများကို လုံခြုံရေးအခြေအနေ ဆိုးရွားလာသဖြင့် ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း အမေရိကန်တာဝန်ရှိသူများက ယနေ့ အတည်ပြုပြောကြားသည်။

သောကြာနေ့တွင် အယ်လ်ခိုင်ဒါ တိုက်ခိုက်ရေးသမားများ၏ ဝင်ရောက်စီးနင်းခြင်းခံရသော နိုင်ငံတောင်ပိုင်းမြို့အနီးရှိ လေတပ်အခြေစိုက်စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀ ခန့် ထွက်ခွာသွားခဲ့ကြောင်း ယီမင်တာဝန်ရှိသူများက စနေနေ့တွင် ပြောကြားသည်။

ယီမင်နိုင်ငံတွင် ဟူသီသူပုန်များ၊ အယ်လ်ခိုင်ဒါများနှင့် အိုင်အက်စ်တို့ပါဝင်သည့် ပြိုင်ဘက်လက်နက်ကိုင်အုပ်စုများ၏ အကြမ်းဖက်တိုက်ခိုက်မှုများမှာ ပိုမိုများပြားလာလျက်ရှိသည်။

ယီမင်သမ္မတ အက်ဒရာဘတ်ချ်မန်ဆိုအာဟာဒီ၏ မေတ္တာရပ်ခံမှုကြောင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် ယီမင်အရေးပေါ် ဆွေးနွေးပွဲကို တနင်္ဂနွေနေ့တွင် ကျင်းပခဲ့သည်။

မြို့တော်ဆာနားကို ဟူသီသူပုန်များက ထိန်းချုပ်လိုက်ပြီးနောက် သမ္မတဟာဒီသည် တောင်ပိုင်းမြို့ အေဒင်သို့ ထွက်ပြေးခဲ့သည်။

အယ်လ်ခိုင်ဒါတိုက်ခိုက်ရေးသမားများသည် အဲလ်ဟော့တာမြို့ကို တိုက်ခိုက်ပြီးနောက် ယင်းမြို့အနီးရှိ အဲလ်-အနက် လေတပ်အခြေစိုက်စစ်စခန်းမှ အမေရိကန်တပ်ဖွဲ့ဝင်များ ထွက်ခွာခဲ့ခြင်းဖြစ်သည်။ ၎င်းစစ်သွေးကြွများကို ယီမင်လက်နက်ကိုင်တပ်ဖွဲ့က မောင်းထုတ်ခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။

အဆိုပါစစ်စခန်း၌ အထူးတပ်ဖွဲ့ဝင်များအပါအဝင် အမေရိကန်စစ်ဘက်ဝန်ထမ်းများသည် အယ်လ်ခိုင်ဒါတို့အား တိုက်ခိုက်လျက်ရှိသော ယီမင်တပ်ဖွဲ့များကို စစ်ရေးလေ့ကျင့်ပေးလျက်ရှိသည်။ ဟူသီသူပုန်များက မြို့တော်ကိုသိမ်းယူပြီးနောက် ဖေဖော်ဝါရီလတွင် အမေရိကန်ပြည်ထောင်စုက ဆာနားမြို့ရှိ ၎င်း၏ သံရုံးကိုပိတ်ခဲ့သည်။

**ဘီဘီစီ။**

# အမေရိကန်နှင့်အီရန်နျူကလီးယားဆွေးနွေးပွဲ အစ္စရေး သူလျှိုလုပ်သည်ဟု သတင်းပေါ်ထွက်

**ဝါရှင်တန် မတ် ၂၄**

အမေရိကန်သမ္မတ ဘာရက်အိုဘားမား၏ အစိုးရအဖွဲ့နှင့် အီရန်နိုင်ငံအကြား နျူကလီးယား ဆွေးနွေးပွဲပြုလုပ်ရာတွင် အစ္စရေးနိုင်ငံက သူလျှိုပြုလုပ်ခဲ့ကြောင်း ဝေါစထရိဂျာနယ်က ရေးသားဖော်ပြသည်။

နျူကလီးယား ဆွေးနွေးပွဲကို အစ္စရေးက သူလျှိုပြုလုပ်ခဲ့ပြီး ရရှိသောသတင်းအချက်အလက်များကို အမေရိကန်အမတ်များသို့ တိတ်တဆိတ် ပေးအပ်ခဲ့ကြောင်း၊ အမေရိကန်အစိုးရနှင့် အီရန်နိုင်ငံအကြား နျူကလီးယား လက်နက်ဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရရှိမှုပျက်ပြားစေရေးအတွက် အမေရိကန်အမတ်များကို စည်းရုံးသိမ်းသွင်းရန် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ရည်ရွယ်ပုံရကြောင်း ဂျာနယ်တွင် ရေးသားဖော်ပြသည်။

နျူကလီးယား ဆွေးနွေးပွဲဆိုင်ရာ အမေရိကန်အစိုးရအဖွဲ့၏ လျှို့ဝှက်ချက်များကို ခိုးယူရန် လုပ်ဆောင်မှုသည် မိမိတို့ အစိုးရအဖွဲ့၏ သံတမန်ရေးလှုပ်ရှားမှုကို ပျက်ပြားစေရန် ဆောင်ရွက်ချက်ဖြစ်ကြောင်း အိမ်ဖြူတော် အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

သို့ရာတွင် အဆိုပါ စွပ်စွဲချက်နှင့် ပတ်သက်၍ လုံးဝမှန်ကန်မှုမရှိဟု အစ္စရေးဝန်ကြီးချုပ်ရုံးမှ အထက်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမေရိကန်ပြည်ထောင်စု သို့မဟုတ် အစ္စရေးနိုင်ငံ၏ အခြားသော မဟာမိတ်နိုင်ငံများအား မိမိတို့က သူလျှိုလုပ်ခြင်းမရှိကြောင်း၊ အမေရိကန်နှင့် အစ္စရေးအကြား ဆက်ဆံရေးထိခိုက်စေရန်နှင့် နှစ်နိုင်ငံရှိ လုံခြုံရေးနှင့် ထောက်လှမ်းရေးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုများကိုပျက်ပြားစေရန် ယင်းစွပ်စွဲချက်များက ရည်ရွယ်ကြောင်း အစ္စရေးတာဝန်ရှိသူက ပြောကြားသည်။

**ပီတီအိုင်။**

# ဖော့ကလန်ကျွန်းစု လုံခြုံရေးအတွက် အစီအစဉ်များ တိုးမြှင့်မည်ဟု ဗြိတိန်ပြောကြား

**လန်ဒန် မတ် ၂၄**

ပိုင်နက်နယ်မြေ အငြင်းပွားလျက်ရှိသော ဖော့ကလန်ကျွန်းစု လုံခြုံရေးအတွက် အစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီး မိုက်ကယ်ဖယ်လွန်က မတ် ၂၄ ရက်တွင် ပြောကြားသည်။

ဗြိတိန်ကာကွယ်ရေးဝန်ကြီး၏ ပြောကြားချက်ကြောင့် အာဂျင်တီးနားနိုင်ငံမှာ စိတ်ကသိကအောက်ဖြစ်ဖွယ်ရာရှိသည်။ အာဂျင်တီးနားနိုင်ငံသည် ဖော့ကလန်ကျွန်းစုကို ပိုင်ဆိုင်သည်ဟု ယခုထက်တိုင်အောင် အခိုင်အမာ ပြောကြားနေဆဲဖြစ်သည်။

ဖော့ကလန် ကျွန်းစုပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ဗြိတိန်နှင့် အာဂျင်တီးနားနိုင်ငံတို့အကြား တင်းမာမှုများ ဖြစ်ပေါ်လာခဲ့မှုမှာ နှစ်ပေါင်း ၃၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည်။ အတ္တလန္တိတ်သမုဒ္ဒရာ အနောက်တောင်ပိုင်းရှိ ယင်းကျွန်းစုသည် ဗြိတိန်နိုင်ငံ၏ ပင်လယ်ရပ်ခြား ပိုင်နက်နယ်မြေတစ်ခုအဖြစ် တည်ရှိခဲ့သည်။ ဖော့ကလန်ကျွန်းစု ပိုင်ဆိုင်မှုနှင့် ပတ်သက်၍ ၁၉၈၂ ခုနှစ်တွင် နှစ်နိုင်ငံ စစ်ပွဲဖြစ်ပွားခဲ့ရာ အာဂျင်တီးနားနိုင်ငံသား ၆၀၀ ကျော်နှင့် ဗြိတိသျှစစ်သည် ၂၅၅ ဦးတို့ သေဆုံးခဲ့ကြရသည်။

**ရိုက်တာ။**



## ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြု

**နေပြည်တော် မတ် ၂၄**

ပြည်ထောင်စုလွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၃၂)ရက်မြောက်နေ့ကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ပူးပေါင်းကော်မတီ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဖွဲ့အစည်းဝင်များက တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြုခဲ့သည်။

ယင်းဥပဒေကြမ်းတစ်ရပ်လုံးကို အတည်ပြုနိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က အဆိုတင်သွင်းရာ လွှတ်တော်က အတည်ပြုခဲ့သည်။

ထို့ပြင် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသည့် ဥပဒေဘာသာပြန်ကော်မရှင် ဥပဒေကြမ်းနှင့် မြန်မာနိုင်ငံ ဆေးကောင်စီဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီ အလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူခဲ့သည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၃၂)ရက်မြောက်နေ့ ကျင်းပစဉ်။**
(သတင်းစဉ်)



## ပြည်သူ့လွှတ်တော်အစည်းအဝေး

# ကလေးဝမြို့နယ်တွင် ပြည်သူများလွတ်လပ်ရေး အနှစ်သာရရှိစေရေးနှင့် အပန်းဖြေစေနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိပြီးဖြစ်

**နေပြည်တော် မတ် ၂၄**

ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၂) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

အစည်းအဝေးတွင် ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း၏ **ကလေးဝမြို့နယ်တွင် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ သမိုင်းမှတ်တိုင်ဖြစ်သော လွတ်လပ်ရေးကျောက်တိုင်ကို တစ်နည်းအားဖြင့် ပထမအကြိမ်လွှတ်တော်အရပ်ရပ်၏ သမိုင်းကျောက်တိုင်အဖြစ် ၂၀၁၆ ခုနှစ် လွတ်လပ်ရေးနေ့မတိုင်မီ စိုက်ထူပေးရန်အစီအစဉ်ရှိ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်းက စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ်၏စီမံမှုဖြင့် ကလေးဝမြို့နယ် စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ပြည်သူများလွတ်လပ်ရေး အနှစ်သာရရှိစေရေးနှင့် အပန်းဖြေစေနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိပြီးဖြစ်ပါကြောင်း။

ကလေးဝမြို့နယ် လွတ်လပ်ရေးကျောက်တိုင်နှင့်ပန်းခြံကို မြို့အထွက် မြစ်သာတံတားအဆင်းရှိ မြေကွက် (၀ ဒသမ ၀၆၄)ဧကရှိ မြေလွတ်နေရာပေါ်တွင် မြေလွှဲပြောင်းနိုင်ရေး ဆောင်ရွက်ပြီးဖြစ်သည့်အတွက် ရန်ပုံငွေရရှိမှုအပေါ် မူတည်ပြီး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဦးညီညီမြင့်၏ **အုတ်တွင်းမြို့နယ်နှင့် ထန်းတပင်မြို့နယ်သို့ ဆက်သွယ်ထားသော စစ်တောင်းမြစ်ကူးတံတား တည်ဆောက်ပေးရန် အစီအစဉ်ရှိ မရှိ**မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက အုတ်တွင်း-ထန်းတပင် ဆက်သွယ်မည့်မြစ်ကူးတံတား တည်ဆောက်ရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ ၂၀၁၄-၂၀၁၅ ခုနှစ် ဘဏ္ဍာရေးနှစ်ရန်ပုံငွေတွင် ခွင့်ပြုထားခြင်းမရှိပါကြောင်း၊ အဆိုပါတံတား



သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သိမ်း



ကလေးဝမဲဆန္ဒနယ်မှ ဦးစိုးသိမ်း

တည်ဆောက်မည်ဆိုပါက အသေးစိတ်ကွင်းဆင်းပြီး မြေပြင်ကွင်းဆင်း တိုင်းတာခြင်း၊ နည်းပညာကျွမ်းကျင်သည့် အင်ဂျင်နီယာများမှ တံတားဒီဇိုင်း ရေးဆွဲတွက်ချက်ခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ပြီး တံတားသည် ပေ ၆၅၀ ကျော်သည့်အတွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသို့ ညှိနှိုင်းဆောင်ရွက်ရမည် ဖြစ်သဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိသေးပါကြောင်းဖြင့် ပြန်လည်ဖြေကြားခဲ့သည်။

လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်၏ **နိုင်ငံတော်၏လွှတ်တော်အဆင့်ဆင့်ရှိ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်တင်မြှောက်ရာ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကြီးကြပ်မှုဖြင့် တာဝန်ယူဆောင်ရွက်ပေးလျက်ရှိကြသော ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အများယုံကြည်လေးစားခံရသော ပုဂ္ဂိုလ်များအဖြစ် တာဝန်ထမ်းဆောင်နေကြသူများအား နိုင်ငံတော်ဘဏ္ဍာမှ သင့်တင့်လျောက်ပတ်သည့် စရိတ်ချီးမြှင့်ငွေ ခံစားနိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေတွင် ပြင်ဆင်၊ ဖြည့်စွက်၊ ပြဋ္ဌာန်းပေးသင့်ကြောင်း** အဆိုကိုတင်သွင်းရာ လွှတ်တော်ကအတည်ပြုခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက တိုင်းဒေသကြီး၊ ပြည်နယ်အဆင့်မှ မြို့နယ်အဆင့် အဖွဲ့ခွဲဝင်များအား လစဉ်ထောက်ပံ့ကြေး လစာ(သို့မဟုတ်) ချီးမြှင့်ငွေခံစားခွင့်ပေးနိုင်ရန် စီမံဆောင်ရွက်ပါက ရပ်ကွက်၊ ကျေးရွာအုပ်စုအဖွဲ့ဝင်များနှင့် မဲရုံများတွင် တာဝန်ထမ်းဆောင်ရသော မဲရုံဝန်ထမ်းများကိုလည်း လက်ရှိခွင့်ပြုပေးထားသော ဆန္ဒမဲပေးခြင်းလုပ်ငန်း ကြီးကြပ်ရသောနေ့အတွက် ထောက်ပံ့ကြေးသာမက နိုင်ငံတကာရွေးကောက်ပွဲများနည်းတူ ကာလသတ်မှတ်၍ နေ့စဉ်ထောက်ပံ့ကြေးများ ခွင့်ပြုပေးသင့်ပါကြောင်း။

သို့သော်လည်း လက်ရှိတွင် အများယုံကြည်လေးစားခံရသော ပုဂ္ဂိုလ်များအတွက် စရိတ်ခံစားခွင့်အနေဖြင့် အမှန်တကယ်ကုန်ကျသော ခရီးသွားလာစရိတ်ကို ခရီးစရိတ်လက်စွဲနှင့်အညီ ခံစားခွင့်ပြုထားပါကြောင်း၊ အစည်းအဝေးရက်တွင် လက်ရှိနှုန်းထားမှ သင့်တင့်လျောက်ပတ်သော နှုန်းထားသို့ တိုးမြှင့်ခံစားနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့်ပူးပေါင်းပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းခဲ့သည်။ **(သတင်းစဉ်)**

## အမျိုးသားလွှတ်တော်အစည်းအဝေး

# အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

**နေပြည်တော် မတ် ၂၄**

အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၃၃)ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးရာတွင် **ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၀)မှ ဦးသိမ်းဆွေ**က ယခုဆွေးနွေးသည့် အမျိုးသားပညာရေးဥပဒေကြမ်းကို တစ်နိုင်ငံလုံးက စိတ်ဝင်တစားစောင့်ကြည့်လေ့လာလျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံ၏ အနာဂတ်ပညာရေးကို ပြင်ဆင်သည့် ဥပဒေလည်းဖြစ်သည့်အတွက် တိုင်းပြည်၏ ရေရှည်အကျိုးစီးပွားကိုလည်း စဉ်းစားကြရမည်ဖြစ်ပါကြောင်း၊ ရေးဆွဲလိုက်သည့် ဥပဒေသည် သင့်တော်မှု၊ ကောင်းမွန်မှု၊ လက်တွေ့ကျမှုများလိုအပ်ပါကြောင်း၊ ယင်းအချက်များပေါ်တွင် မူတည်ပြီး မိမိအနေဖြင့် ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၏ အမှတ်စဉ်(၈)၊ အပိုဒ်(၇)တွင် ပါဝင်သည့် အဆိုပြုပြဋ္ဌာန်းချက်တွင် လွတ်လပ်သောပညာရှင်များဟု ဆိုထားပါကြောင်း၊ ဥပဒေကြမ်းကော်မတီတွင် အမှီအခိုကင်းသည့် ပညာရှင်များဟုဆိုထားပါကြောင်း၊ မိမိအနေဖြင့် လုပ်ငန်းကျွမ်းကျင်ပညာရှင်များပါဝင်၍ဟု ပြင်ဆင်အဆိုပြုလိုပါကြောင်းဖြင့် ဆွေးနွေးသည်။

ထို့နောက် **ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ်**က ယခင်ပြဋ္ဌာန်းခဲ့သည့် အမျိုးသားပညာရေးဥပဒေကို မိမိအနေဖြင့် ထောက်ခံခဲ့ပါကြောင်း၊ ခေတ်မီမှု၊ ပွင့်လင်းမှု၊ ဒီမိုကရေစီဆန်မှုတွင် တံခါးတစ်ချပ်ဖွင့်ပေးခြင်းဖြစ်သည်ဟု ယူဆသည့်အတွက် ထောက်ခံခဲ့ခြင်းဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၊ ကျောင်းသားကော်မတီများက အဆိုပြုပြင်ဆင်ဆောင်ရွက်မှုများကိုလည်း ထောက်ခံပါကြောင်း၊ အခက်အခဲများနှင့်



ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးသိမ်းဆွေ

စိန်ခေါ်မှုများရှိနေမည် ဖြစ်ပါကြောင်း၊ သို့သော် အခက်အခဲ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ပါက အခြားနိုင်ငံများတွင် ပေါက်ရောက်ခဲ့သည့် ခရီးစဉ်ကို မိမိတို့နိုင်ငံက အချိန်တိုတိုဖြင့် ရောက်ရှိသွားမည်ဖြစ်သည့်အတွက် ထောက်ခံခြင်းဖြစ်ပါကြောင်း၊ သို့သော် ဥပဒေသည် ရှေ့နောက်ညီညွတ်မှု၊ ချောမွေ့မှုရှိရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

ဆက်လက်ပြီး **ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးမင်းဦး**က အမျိုးသားလွှတ်တော်က အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်တွင် ကောင်းမွန်ခြင်း၊ သင့်တော်ခြင်း၊ လက်တွေ့ကျခြင်း စသည့်အချက်များပေါ်တွင် မူတည်ပြီး အပြုသဘောဖြင့် အကြံပြုဆွေးနွေးသွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် မရှိမဖြစ်လိုအပ်ပြီး နိုင်ငံသားအားလုံးလိုလို စိတ်ဝင်စားနေသည့် အမျိုးသားပညာရေးသည် ကောင်းမွန်သောပညာရေးဖြစ်ရန် လိုအပ်ပါကြောင်း၊ သို့သော်လည်း မိမိတို့နိုင်ငံ၏ ရိုးရာ၊ ဓလေ့ထုံးစံ၊ ပထဝီအနေအထားနှင့် အခြေခံအဆောက်အအုံ စသည်တို့နှင့်လည်း ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ကောင်းမွန်သင့်တော်ပြီး လက်တွေ့ကျသည့် ပညာရေးဥပဒေတစ်ရပ်ဖြစ်စေရန် အထူးလိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၆)မှ ဦးခင်မောင်လတ်

ထို့နောက် **မွန်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၉)မှ ဦးစောအုန်း**က အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှ တစ်နိုင်ငံလုံးတွင်ရှိသည့် ပါတီအဖွဲ့အစည်းများ၊ ပညာရှင်များ၊ ကျောင်းသားများပါမကျန် တွေ့ဆုံကြားနာပြီး ဆောင်ရွက်ခဲ့ပါကြောင်း၊ မူနှင့်အခြေခံသဘောအရ ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံကို တိုးတက်ဖွံ့ဖြိုးစေရန် ပညာရေးစနစ်ကို ပြင်ဆင်ရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေး၊ လူမှုရေး၊ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးစံများနှင့် ချိန်ဆပြီး ဥပဒေကို ရေးဆွဲရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် လက်တွေ့တွင်လည်း ကျင့်သုံးနိုင်မည့် အနေအထားရှိရမည်ဖြစ်ပါကြောင်း၊ ဥပဒေတစ်ရပ်ကို ကျင့်သုံးနိုင်မှသာ နိုင်ငံအတွက် အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံ၏ နိုင်ငံသားများသည် အသက် (၃) နှစ်ကျော်ကတည်းက မူကြိုပညာရေးမှ စတင်ကာ ပညာရေးနယ်ပယ်သို့ စတင်ဝင်ရောက်ခဲ့ပါကြောင်း၊ သို့သော် ကလေးငယ်များအတွက် ဦးနှောက်ဖွံ့ဖြိုးသည့်အချိန်မှသာ သင်ကြားခြင်းသည် အကောင်းဆုံးဖြစ်ပါကြောင်း၊ သင်ကြားနေသည့် သင်ရိုးညွှန်းတမ်းများသည် နိုင်ငံအတွက်၊ ကလေးများအတွက် အကျိုးရှိမည့် သင်ရိုးညွှန်းတမ်းများဖြစ်ရန် လိုအပ်ပါကြောင်းဖြင့် ဆွေးနွေးသည်။

**(သတင်းစဉ်)**

ဆောင်းပါး

နှစ်(၇၀)ပြည့် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# သင်၏ နိုင်ငံ၊ ပိုင်းရုံခြားသီး၊ တပ်နှင့်ဆီးလော့

ဇေယျာသား(အောင်လံမြို့နယ်)



မြန်မာပြည်သူများအတွက် အရေးအကြီးဆုံးမှာ နိုင်ငံတော်၏ လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးသာလျှင် ဖြစ်သည်။ နိုင်ငံတော်လွတ်လပ်ရေး တည်တံ့ခိုင်မြဲရေးအတွက် မြန်မာပြည်သူတို့သည် ငြိမ်းချမ်းရေးကို မြတ်နိုးသူများဖြစ်စေကာမူ တိုင်းတစ်ပါး နယ်ချဲ့ဝါဒီ ကိုလိုနီလက်သစ်တို့၏ ရန်ကို ကာကွယ်ရန်အတွက် စစ်ရေးကို ပစ်ပယ်၍မရနိုင်ပါ။

လူ့သမိုင်းအစမှ ယနေ့အထိ စစ်ပွဲများ အတိဖြင့် ပြည့်နှက်နေသော ကမ္ဘာကြီးတွင် စစ်မြေပြင်အဖြစ် စဉ်ဆက်မပြတ် ဖြတ်သန်းနေကြကြောင်း တွေ့ရှိရမည်ဖြစ်၏။ စစ်ဟူသည် လူပေါ်ဦးစကပင် လူနှင့်အတူ ယှဉ်တွဲပေါ်ပေါက်လာသည်ဟု ဆိုပါက လွန်အံ့မထင်ပါ။ လူမှန်သမျှ အချစ်နှင့်မကင်းသလို တိုင်းနိုင်ငံမှန်လျှင်လည်း စစ်နှင့်မကင်းနိုင်ကြပေ။

တိုင်းနိုင်ငံ မပေါ်ခင်ကပင် အစုအဖွဲ့နှင့် နေထိုင်နေကြသည့် လူတို့သည် နေရာ၊ ဥစ္စာခေ၊ အစားအစာ လိုချင်တပ်မက်ဒေါသကြောင့် မောဟဖုံးလွှမ်းကာ စစ်၏အနိဋ္ဌာရုံများကို ဖြစ်ပေါ်စေသည်။ ဤသို့ တိုက်ခိုက်ရုန်းကန်ရင်း လူ့သမိုင်းလည်း တိုးတက်လာခဲ့ကြရသည်။ လူသည် အသက်ရှင်ရပ်တည်ရန်အတွက်လည်းကောင်း၊ နိုင်ငံအတွက်လည်းကောင်း စစ်ပွဲဆင်နွှဲနေကြသည်မှာ လူ့လောကဓမ္မတာ ထုံးစဉ်လာတစ်ရပ်ဖြစ်ပေါ်နေသည်ဟု ဆိုရပေသည်။

သို့ဖြစ်၍ အင်အားကြီးသူက အင်အားချည့်နဲ့သူကို ဖိနှိပ်၊ လက်နက်အားကိုးနှင့် ကျူးကျော်တိုက်ခိုက်သိမ်းပိုက် ဗိုလ်ကျစိုးမိုးရေးတို့ကို တားဆီးနိုင်ရေး၊ မိမိနိုင်ငံ အစော်ကားမခံရရေး၊ အနိုင်ကျင့်ခံရပြီး မဆုံးပါးရေးအတွက် နိုင်ငံ၏တပ်မတော်ကို တည်ထောင်ထားရမည်။ တပ်မတော်သာ အားကိုးဖွယ်ရာ ဖြစ်ပါ၏။

ထို့ကြောင့် မြန်မာစစ်ပါရဂူ ကုန်းဘောင်ခေတ် အမတ်ကြီးလက်ဝဲသုန္ဒရ၏ နန္ဒိသေနပျို့အပိုဒ်(၁၄)တွင်-

**"ဤသို့စေ့ရေ ဖြစ်သောထွေကြောင့်၊ မြေရေအတွင်း၊ သူကမင်းကို၊ မချင်းမဝင်၊ ပါစေချင်တည့်၊ သင်၏ နိုင်ငံ၊ ပိုင်းရုံခြားသီး၊ တပ်နှင့်ဆီးလော့. . ."**

ဟူ၍ ပြဆိုခဲ့ခြင်းဖြစ်သည်။

နိုင်ငံတော်ကာကွယ်စောင့်ရှောက်ရန်၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရန်၊ နိုင်ငံတော်မပြိုကွဲရန် မဏ္ဍိုင်(၃)ရပ်ကို တပ်မတော်အားနှင့် ကျားကန်ထားရန် ဖြစ်ပေသည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိသည် ဟူသည့် ဆောင်ပုဒ်က ကမ္ဘာ့သမိုင်းတွင် ကမ္ဘာတည်သရွေ့ ဆိုရိုးပြုရမည့် စကားဖြစ်ပါသည်။

တပ်မတော်ကြီးတစ်ရပ်သည် စစ်ပွဲဆင်နွှဲရာတွင် စစ်သည်မည်သို့ အသွင်ဆောင်သည်ဖြစ်စေ အမျိုးအစားများ အောက်ပါ နှစ်မျိုးသာရှိသည်။

(က) မတရားသောစစ်

(ခ) တရားသောစစ်

မတရားသောစစ်ဟူသည် ကိုလိုနီနယ်ချဲ့ ဖက်ဆစ်အင်အားကြီးနိုင်ငံက အင်အားချည့်နဲ့နိုင်ငံကို ကျူးကျော်စော်ကားခြင်း၊ နယ်မြေကို သိမ်းပိုက်၊ လူကို ကျွန်ပြု၊ သယံဇာတကို အနိုင်ထက်လုယူ၊ စာပေယဉ်ကျေးမှုများကို ဖျက်ဆီး၊ အမျိုးသမီးများကို အဓမ္မသိမ်းပိုက်၊ မူးယစ်ဆေးဝါးများ ရောင်းချ စသည့် မတရားသောစစ်၏ ယုတ်မာမှုများမှာ ရေး၍ကုန်နိုင်ဖွယ်မရှိပါ။

မတရားသောစစ်နှင့် ဆန့်ကျင်ဘက်သည် တရားသောစစ်ဖြစ်သည်။ မိမိတို့လွတ်လပ်ရေးကို ပြန်လည်ရရှိအောင် တိုက်ခိုက်ရသော အမျိုးသားလွတ်မြောက်ရေးစစ်၊ အချုပ်အခြာအာဏာနှင့် တိုင်းပြည်နယ်ပယ်ကို ထိပါးကျူးကျော်လာသဖြင့် ခုခံတွန်းလှန်သောစစ်၊ အာဏာရှင်ဖိနှိပ်ချုပ်ချယ်သွေးဖည်သူများအား ပြည်သူနှင့်အတူ လက်တွဲ၍ ပြည်သူ့နည်းဖြင့် ဆင်နွှဲတိုက်ရသောစစ်များ ဖြစ်ပါသည်။ တရားသောစစ်ကို ဆင်နွှဲသူသည် အမှန်တရားဘက်မှ ရပ်တည်နေလျက် မတရားမှုကို ပယ်ဖျက်သူများ ဖြစ်ပါ၏။

ယနေ့ မြန်မာ့တပ်မတော်သည် နယ်ချဲ့ဆန့်ကျင်ရေး၊ တိုင်းပြည်လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်ရန်အတွက် စတင်ပေါ်ပေါက်ခဲ့သည့် တပ်မတော်(ဘီအိုင်အေ)မှ သန္ဓေတည်ခဲ့သည်။

**"နှမလေးပျို၊ သူတို့မောင်မှာ၊**
**စစ်သံကြားလျှင်၊**
**နာဖျား ဥပါယ်ခိုကြတယ်၊**
**နှမလေး ပျိုတို့မောင်မှာ၊**
**စစ်သံကြားလျှင်၊**
**ရွှေဓားပိုက်ကာ၊ အိုးစားဖက်ကို၊ လိုက်လို့ငယ်ရှာသည်"**ဟူ၍ တောင်တွင်းရှင်ငြိမ်းမယ်(သက္ကရာဇ် ၁၁၀၀) ဖွဲ့ဆိုသည့် လင်္ကာအတိုင်း အယုတ်အလတ်အမြတ်မရွေး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် နိုင်ငံအဝှမ်း လူငယ်လူရွယ်မောင်မယ်တို့ မြန်မာ့တပ်မတော်သို့ ဝင်ခဲ့ကြသည်။

စစ်သည်တော်တို့သည် မြန်မာပီပီ ရဲစွမ်းသတ္တိအပြည့်နှင့်စစ်မြေပြင်သို့ ထွက်ခဲ့ကြသည်။

**ရန်သူညှိုးဖတ်၊ နှောင့်ယှက်ငြိတွယ်၊**
**အန္တရာယ်တည့်၊ အကယ်မျက်မြင်**
**စိုးစဉ်းထင်မူ၊ သေရှင်အရေး**
**နှစ်တွေးမရည်၊ စွန့်အံ့သည်ဟု**
**ဆောက်တည်သောလျောက်။**
**စွန့်ခွင့်ရောက်မူ၊ ရွံကြောက်မဲ့တွန်**
**နိုင်ငံဝန်း၌၊ ကုမ္ဘဏ်ယက္ခ၊**
**နာဂခြင်္သေ့၊ ရင်ဆိုင်တွေ့လည်း**
**ခွာ၍မတွန့် အသက်စွန့်လော့။**

ဟူ၍ ရှင်မဟာရဋ္ဌသာရဆရာတော်က ဂမ္ဘီသာရပျို့တွင် ပြဆိုသည့်အတိုင်း မြန်မာတို့သည် ရှေးနှစ်ပေါင်းများစွာမှ ယနေ့အထိ နိုင်ငံအတွက် သက်စွန့်ကြိုးပမ်း အမှုတော်ထမ်းကြသူများ ဖြစ်သည်။

မြန်မာ့တပ်မတော်သားတို့သည် အစဉ်တစိုက် ယနေ့ထက်တိုင် ရန်သူဟူသမျှ ကမ္ဘာပေါ်တွင် မည်သူ့ကိုမျှမကြောက် ချေမှုန်းစစ်ဆင်နွှဲသည့် သူများဖြစ်ကြောင်းကို လက်ဝဲသုန္ဒရအမတ်ကြီး၏ နန္ဒိသေနပျို့တွင်-

> ‘ အချည်းနှီးသက်သက် အသက်သေဆုံးမည်ထက် နိုင်ငံတော်အတွက် သားစဉ်မြေးဆက် ပြောထုံးဖြစ်အောင် တိုက်ခိုက်ရင်း အသက်စွန့်သွားသည့် တိုက်ပွဲဝင်မြန်မာ တပ်မတော်သားများကား ရဲသော်မသေ သေသော်ငရဲမလား နိုင်ငံ၏ သူရဲကောင်းမှတ်တမ်းဝင်များ မြန်မာ့သမိုင်းရာဇဝင် ရေးထိုးခဲ့သည့် သူရဲကောင်းများဖြစ် ’

**သူတို့မှတ်ရိုး၊ စစ်မက်ထိုးသော်၊**
**အားကြိုးတင်းတင်၊ လူချင်းချင်းကို၊**
**ဘယ်မင်းဘက်ပြိုင်၊ ဘယ်တပ်ဆိုင်အံ့၊**
**သူ့နိုင်ငံသား သံမှုန့်စားမှ၊ တို့ဓားတုံးမည်၊**
**မှတ်တော်တည်လော့။**

ပြဆိုသည့်အတိုင်း မြန်မာတို့ ရဲဝံ့စွန့်စားကြ၏။

ယနေ့ မြန်မာတို့၏ မျိုးချစ်စိတ်ဓာတ် အရင်းခံ သူရသတ္တိနှင့် ပြည့်စုံမှုရှိပြီးဖြစ်၍ စစ်မြေပြင်၌ အရောင်တင်ဖြည့်ဆည်းပေးရန်မှာ စစ်ပညာနှင့် စစ်လက်နက်ပစ္စည်းများသာဖြစ်သည်။

မြန်မာတို့၏စစ်ပညာသည် ဓားခေတ်၊ လှံခေတ်၊ လေးခေတ်၊ စစ်ပွဲခေတ်က မည့်ကြောင်း၊ အိမ်နီးချင်းနိုင်ငံများကပင် အေဒီ ၁၀၄၄ ပုဂံလက်နက်နိုင်ငံတော်ကြီးမှ အေဒီ ၁၁၇၆ ကုန်းဘောင်ရွှေပြည် ဆင်ဖြူရှင်မင်းတရားအထိ ခံ့ညားခဲ့ရသည်။ အမိမြန်မာနိုင်ငံ၏ တပ်မတော်သည် စစ်ပညာကျမ်း၊ စစ်သေနင်္ဂဗျူဟာကျမ်းများနှင့် ပြည့်စုံခဲ့သည်။ ကမ္ဘာပေါ်တွင် စစ်အတတ်ပညာကို လေ့လာကြရာ၌ ပါရဂူဆန်ဖူမှသည် ကလော့ဇဝိတ်၊ နပိုလီယံ၊ ရွှမ်းမဲလ်၊ ဝေဗလ်၊ မောင်ဂိုမာရီ မောင့်ဘက်တန်၊ မော်စီတုံးတို့၏ စစ်ပညာကျမ်းများကို ယှဉ်နိုင်သည့် မြန်မာ့စစ်ပညာကျမ်းသည် ရှေးမွန်မဆွကပင် ရှိခဲ့ပါ၏။

မြန်မာနှင့် ကမ္ဘာ လက်နက်ချင်းယှဉ်၍ စစ်ပညာအပြိုင်ရှက်လှင့်ခဲ့စဉ်က ကမ္ဘာ့ပထမဆုံးစစ်ပါရဂူ၊ သေနင်္ဂဗျူဟာ ကျမ်းများရေးဖွဲ့သည့် ကလော့ဇဝိတ်(ခရစ် ၁၇၈၀-မွေးဖွား)ထက်စော၍ ကုန်းဘောင်ရွှေပြည် လက်ဝဲသုန္ဒရအမတ်ကြီးသည် စစ်ဆင်စစ်တက် စစ်ပညာကျမ်းကြီးများကို ရေးသားခဲ့သည်။ နန္ဒိသေနပျို့ကို ကလော့ဇဝိတ် မမွေးခင်(ခရစ် ၁၇၆၆ မြန်မာသက္ကရာဇ် ၁၁၂၈)ခုနှစ်တွင် ရေးသားခဲ့ပြီး ကလော့ဇဝိတ် မတ်တတ်ပြေးစအရွယ်(ခရစ် ၁၇၈၅- မြန်မာသက္ကရာဇ် ၁၁၄၇)ခုနှစ်တွင် ဗျူဟာစက္ကိပျို့ စစ်ပညာကျမ်းကို ရေးသားခဲ့သည်။

ယင်းသေနင်္ဂဗျူဟာကျမ်းများသည် ခေတ်မီသော စစ်ပညာရပ်များဖြစ်ကြောင်း ဗိုလ်ချုပ်အောင်ဆန်းက "သေနင်္ဂဗျူဟာ စစ်ပညာ" ဆောင်းပါးဖြင့် ရေးသားဂုဏ်ပြုခဲ့သည်ကို ပင်ရင်းမြန်မာစကားပြေလက်ရွေးစင်စာအုပ်(ပညာရေးဌာန ကျောင်းသုံးစာအုပ် စာပေဗိမာန် ၁၉၇၄)မှ ကောက်နုတ်ဖော်ပြလိုပါသည်။

**(က) ကမ္ဘာစစ်ကြီးတွင် အသုံးပြုသည့် မြေကတုတ်(Trench)တိုက်ပွဲများကို မြန်မာက စခဲ့သည်မဟုတ်ပါလော။**

**(ခ) ဂဠုန်တောင်ကဲ့သို့ စစ်ထိုးခြင်းမျိုးမှာ ယခုတိုင် သုံးနေရသော (Encirclement Strategy, Enveloping Tactics) ရန်သူအား ပိုက်သိမ်း၍၊ ဝိုင်းဝန်း၍၊ ဘေးပန်း၍ တိုက်နည်းသည် ယနေ့တိုင် အသုံးပြုနေရဆဲဖြစ်သည်။**

**(ဂ) ဟစ်တလာသုံးသည့် ဂျာမန် (Infiltration Tatics)စစ်မက်ရာ ထိုးဖောက်တိုက်နည်းသည် ဥဿဘဗျူဟာစစ်ထိုးပုံနှင့် ဆင်၏။ ၎င်းပြင် ဘလစ်ဇကရိ (Blitzkrieg) လျှပ်စစ်ကဲ့သို့ လျင်မြန်စွာ စစ်ဆင်နည်းမှာ ဝါရိဝေဂဗျူဟာနှင့် သဘောဖြင့် ဆင်သည်--**ဟု ရေးသားခဲ့သည်ကို ကောက်နုတ်ဖော်ပြပါသည်။

စစ်ပညာကျမ်းများ၏ အနှစ်သာရကို သိရှိကြပြီးနောက် စစ်ရေးစစ်ရာတွင် ခေတ်မီသော လက်နက်၊ ယာဉ်၊ စစ်ရိက္ခာ၊ အုပ်ချုပ်ရေးစသည်တို့ဖြင့် ကမ္ဘာ့အဆင့်မီ ရပ်တည်နိုင်အောင် ကြိုးပမ်းကြရမည်။ ယုတ်စွအဆုံး ခေတ်မီ ကြည်းတပ်၊ လေတပ်၊ ရေတပ်ပြည့်စုံ၍ နျူကလီးယားအဏုမြူစွမ်းအားလက်နက်ကို ပိုင်ဆိုင်နေသည့် တပ်မတော်ကြီးဖြစ်သည်အထိ ကြိုးပမ်းကြရမည်ဖြစ်ပါသည်။ "တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်"ဆိုသည့် အဆိုအမိန့်ကို အလေးထားရမည်ဖြစ်သည်။

ဗိုလ်ချုပ်အောင်ဆန်းက **"ဗမာနိုင်ငံကဲ့သို့ လက်နက်စစ်အင်အား ချို့တဲ့နေ၍ လူဦးရေနည်းသော နိုင်ငံအဖို့မှာမူ စစ်ရေးကိစ္စတွင် ရှေ့တန်းစစ်သည်တော်တို့နှင့်သာ လွှဲအပ်မထားဘဲ နိုင်ငံသူ နိုင်ငံသားများအား ပါဝင်ဆောင်ရွက်နိုင်ရန် အသင့်ရှိသင့်ကြပေသည်"** ဟူ၍လည်း ဖော်ပြထားသည်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံ၏ အနာဂတ်လုပ်ဆောင်ရမည့် ဟောစာတမ်းဖြစ်သည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံတော်အတွက် တပ်မတော်သားများသည် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးတိုက်ပွဲ(၁၉၄၁ ဒီဇင်ဘာမှ ၁၉၄၂ မတ်လအထိ) ဖက်ဆစ်ဂျပန် တော်လှန်ရေးတိုက်ပွဲ(၁၉၄၅ မတ်လ ၂၇ ရက်မှ ဩဂုတ်လအထိ) ၁၉၄၉ ခုနှစ်ကုန် ကျူးကျော်လာသည့် ကူမင်တန်တရုတ်ဖြူတပ်များကို ၁၉၅၀ ပြည့်နှစ်မှ ၁၉၆၁ ခုနှစ်အထိ တွန်းလှန်တိုက်ထုတ်နိုင်ခဲ့၏။

တိုင်းပြည်နှင့်လူမျိုးအတွက် အသက်သွေးချွေး မြောက်မြားစွာ ပေးဆပ်ခဲ့ကြရ၏။ နိုင်ငံအတွက် အသက်စွန့်၍ ရဲရင့်ပြောင်မြောက်စွာ တိုက်ပွဲဝင်သူရဲကောင်းများစွာ ပေါ်ထွန်းလာခဲ့၏။ မြန်မာနိုင်ငံ၏အမြင့်ဆုံး သူရဲကောင်းစစ်သည်ကို ဂုဏ်ပြုဆုပေးသည်။ အောင်ဆန်းသူရိယဘွဲ့မှစ၍ သီဟသူရ၊ သူရဘွဲ့ထူး၊ ဂုဏ်ထူးရှင်စစ်သည်များ ပေါ်ထွန်းခဲ့သည်။

မြန်မာတို့၏ သူ့ကျွန်မခံလိုသော စိတ်ဓာတ်၊ နိုင်ငံ့တာဝန်ထမ်းဆောင်ကြသည့် စိတ်ဓာတ် မည်မျှခိုင်မြဲကြောင်းမွန်ကြောင်းကို လက်ဝဲသုန္ဒရအမတ်ကြီး၏ နန္ဒိသေနပျို့တွင်-

**"မြိုင်ဝေတောကြီး၊ ဤခရီးဝယ်၊ ချည်းနှီးသက်သက်၊ သေသောထက်ကား၊ ဆက်လက်တညီ၊ တစီတလျှဉ်၊ သားစဉ်မြေးမြစ်၊ ပြောထုံးဖြစ်အောင်၊ တစစ်တမက်၊ ကိုယ်နှင့်သက်ကို၊ နှင်းဆက်တိုက်မည်၊ အားသံရည်၍ ဦးလည်မသုန်၊ ထမ်းပါကုန်လော့". . . . .**

ပြဆိုသည့်အတိုင်း အချည်းနှီးသက်သက် အသက်သေဆုံးမည်ထက် နိုင်ငံတော်အတွက် သားစဉ်မြေးဆက် ပြောထုံးဖြစ်အောင် တိုက်ခိုက်ရင်းအသက်စွန့်သွားသည့် တိုက်ပွဲဝင်မြန်မာတပ်မတော်သားများကား ရဲသော်မသေ သေသော်ငရဲမလား နိုင်ငံ၏ သူရဲကောင်းမှတ်တမ်းဝင်များ မြန်မာ့သမိုင်းရာဇဝင်ရေးထိုးခဲ့သည့် သူရဲကောင်းများ ဖြစ်ပါသည်ဟု ဂုဏ်ပြုအပ်ပါသည်။ ။

# အပြည်ပြည်ဆိုင်ရာအဆင့် အမျိုးသားအလုပ်ရုံဆွေးနွေးပွဲဖွင့်




**နေပြည်တော်   မတ်   ၂၄**

ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် UNODC၊ UNDP တို့ ပူးပေါင်းကျင်းပသော ပြစ်မှုဆိုင်ရာတရားစီရင်ရေးစနစ်တွင် ဥပဒေဆိုင်ရာအထောက်အကူပြုနိုင်မှု အခွင့်အလမ်းများနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာအဆင့် အမျိုးသား အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ နံနက် ၉ နာရီက နေပြည်တော်ရှိ ပြည်ထောင်စုရှေ့နေချုပ်ရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ **(အပေါ်ပုံ)** ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထဲရေးဝန်ကြီးဌာန၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ ဝါရင့်ရှေ့နေကြီးများ၊ UNDP နှင့် UNODC၊ UNICEF၊ United State Institute of Peace၊ New York International Legal Foundation တို့မှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာမှ ဥပဒေပညာရှင်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်က အမှာစကားပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့မှ ကိုယ်စားလှယ်ကြီးများ ပူးပေါင်းပါဝင်သော မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ပြုလုပ်သည့် အလုပ်ရုံဆွေးနွေးပွဲဖြစ်ပြီး ထူးခြားသည့် ဥပဒေဝိသေသရှိသည့် ဆွေးနွေးပွဲဖြစ်ပါကြောင်း၊ လူသားများ၏ အခွင့်အရေးဖြစ်သော ဥပဒေတွင် ခုခံချေပခွင့်၊ ကြားနာခွင့်တို့သည် အရေးကြီးပါကြောင်း၊ သို့ပါ၍ ဆင်းရဲနွမ်းပါးသူများအတွက် ၁၉၈၈ ခုနှစ် ပြည်ထောင်စုရှေ့နေချုပ်၏ ဥပဒေပုဒ်မ ၉(ည)တွင် ဥပဒေရုံးအဆင့်ဆင့်မှ ဥပဒေအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ထားရာတွင် သေဒဏ်ထိုက်သောပြစ်မှုနှင့် စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့် တရားခံအတွက် ရှေ့နေငှားရမ်းပေးခြင်းဆိုသည့် ပြဋ္ဌာန်းချက်ပါရှိခဲ့ကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ထွက်လာပြီးနောက်ပိုင်း ၂၀၁၀ ခုနှစ်တွင် ပြည်ထောင်စုရှေ့နေချုပ် ဥပဒေပြဋ္ဌာန်းခဲ့ပါကြောင်း၊ ယင်းဥပဒေ၏ ပုဒ်မ ၃၆(၅)တွင်လည်း ဥပဒေရုံးအဆင့်ဆင့်မှ ဥပဒေအရာရှိများ၏ တာဝန်များကို ဖော်ပြရာ၌ သေဒဏ်ထိုက်သော ပြစ်မှုနှင့် စွပ်စွဲခံရသော ဆင်းရဲနွမ်းပါးသည့် တရားခံအတွက် ရှေ့နေငှားရမ်းပေးခြင်းဟု ပြဋ္ဌာန်းထားပါကြောင်း၊ သို့ဖြစ်ပါ၍ ပြည်ထောင်စုရှေ့နေချုပ်ရုံးက မရှိဆင်းရဲနွမ်းပါးသည့် တရားခံများအတွက် ဥပဒေဆိုင်ရာ အကူအညီပေးရေးကို ရှေးကာလကတည်းက ဆောင်ရွက်ခဲ့သည်မှာ မြင်သာပါကြောင်း၊ ယခုအခါ ပြည်သူ့လွှတ်တော်၌ ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကြမ်းကို တင်သွင်းထားသည်ဟု သိရသဖြင့် ဝမ်းမြောက်ပါကြောင်း၊ ဥပဒေကောင်းတစ်ရပ်ဖြစ်ပေါ်လာရန်မှာ ဥပဒေသိပ္ပံပညာတွင် အင်္ဂါရပ်သုံးမျိုး လိုအပ်ပါကြောင်း၊ ၎င်းတို့အနက် ပထမတစ်ခုမှာ သဘာဝဥပဒေအင်္ဂါရပ် (Natural Validity Principle)ဟုခေါ်သော တရားမျှတသည့် အင်္ဂါရပ်ဖြစ်ကြောင်း၊ ဒုတိယတစ်ခုမှာ ပြဋ္ဌာန်းသည့်အင်္ဂါရပ် (Positivism Validity Principle) ခေါ်သော ပြဋ္ဌာန်းခြင်းနှင့် လိုက်နာခြင်းအင်္ဂါရပ်ဖြစ်ကြောင်း၊ တတိယတစ်ခုမှာ လက်တွေ့ဆန်သော အင်္ဂါရပ် (Realism Validity Principle) ဆိုသည့် ဥပဒေကို ပြဋ္ဌာန်းပြီးနောက် လက်တွေ့ပိုင်း၌ အကောင်အထည်ဖော်ရာတွင် ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်သည့် အင်္ဂါရပ်ဖြစ်ပါကြောင်း၊ ယင်းအင်္ဂါရပ်သုံးရပ်နှင့်ပြည့်စုံမှသာ ဥပဒေကောင်းတစ်ရပ်ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ဥပဒေကောင်းတစ်ခုသည် လက်တွေ့အကောင်အထည်ဖော်နိုင်ခြင်း၊ တာဝန်ခံနိုင်ခြင်း၊ အခြေခံဥပဒေနှင့် ညီညွတ်ခြင်း၊ တည်ဆဲဥပဒေ အခြေအနေများနှင့် သဟဇာတဖြစ်ခြင်းတို့နှင့် နောင်တွင်ပေါ်ပေါက်လာမည့် အခြေအနေအရပ်ရပ်တို့ကို ခြုံငုံနိုင်ခြင်းတည်းဟူသော အင်္ဂါရပ်များနှင့် ပြည့်စုံရန် လိုအပ်ကြောင်း၊ အပြည်ပြည်ဆိုင်ရာ ဥပဒေပိုင်းကိုလည်း ဂရုပြုရန်လိုကြောင်း။

ယခုဥပဒေကြမ်းတွင် ပိုမိုပြီး စုံစုံလင်လင် ပါဝင်လာနိုင်စေရန် ဘက်ပေါင်းစုံမှလေ့လာပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးကဏ္ဍ သုံးရပ် ပူးပေါင်းညှိနှိုင်းဆွေးနွေးလျှင် အလွန်ကောင်းမွန်သည့် ပြည်သူကို အကျိုးပြုသော ဥပဒေကောင်းတစ်ရပ် ပေါ်ပေါက်လာမည်ဖြစ်ပါကြောင်း၊ ပါဝင်သက်ဆိုင်သူ Stakeholders များဖြစ်သည့် လွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထဲရေး၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနများ၊ ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝါရင့်ရှေ့နေရှေ့ရပ်များ၊ ဥပဒေပညာရှင်များ၊ နိုင်ငံတကာမှ ကျွမ်းကျင်သူ ဥပဒေပညာရှင်များက ပါဝင်ဆွေးနွေးခြင်းဖြင့် ဥပဒေကောင်းတစ်ရပ် ဖြစ်ပေါ်လာနိုင်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်က ပြည်သူ့အကျိုးအတွက် အားလုံး ပူးပေါင်းဆောင်ရွက်မှုနှင့် ကူညီပံ့ပိုးမှုတို့ကို ကြိုဆိုပါကြောင်း၊ UNDP မှ Ms.Caitlin Reiger နှင့် Vienna Austria UNODC မှ Ms.Miri Sharon တို့ကလည်း သက်ဆိုင်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများအနေဖြင့် ယခုကဲ့သို့ ကမ္ဘာ့အရပ်ရပ်မှ ဥပဒေပညာရှင်များနှင့်အတူ ကူညီဆောင်ရွက်ပေးခွင့်ရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း အမှာစကားပြောကြားသည်။ ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို မတ် ၂၅ ရက် ညနေပိုင်းအထိ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ၂၀၁၇ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

☆ နိုင်ငံတော်၏ မြေထု၊ ရေထုနှင့် လေထုကို ကာကွယ်စောင့်ရှောက်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်မြင့်မားသော ခေတ်မီတပ်မတော် တည်ဆောက်ရေး။
☆ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူလူထုနှင့်အတူ လက်တွဲညီညီ ပူးပေါင်းဆောင်ရွက်ရေး။
☆ နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ပြည်တွင်းပြည်ပ အန္တရာယ်များ၊ သဘာဝဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး။
☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အသက်ပေး၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး။

## ငွေကြေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုနှင့် ချေးငွေဆိုင်ရာဘဏ်စနစ်နှင့် ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများဆွေးနွေး

**နေပြည်တော်   မတ်   ၂၄**

ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်ကောက်ဆိုင်ရာစိစစ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသာသည် The World Bank မှ စီးပွားရေးပညာရှင်အကြီးအကဲနှင့် အကြီးတန်းဒုတိယဥက္ကဋ္ဌ Mr.KaushikBasu ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ်(၁) ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော် အမျိုးသားစီမံကိန်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးနှင့် အခွန်ကောက်ဆိုင်ရာစိစစ်ညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဦးအေးမောက်နှင့် အဖွဲ့များဖြစ်ကြသော ဦးကြည်ပြုံး၊ ဦးကျန်ထွန်း၊ ဒေါ်ခင်မွေးလွင်၊ ဒေါ်ဖြူဖြူသင်းတို့ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ငွေကြေးဆိုင်ရာရင်းနှီးမြှုပ်နှံမှုနှင့် ချေးငွေဆိုင်ရာဘဏ်စနစ်နှင့်ဘဏ်လုပ်ငန်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ဟိုပင်၌ မီးငြိမ်းသတ်ရေးဇာတ်တိုက်လေ့ကျင့်

**ဟိုပင်   မတ်   ၂၄**

ပူပြင်းခြောက်သွေ့သောနွေရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ် တားဆီးရေးအနေဖြင့် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ယာဉ် သုံးစီး၊ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေသယ်ယာဉ်တစ်စီး၊ အုပ်ချုပ်ရေးယာဉ်နှစ်စီးတို့ဖြင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မိုးသူ၊ စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့မှ ဒု-တပ်ရင်းမှူး ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသောင်းလွင်၊ မြို့အထောက်အကူပြု ကော်မတီဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

**မီးမလောင်ခင် သတိယှဉ် ကြိုတင်ကာကွယ်ပါ**

## သွန်းလောင်းညောင်ရေ အောင်ပါစေ

✻ ကောင်းသတင်းကျော်၊ တပ်မတော်သည်
ညီတော်နောင်ဖွား၊ တိုင်းရင်းသားဖြင့်
ဖွဲ့ထားစုစည်း၊ အင်အားကြီး၏။
✻ ပြည်ထောင်စုကျော်၊ တပ်မတော်သည်
လျော်ကန်တာလုပ်၊ မှန်ရာလုပ်၍
အလုပ်အကျွေး၊ ပြုစုပေး၏။
✻ ပြည်သူ့သားမော်၊ တပ်မတော်သည်
တိုင်းတော်ပြည်ကျိုး၊ ရှက်သယ်ပိုး၍
အမျိုးသားမာန်၊ လွန်ထက်သန်၏။
✻ ပြည်သူ့အချစ်တော်၊ တပ်မတော်သည်
ပြည်တော်သာရေး၊ အလေးပေး၍
သွေးချွေးအသက်၊ သူပေးဆက်၏။
✻ တရားသောစစ်၊ တိုက်ပွဲဖြစ်၍
နွံနစ်မခံ၊ ရှုပ်ရှုပ်ချုံသည့်
ပြည့်မွန်သားကောင်း၊ အောင်စေကြောင်းကို
သွန်းလောင်းညောင်ရေ၊ တောင်းဆုခြွေသည်
အောင်စေပိုင်စေ၊ နိုင်စေသတည်း။

နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုလျက်-

→ တက္ကသိုလ်ညိုညိုသန့် ←



# လက်ပံတောင်းတောင်ကြေးနီစီမံကိန်း သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိရေး မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းကိုအောင်မြင်စွာဆောင်ရွက်

**နေပြည်တော် မတ် ၂၄**

လက်ပံတောင်းတောင်ကြေးနီစီမံကိန်းနှင့် ပတ်သက်သည့် စုံစမ်းစစ်ဆေးရေးအစီရင်ခံစာအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နိုင်ငံတော် သမ္မတရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ ကော်မတီဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသာအေး၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦး၊ ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးစိုးဝင်း၊ ဦးဝင်းထွန်း၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း၊ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်များ၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီလီမိတက်တို့မှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက အမှာစကားပြောကြားရာတွင် လက်ပံတောင်းတောင်ကြေးနီစီမံကိန်းသည် နိုင်ငံတော်စီမံကိန်းဖြစ်၍ မဖြစ်မနေဆက်လက်အကောင်အထည်ဖော်ရန်အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်မှအကြံပြုထားပါကြောင်း၊ စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာတွင် အကြံပြုချက်(၄၂)ချက်ပါဝင်ပြီး ကော်မတီအနေဖြင့် (၃၇)ချက်ကို ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ကျန်(၅)ချက်မှာ စီမံကိန်းထုတ်လုပ်မှုကာလတစ်လျှောက်လုံး Monitoring and Evaluation Process ဖြင့် စောင့်ကြည့်ကြပ်မတ်ဆောင်ရွက်ရမည့် လုပ်ငန်းများသာကျန်ရှိတော့ပါကြောင်း။

ESIA အပြီးသတ်အစီရင်ခံစာကိုလည်း ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှ သဘောတူညီချက်ရရှိပြီးဖြစ်၍ ထုတ်ပြန်ကြေညာသွားရမည်ဖြစ်ကြောင်း၊ အများပြည်သူလေ့လာနိုင်စေရန် Internet Website များတွင် ဖော်ပြပေးရန်ဖြစ်ကြောင်း၊ ESIA အပြီးသတ်အစီရင်ခံစာတွင်ဖော်ပြချက်အတိုင်း ကြေးနီစီမံကိန်းလုပ်ငန်းဘက်မှ တိကျစွာလိုက်နာဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပြီး ထုတ်လုပ်မှုကာလတစ်လျှောက်လုံး စောင့်ကြပ်ကြည့်ရှုရမည့် လုပ်ငန်းများကို Independent Monitoring Team-IMT အဖွဲ့မှ ဆောင်ရွက်သွားရန်နှင့် ISO အသိအမှတ်ပြုလက်မှတ်များ ရရှိရေးအတွက်ကိုလည်း စနစ်တကျ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။



၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်စသတ်ဆောင်ရွက်ရန်နှင့် ၂၀၁၅-၂၀၁၆ ခုနှစ်အတွက် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဒေသခံပြည်သူများ၏ ဆန္ဒနှင့် တစ်ထပ်တည်းကျမည့်လုပ်ငန်းများကို CSD ကိုယ်စားလှယ်များနှင့် ညှိနှိုင်းဆွေးနွေး၍ ဦးစားပေးအဆင့်အလိုက် လျာထားဆောင်ရွက်ပေးသွားရန်လိုကြောင်း။

Vocational Training သင်တန်းများကြောင့် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်၍ အရှိန်အဟုန်မပျက် ဆက်လက်ဖွင့်လှစ်သင်ကြားနိုင်ရေးဆောင်ရွက်သွားရန်လိုကြောင်း၊ အလုပ်အကိုင်စောင့်ဆိုင်းဆဲကာလအတွင်း Contribution Plan အရထောက်ပံ့ပေးသည့်အစီအစဉ်အား ဒေသခံပြည်သူများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်ကို ဒေသခံများ နားလည်လက်ခံလာပြီကို တွေ့ရကြောင်း၊ ထို့အတွက် စီမံကိန်းမှရရှိလာမည့် ဒေသခံပြည်သူလူထု၏ အကျိုးစီးပွားများကို အခါအခွင့်သင့်သည့်အချိန်များတွင် ရှင်းလင်းပြောကြားသွားရန်လိုကြောင်း၊ ဒုတ္တာမြေဖယ်ရှားရှင်းလင်းပြီးသည့်နေရာများတွင် ငှက်ပျော၊ သရက်စသည့် အစားထိုးသီးနှံများကို ဒေသခံတောင်သူများ စီးပွားဖြစ်စိုက်ပျိုးနေကြပြီ ဖြစ်ကြောင်း၊ ကျန်ရှိသော ဒုတ္တာမြေများတွင် ဒေသန္တရနည်းဖြင့် ကြေးနီချက်လုပ်နေသူများ ရှိနေသေးသဖြင့် လက်ရှိမြေပိုင်ဆိုင်သော ဒေသခံများနှင့် ကြေးနီချက်လုပ်သူများ အချင်းချင်းညှိနှိုင်း၍ ဒုတ္တာမြေဖယ်ရှားလိုသူများကို စိုက်ပျိုးမြေများ ဆက်လက်ဖော်ထုတ်ပေးသွားရမည်ဖြစ်ကြောင်း။

အကောင်အထည်ဖော်ရေး ကော်မတီအနေဖြင့် နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် အစီရင်ခံစာကို မကြာမီကာလတွင် ထုတ်ဝေမည်ဖြစ်သဖြင့် ကော်မတီဝင်များ၊ အဖွဲ့ခေါင်းဆောင်များအနေဖြင့် အစီရင်ခံစာကို ထည့်သွင်းလိုသည့်အချက်များကို အကြံပြုပေးရန်ဖြစ်ကြောင်း။

နိုင်ငံတော်နှင့်ပြည်သူများ၏ အကျိုးစီးပွားအတွက် လက်ပံတောင်းတောင်ကြေးနီစီမံကိန်း သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများတွင် ကောင်းမွန်သော စီမံအုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရရှိလာစေရန် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိရေး မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် စီမံကိန်းကိုအောင်မြင်စွာ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးက စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာပါအတိုင်း ရာနှုန်းပြည့် ထိရောက်စွာအကောင်အထည်ဖော်နိုင်ရန် အမြဲသုံးသပ်ဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ကော်မတီဝင်များအနေဖြင့် မိမိတို့လုပ်ငန်းကော်မတီများအလိုက် လုပ်ငန်းများ အချိန်မီဆောင်ရွက်နိုင်ရန် အလေးထားရမည်ဖြစ်ပြီး ပြည်သူများနှင့် ထိတွေ့မှုပိုမိုရယူပြီး ဒေသအကျိုး ပြည်သူ့အကျိုး ပိုမိုဆောင်ရွက်နိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည့် အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ စစ်ရေးချုပ် ဗိုလ်ချုပ်ဆန်းဦးက စုံစမ်းစစ်ဆေးရေးကော်မရှင်၏အစီရင်ခံစာပါ အကြံပြုချက်များနှင့်အညီ သီးနှံလျော်ကြေးနှင့် မြေယာနစ်နာကြေးများ ပေးလျော်ခဲ့မှု၊ စီမံကိန်းနယ်မြေနှင့် ပတ်ဝန်းကျင်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ပြောကြားသည်။

ယင်းနောက် ကော်မတီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုက စီမံကိန်းနယ်မြေနှင့် စီမံကိန်းလုပ်ငန်းများလုံခြုံရေး၊ ဒေသတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက စီမံကိန်းနယ်မြေအတွင်းရှိ သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းရေးနှင့် ပြန်လည်တည်ဆောက်ရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းစဉ်များကိုလည်းကောင်း အသီးသီးရှင်းလင်းတင်ပြကြသည်။

ထို့နောက် သိမ်းဆည်းမြေယာစိစစ်ရေးအဖွဲ့၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့၊ လူမှုစီးပွားဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့တို့မှ အဖွဲ့ခေါင်းဆောင် ဒုတိယဝန်ကြီးများ၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့် မြန်မာ-ဝမ်ပေါင်ကုမ္ပဏီတို့မှ တာဝန်ရှိသူများက မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍများအလိုက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများနှင့် အစီရင်ခံစာတွင် ထည့်သွင်းလိုသည့် အချက်များကို အသီးသီးရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးကာ လိုအပ်သည်များကို ဖြည့်ဆည်းမှာကြား ဆောင်ရွက်ပေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းအပေါ် အစည်းအဝေးကျင်းပ

**ရန်ကုန် မတ် ၂၄**

မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေအား အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ အကူအညီဖြင့် အသစ်ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိရာ ပြင်ဆင်ရေးဆွဲပြီးသည့် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေမူကြမ်းအပေါ် လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးနိုင်ရန် ရည်ရွယ်၍ မတ် ၁၄ ရက် နံနက်၉ နာရီတွင် Chatrium Hotel Ball Room-2 အမှတ် ၄၀ နတ်မောက်လမ်း တာမွေမြို့နယ် ရန်ကုန်မြို့၌ အစည်းအဝေးကျင်းပသည်။

အဆိုပါ အစည်းအဝေးတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ချိုချိုဝင်း၊ Asian Development Bank (ADB), Country Director Mr.Winfried Wicklein နှင့် ကျွမ်းကျင်သူများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ တာဝန်ရှိသူကိုယ်စားလှယ် ၁၀၀ ခန့်နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ခံအရာရှိများ တက်ရောက်ခဲ့ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## ကျေးလက်နေပြည်သူများ အသိပညာပြန့်ပွားရေးဆွေးနွေး

**ညောင်တုန်း မတ် ၂၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အင်းမကျေးရွာအုပ်စုတွင် ကျေးလက်နေပြည်သူများအသိပညာပြန့်ပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဟောပြောဆွေးနွေးပွဲကို မတ် ၂၀ ရက်က အဆိုပါ ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတန်ဆောင်းအတွင်း၌ ကျင်းပသည်။

အဆိုပါ ဆွေးနွေးဟောပြောပွဲတွင် အင်းမကျေးရွာမှ လက်ထောက်ကျန်းမာရေးမှူး ဒေါ်နော်ဖောဒေညား က တီဘီရောဂါတိုက်ဖျက်ရေးနှင့် အနာကြီးရောဂါတိုက်ဖျက်ရေးတို့၏ သိကောင်းစရာအကြောင်းအချက်များ၊ ကုသရေးဆိုင်ရာများနှင့် ယခုအချိန်အခါသည် ပူပြင်းသောနွေရာသီသို့ ရောက်လာရာ ကျေးလက်နေပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါများမဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဒေါ်သန္တာဦးက လူကုန်ကူးမှုတားဆီးကာကွယ်ရေးအကြောင်း၊ မူးယစ်ဆေးဝါးကာကွယ်တားဆီးရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာစာကြည့်တိုက်ဆောက်လုပ်ရေးနှင့် စာဖတ်ခြင်း၏ အကျိုးကျေးဇူးများအကြောင်းကို ရှင်းလင်းပြောကြားကြောင်း သိရသည်။ **(၀၇၆)**

## မိုးပွင့်(အထူး)စီမံချက်ဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**မုံရွာ မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် မတ် ၂၃ ရက်က မုံရွာမြို့ သလ္လာရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မိုးပွင့် (အထူး) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးပိုင်မြင့်က ကွင်းဆင်းကြည့်ရှုအားပေးပြီး စီမံချက်နှင့်ပတ်သက်၍ အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ဌာနဆိုင်ရာ အရာရှိများ မွမ်းမံသင်တန်းဆင်းပွဲ ကျင်းပ

**နေပြည်တော် မတ် ၂၄**

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးယန္တရားတိုးတက်ကောင်းမွန်ပြုပြင်ပြောင်းလဲမှုလုပ်ငန်းအစီအစဉ်အရ ဖွင့်လှစ်ခဲ့သော တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဌာနဆိုင်ရာအရာရှိများ မွမ်းမံသင်တန်း အမှတ်စဉ်(၁) ဆင်းပွဲအခမ်းအနားကို မတ် ၂၀ ရက်က ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇) နေပြည်တော်၌ ကျင်းပခဲ့သည်။

အဆိုပါ သင်တန်းကို ကောင်းမွန်သော အုပ်ချုပ်မှုစနစ်ရှိသည့် ဒေသအုပ်ချုပ်ရေးယန္တရားဖြစ်စေရန် သီးခြားစီစဉ် ဖွင့်လှစ်သော သင်တန်းဖြစ်ပြီး ဝန်ထမ်းအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ပိုမိုမြင့်မားသောစွမ်းဆောင်ရည်မြင့်မားတိုးတက်စေရန်နှင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အကျိုးစီးပွားအတွက် အပြည့်အဝ ဝန်ဆောင်မှုပေးနိုင်စေရေး ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါသည်။ သင်တန်းဆင်းပွဲအခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကားပြောကြား သည်။

သင်တန်းကို မတ် ၉ ရက်မှ ၂၀ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး /ပြည်နယ်များမှ ခရိုင်အဆင့်အုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အရာရှိကြီးများ၊ စီမံကိန်းမှူးများ၊ ရသုံးမှန်းခြေငွေစာရင်းဌာနမှ ငွေစာရင်းအရာရှိများ စုစုပေါင်း ၇၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

■

# နှစ်(၇၀)ပြည့်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် ဝါရင့်ဂန္ထဝင် ဂီတအနုပညာရှင်ကြီးများ၏ ဒုတိယနေ့ဖျော်ဖြေပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၂၄**

နှစ်(၇၀)ပြည့်တပ်မတော်နေ့အား ဂုဏ်ပြုသောအားဖြင့် ဝါရင့်ဂန္ထဝင် ဂီတအနုပညာရှင်ကြီးများ၏ ဒုတိယနေ့ ဖျော်ဖြေပွဲ အခမ်းအနားအား ယနေ့ည ၇ နာရီတွင် နေပြည်တော် ဇေယျာသီရိဗိမာန်ရှိ သဘင်ဆောင်၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့ တက်ရောက်အားပေးချီးမြှင့်သည်။

ဖျော်ဖြေပွဲသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ် (ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ အရာရှိ၊ စစ်သည် မိသားစုများ၊ ဖိတ်ကြားထားသော ဝါရင့်ဂန္ထဝင်ဂီတအနုပညာရှင်ကြီးများ တက်ရောက်ကြသည်။

အခမ်းအနားတွင် အနုပညာရှင်ကြီးများဖြစ်သော ဦးထွန်းမင်း၊ ဦးသန်းထွန်းလေး၊ ဦးထွန်းရွှေ၊ ဦးမောင်မောင်၊ ဦးမောင်မောင်သန်း၊ ဦးရန်ပိုင်စိုး၊ ဦးမောင်မောင်ကြီး၊ ဦးမင်းနောင်၊ ဦးခင်မောင်လွင်၊ ဦးတင်ဦးလေး၊ တက္ကသိုလ်ဒေါ်လဲ့လဲ့၊ ဒေါ်ညွန့်ညွန့်စိန်၊ အေဝမ်း ဒေါ်တင်တင်လှ၊ ဒေါ်ချိုပြုံး၊ ဒေါ်အေးအေးအောင်၊ ဒေါ်ကေဂျာနူး၊ ဒေါ်မြင့်မြင့်ခင်၊ ဒေါ်ဥမ္မာ၊ ဒေါ်ရီရီသန့်၊ ဒေါ်တင်တင်မြ၊ ဒေါ်ထားတို့နှင့် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ် စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတ အဖွဲ့တို့က တေးသံသာများဖြင့် သီဆိုဖျော်ဖြေကြရာ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေပွဲအပြီးတွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ တို့က ဝါရင့်ဂန္ထဝင် ဂီတအနုပညာရှင် များအတွက် ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(မြဝတီ)**



**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ ဝါရင့်ဂန္ထဝင်ဂီတအနုပညာရှင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (မြဝတီ)**

# ရခိုင်ကမ်းလွန် လုပ်ကွက် A-5 အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေးစာချုပ် လက်မှတ်ရေးထိုး

**နေပြည်တော် မတ် ၂၄**

စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အမေရိကန်နိုင်ငံ အခြေစိုက် Unocal Myanmar Offshore Co., Ltd. နှင့် မြန်မာနိုင်ငံမှ Royal Marine Engineering Co.,Ltd. တို့သည် ရခိုင်ကမ်းလွန် လုပ်ကွက် A-5 အတွက် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားရေး စာချုပ် (Production Sharing Contract) ကို မတ် ၂၄ ရက် ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ လက်မှတ်ရေးထိုး ချုပ်ဆိုကြသည်။




အစီအစဉ်အရ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အဖွင့်အမှာစကားကိုလည်းကောင်း၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့ လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦးနှင့် Chevron Asia South Business Unit Unocal မှ Managing Director ဖြစ်သူ Mr.Bradley Middleton တို့က နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ဆက်လက်၍ နှစ်ဖက်သဘောတူ စာချုပ်များကို မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမျိုးမြင့်ဦး၊ Unocal Myanmar Offshor Co.,Ltd. မှ President ဖြစ်သူ Mr.Scott Neal နှင့် Royal Marine Engineering Co.,Ltd.မှ Managing Director ဦးမြင့်အောင်တို့က လက်မှတ်ရေးထိုးကာ စာချုပ်များကို အပြန်အလှန် လဲလှယ်ကြသည်။

ယခု ရခိုင်ကမ်းလွန်လုပ်ကွက် A-5 လက်မှတ်ရေးထိုးခြင်းသည် ပထမအကြိမ် ကမ်းလွန်လုပ်ကွက်များ တင်ဒါခေါ်ယူခဲ့ခြင်းအတွက် သတ္တမမြောက် လက်မှတ်ရေးထိုးခြင်းဖြစ်သည်။

အဆိုပါစာချုပ် လက်မှတ်ရေးထိုးခြင်းမှ Signature Bonus အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ သန်းနှင့် Data Fee အမေရိကန်ဒေါ်လာ သုည ဒသမ ၁၅ သန်း ရရှိမည်ဖြစ်သည်။ ဖော်ပြပါ လုပ်ကွက်အတွက် လေ့လာရေး ကာလတစ်နှစ်နှင့် ရှာဖွေရေးကာလ ခြောက်နှစ်အတွင်း အနည်းဆုံး အမေရိကန်ဒေါ်လာ ၂၇၇ ဒသမ ၈၅ သန်း သုံးစွဲမည်ဖြစ်သည်။ စာချုပ်များ လက်မှတ်ရေးထိုးပြီးပါက နိုင်ငံခြားရေနံကုမ္ပဏီများအနေဖြင့် ပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုရေးထိခိုက်မှုဆန်းစစ်လေ့လာခြင်းလုပ်ငန်းများ (EIA/SIA) ကို သက်ဆိုင်ရာ လုပ်ကွက်ဒေသများ၌ စတင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

Unocal (Chevron) ကုမ္ပဏီသည် ရတနာစီမံကိန်းနှင့် စိန်သဘာဝဓာတ်ငွေ့မြေတို့တွင် ၁၉၉၈ ခုနှစ်မှစ၍ အစုရှယ်ယာပါဝင်ဆောင်ရွက်လျက်ရှိသည်။ ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်ရေး အစီအစဉ်များအရ အပူပိုင်းဒေသများတွင် SHINE Program ချမှတ်၍ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ရွာပေါင်း ၂၄၅ ရွာအား ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ရန်ပုံငွေ (Village Health and Development Funds) ထားလျက် ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် ကျေးလက်ဒေသများ၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်တိုးမြှင့်သုံးစွဲနိုင်ရေးအတွက် ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအတွက် အလှူငွေများပေးအပ်

**နေပြည်တော် မတ် ၂၄**

၂၀၁၅ ခုနှစ် နှစ်(၇၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စေတနာရှင်၊ အလှူရှင်များက နှစ်(၇၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားအတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီတွင် နေပြည်တော် တည်းခိုရေးစခန်းရှိ ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ)ဗိုလ်ချုပ်ကြီး လှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်အေး၊ တပ်မတော်နေ့စစ်ရေးပြမှူးကြီး ဗိုလ်မှူးချုပ် ဖုန်းမြတ်နှင့် စစ်ကြောင်းမှူးများ၊ အလှူရှင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလှူရှင်များဖြစ်ကြသော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မိတ်ဖက်ကုမ္ပဏီ ၅၇ ခုမှ အလှူငွေကျပ် ၇၅၀၃၀၀၀၀၊ KBZ ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၅၀၀၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းနှင့် မိတ်ဖက်ကုမ္ပဏီ ၅၉ ခုမှ အလှူငွေကျပ် ၄၃၅၈၀၀၀၀၊ မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်၊ စက်ရုံ ၂၈ ခုနှင့် မိတ်ဖက်ကုမ္ပဏီ ၃၁ ခုမှ လှူဒါန်းငွေကျပ် ၃၀၈၄၀၀၀၀၊ မြဝတီဘဏ်လီမိတက်မှ အလှူငွေကျပ် သိန်း ၃၅၀၊ IBTC ကုမ္ပဏီမှ အလှူငွေကျပ် သိန်း ၂၀၀၊ Authentic မှ အလှူငွေကျပ် သိန်း ၁၅၀၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်းမှ အလှူငွေကျပ်သိန်း ၁၂၀နှင့် ကျပ်သိန်း၁၃၀ တန်ဖိုးရှိ ချက်ပြုတ်ကျွေးမွေးရေးအတွက် ထောက်ပံ့ပစ္စည်းများ၊ နောင်တုံကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၁၀၀၊ မြင့်တက် ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၁၀၀၊ Sky One မှ အလှူငွေကျပ် သိန်း ၁၀၀၊ ချမ်းဟိန်း ကုမ္ပဏီမှ အလှူငွေကျပ် သိန်း ၁၀၀၊ Max Myanmar ကုမ္ပဏီမှ အလှူငွေကျပ် သိန်း ၁၀၀၊ ဗိုလ်မင်းဗိုလ် ကုမ္ပဏီမှ အလှူငွေကျပ်သိန်း ၅၀၊ A-1 ကုမ္ပဏီမှ အလှူငွေကျပ် သိန်း ၅၀၊ Shwe Pan Thu ကုမ္ပဏီမှ အလှူငွေကျပ် သိန်း ၅၀၊ သန်မြန်သူ လုပ်ငန်းစုအသင်း (ရန်ကုန်)မှ အလှူငွေကျပ် သိန်း ၃၀၊ 4-E ကုမ္ပဏီမှ အလှူငွေကျပ် သိန်း ၃၀၊ မြန်မာဆန်းမစ်ကုမ္ပဏီမှ အလှူငွေကျပ် သိန်း ၃၀၊ Htoo Trading ကုမ္ပဏီမှ အလှူငွေကျပ် သိန်း ၂၀၊ မြန်မာနိုင်ငံပုံနှိပ်နှင့် ထုတ်ဝေသူများအသင်းမှ အလှူငွေကျပ် သိန်း ၂၀၊ ဒေါက်တာ ဦးသာရင်မြတ်နှင့်ဇနီး မိသားစုမှ အလှူငွေကျပ် ၁၀ သိန်း၊ သုခမ္မမဏိဇောတရေ ဦးမောင်မောင်ဦး(ဂရိတ်ဝေါလ်ဆေးတိုက်)မှ အလှူငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ၃၇၅၀၀၀၀ တန်ဖိုးရှိ ဆေးပစ္စည်းများ၊ ဦးထွန်းရွှေ+ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါ ဆေးတိုက်)မှ အလှူငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် ၃၇၅၀၀၀၀တန်ဖိုးရှိ ဆေးပစ္စည်းများ၊ Treasure Winner Land Trading ကုမ္ပဏီမှ အလှူငွေကျပ် ငါးသိန်း၊ Trade Hub ကုမ္ပဏီမှ အလှူငွေကျပ် ငါးသိန်း၊ Moe Htet Gabar ကုမ္ပဏီမှ အလှူငွေကျပ် ငါးသိန်း၊ Win Thit Sar ကုမ္ပဏီမှ အလှူငွေကျပ် ငါးသိန်း၊ Naung Yoe ကုမ္ပဏီမှ အလှူငွေကျပ် ငါးသိန်း၊ Mega Life Science ကုမ္ပဏီမှ အလှူငွေကျပ် ငါးသိန်း၊ Polyrice ကုမ္ပဏီမှ အလှူငွေကျပ် ငါးသိန်း၊ Tah Moe Hnye Chan Thar ကုမ္ပဏီမှ အလှူငွေကျပ် ငါးသိန်း၊ Nanova ကုမ္ပဏီမှ အလှူငွေကျပ် သုံးသိန်း၊ သုခမ္မမဏိဇောတရေ ဦးကြည်စိုး(ကေသီပန်ဆေးတိုက်)မှ အလှူငွေကျပ် ၁၀ သိန်းနှင့် ငွေကျပ် သုံးသိန်းတန်ဖိုးရှိ ဆေးပစ္စည်းများ၊ Alliance ကုမ္ပဏီမှ အလှူငွေကျပ် သုံးသိန်း၊ Myanmar Loyal Star ကုမ္ပဏီမှ အလှူငွေကျပ် နှစ်သိန်း၊ Best Nominated Brothers ကုမ္ပဏီမှ အလှူငွေကျပ် တစ်သိန်း၊ Loyal Star ကုမ္ပဏီမှ အလှူငွေကျပ် တစ်သိန်း၊ Pin Khine Zin ကုမ္ပဏီမှ အလှူငွေကျပ် တစ်သိန်း၊ Success Over Sea ကုမ္ပဏီမှ အလှူငွေကျပ် တစ်သိန်း၊ TM ကုမ္ပဏီမှ အလှူငွေကျပ် တစ်သိန်း၊ Wai Linn May ကုမ္ပဏီမှ အလှူငွေကျပ် တစ်သိန်း၊ Aung Hein Win ကုမ္ပဏီမှ အလှူငွေကျပ်တစ်သိန်း၊ CVC ကုမ္ပဏီမှ အလှူငွေကျပ် တစ်သိန်း၊ Young Sheng ကုမ္ပဏီမှ အလှူငွေကျပ် ငါးသောင်း၊ Red Link ကုမ္ပဏီမှ အလှူငွေကျပ် သိန်း ၃၀၊ ရတနာပုံတယ်လီပို့မှ အလှူငွေကျပ် သိန်း ၃၀၊ ဒေါ်ခင်ခင်ဌေး (မောရိယမန်းဆေး)မှ အလှူငွေကျပ် ၁၀ သိန်းတို့အား အသီးသီးပေးအပ်လှူဒါန်းကြရာ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တာဝန်ရှိသူများကလက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။




ထို့နောက် အလှူရှင်များကိုယ်စားအလှူရှင်တစ်ဦးက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က ကျေးဇူးတင်စကားပြောကြားသည်။

ယနေ့ကျင်းပသော နှစ်(၇၀)ပြည့် တပ်မတော်နေ့စစ်ရေးပြ အခမ်းအနားအတွက် အလှူငွေပေးအပ်လှူဒါန်းပွဲတွင် အလှူရှင် ၄၈ ဦးတို့က စုစုပေါင်း လှူဒါန်းငွေ ကျပ် ၃၇၆၁ သိန်းကျော်နှင့် ငွေကျပ် ၂၀၈ သိန်းတန်ဖိုးရှိ ကျွေးမွေးရေးနှင့် ဆေးဝါးပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# လွမ်းရမယ်ဆိုတာ သိနှင့်လည်း ....

**"ဝေးရမယ်ဆိုတာ သိနှင့်လည်း
ဆွေးလို့ကျန်နေမှာ သိခဲ့လည်း
ရက်စက်ကံကြမ္မာကို နားလည်လည်း
ဒီကချစ်တဲ့စိတ်နဲ့ ခွင့်လွှတ်ခံစားရင်း ... "**

ရင်နင့်စွာဖြင့် တေးသံရှင် D ဖြိုး၏**"ငါဝအောင်ငိုလိုက်မယ်"**သီချင်းထဲက တိုက်ဆိုင်လှသည့် စာစုလေးကို ထုတ်နုတ်ပြီး အထပ်ထပ်ဆိုနေမိသည်။

တပ်မတော်သားနှင့် အကြောင်းဆက်ပြီး တူနှစ်ကိုယ်ချစ်တိုင်းပြည်ထူထောင်ခဲ့သည်။ တပ်မတော်၏အဓိကတာဝန်ဖြစ်သော **"နိုင်ငံတော်ကို ကာကွယ်ရန်၊ လေ့ကျင့်ရန်နှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရန်"**လုပ်ဆောင်မှုများကို အနီးကပ်ရှုမြင်နားလည်ခဲ့ရသည်။

တပ်မတော်သည် **မျိုးချစ်စိတ်ရှိသော၊ စည်းကမ်းကောင်းသော၊ သစ္စာရှိသော၊ စည်းလုံးညီညွတ်သော၊ စွမ်းရည်ရှိသော၊ စွန့်လွှတ်စွန့်စားသော** အစဉ်အလာကောင်းများ လက်ဆင့်ကမ်း သယ်ပိုးထမ်းဆောင်နေမှုကို တွေ့မြင်လာရသည်။

**တစ်ဦးချင်းကိုယ်ကျိုးကို ပဓာနမထားသော၊ စိတ်ဓာတ်မြင့်မြတ်သော၊ အခက်အခဲကို ရင်ဆိုင်ကျော်လွှားနိုင်သည့် ရဲစွမ်းသတ္တိရှိသော၊ အပင်ပန်းအဆင်းရဲခံနိုင်သော၊ ဇွဲ လုံ့လ ဝီရိယရှိသော၊ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းဦးထိပ်ပန်ဆင်သော** တပ်မတော်၏ အစဉ်အလာကောင်းများကိုလည်း ဆက်လက်သယ်ပိုးထမ်းရွက်နေမှုကို သိရှိနားလည်ရပြန်သည်။

နားလည်မှုများနှင့်အတူ ရင်ကွဲမတတ်ခံစားရမှုများကိုလည်း မကြာခဏကြုံတွေ့ရသည်။ စစ်ဆင်ရေးတာဝန်ကို သားပစ်မယားပစ် ထွက်ခွာထမ်းဆောင်ရချိန်များမှာ **"ထားခဲ့မယ်ဆိုတာ၊ ကျန်နေခဲ့ရမယ်ဆိုတာ၊ ဝေးရမယ်ဆိုတာ၊ လွမ်းရမယ် ဆွေးရမယ်ဆိုတာ"**တွေကို ကြိုတင်မြော်တွေး သိနှင့်သော်လည်း တကယ်ရင်ဆိုင်ရချိန်မှာ မလွယ်ကူတာကိုလည်း နားလည်သဘောပေါက်ခဲ့သည်။ **"လွမ်းရတာ ကျွန်မအတွက် အရသာ"**ဟု ရေရွတ်ရင်း တပ်မတော်သား ခင်ပွန်းအတွက် ပါရမီဖြည့်ဖက်အဖြစ် အားတင်းရပြန်သည်။ စစ်ဆင်ရေးကာလ ပြည့်မြောက်ချိန်**"ရက်စေ့ပြီး ပြန်လာမည့်နေ့"**ကို ရေတွက်ရင်း ဖြေသိမ့်ရသည်။

မြန်မာ့တပ်မတော်သည် တိုင်းရင်းသားပြည်သူများဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုတပ်မတော်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံ၏ လွတ်လပ်ရေးနှင့်အတူ ပေါက်ဖွားခဲ့ခြင်းဖြစ်ပြီး တပ်မတော်သားများကို **"တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ရင်နှစ်သည်းချာ သားကောင်းရတနာများ"**ဟု ခေါ်ဆိုထိုက်ပါသည်။

မြန်မာ့သမိုင်း၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့် တပ်မတော်သမိုင်းတို့ ယှဉ်တွဲလျက်ရှိနေသကဲ့သို့ **"ပြည်သူနှင့် တပ်မတော်၊ တပ်မတော်နှင့် ပြည်သူ"** ခွဲခြား၍မရဘဲ ရေနှင့်ငါးကဲ့သို့ တစ်သားတည်းရှိနေကြသည်။ တပ်မတော်နှင့်ပြည်သူ အမြဲတမ်းကြည်ဖြူစွာ လက်တွဲပြီး ပြည်တွင်းပြည်ပရန်စွယ်ဟူသမျှကို တွန်းလှန်ကာကွယ်ခဲ့ကြသည်။ တပ်မတော်သည် အရေးကြုံတိုင်း သက်လုံကောင်းခဲ့သည်။ ပြည်သူ့ရှေ့က မားမားမတ်မတ်ရပ်တည် ကာကွယ်ပေးခဲ့မှုများကို လေ့လာသိရှိရသည်။

ပြည်ထောင်စုမပြိုကွဲရေးအတွက်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးအတွက်၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် **"ဒို့တာဝန်အရေးသုံးပါး"**ကို ကာကွယ်စောင့်ရှောက်ရန် တပ်မတော်သည် စစ်ထွက်ရသည်၊ စစ်ဆင်ရသည်၊ သက်စွန့်ကြိုးပမ်းကြရသည်၊ အသက်ခန္ဓာ ပေးလှူကြရသည်။

ရှေးမြန်မာတပ်မတော်သားများ၏ **"သက်စွန့်ဆံဖျား"**၊ **"ဦးဆွေးဆံမြည့်"** ထမ်းရွက်ခဲ့သည့် သမိုင်းကြောင်းအစဉ်အလာကောင်းများကို မျိုးဆက်သစ်တပ်မတော်သားများကလည်း ဘမျိုးဘိုးတူဆိုသကဲ့သို့ သားစဉ်မြေးဆက် အမွေဆက်ခံပြီး ထမ်းရွက်နေကြသည်။ သူရဲကောင်းတို့ထွန်းကားရာမြေတွင် သူရဲကောင်းများ စဉ်ဆက်မပြတ်ပေါ်ထွန်းလျက်ရှိသည်။ တပ်မတော်သားများသည် ၎င်းတို့၏အသက်၊ သွေး၊ ချွေးတို့ကို ပြည်သူ့အတွက် အစဉ်မနှေး ပေးအပ်လျက်ရှိနေကြသည်။ ပေးဆပ်ဝံ့သူများလည်းဖြစ်ကြပါသည်။

စစ်ဆင်ရေးတာဝန် ထွက်ခွာထမ်းဆောင်ရပြီဆိုသည်နှင့် **"ဝေးရချိန်မှာ ဘယ်လောက်လွမ်းကျန်ခဲ့မယ်ဆိုတာကို ချစ်တတ်သူချင်း ကိုယ်ချင်းစာပြီး သိပါတယ်"**ဆိုသည့် တပ်မတော်သား ခင်ပွန်းသည်၏ နှုတ်ဆက်မှာကြားခြင်းသည် အပြီးတိုင်ထွက်ခွာနှုတ်ဆက်ခြင်းဟု ကြိုတင်မသိရှိ နားမလည်နိုင်ခဲ့ပါ။ ကံကြမ္မာဆိုးကိုလည်း မျှော်လင့် မထားမိပါ။ ခြေလက်ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခု စွန့်လွှတ်ရလျှင်ဟု တွေးကြည့်ဖူးသော်လည်း ဘယ်လိုပဲ ဖြစ်ပါစေ တရားသဘောနှင့်အညီ နားလည်မည်ဟု မြော်တွေးခဲ့သည်သာချည်း။

**"ရဲသော်မသေ၊ သေသော် ငရဲမလား"**ဆောင်ပုဒ်အတိုင်း တပ်မတော်၏ တရားသောစစ်ဆင်နွှဲရခြင်းကို ရင်ထဲစွဲနှစ်စွာခံယူပြီး တည်ငြိမ်ရင့်ကျက်မှုကို ဖြစ်စေသည်။ **"အမွန်မြတ်ဆုံးသော စွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်"** သူရဲကောင်းစစ်သည်ဗိမာန်၏ ဆောင်ပုဒ်ကြောင့် ဂုဏ်ယူမှုကို ပိုမိုမြင့်မားစေသည်။ **"ဝေလည်း မွှေး၊ ကြွေလည်းမွှေး"**ဆိုသည့် နိုင်ငံတော်နှင့် နိုင်ငံသားတို့အတွက် အသက်ပေးလှူရမှုဂုဏ်ဒြပ်ကို ပို၍ခိုင်မြဲစေသည်။ ရင်နင့်စွာခံစားရင်း အားရအောင်ငိုကြွေးပြီး ဝမ်းနည်းမျက်ရည်များကို အဆုံးသတ်ခဲ့သည်။ ထပ်မံကြွေကျရမည့် မျက်ရည်များမကျန်အောင် သွန်ပစ်ခဲ့သည်။ ဝမ်းနည်းစွာဖြင့် ထပ်ပြီးမငိုတော့ဘူးဟုလည်း ယတိပြတ်ဆုံးဖြတ်ခဲ့ပြီးဖြစ်သည်။

တပ်မတော်သည် ပဋိပက္ခဖြစ်စဉ်များအပေါ် လက်နက်ကိုင်ဖြေရှင်းသည့် နည်းလမ်းကို စိုးစဉ်းမျှလိုလားမှုမရှိဘဲ မလွဲမရှောင်သာ၍သာ ပြုလုပ်ရခြင်းဖြစ်ကြောင်းလည်း သိရှိနားလည်ရပြန်သည်။ တိုက်ပွဲများ ဖြစ်ပွားခြင်းကြောင့် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ဆုံးရှုံးရခြင်းသည် မြန်မာနိုင်ငံသားများ နစ်နာဆုံးရှုံးရခြင်းဖြစ်ကြောင်း သတိကြီးစွာဖြင့် ဆောင်ရွက်ရခြင်းဖြစ်သည်။ စစ်ဘေးစစ်ဒဏ် ကြုံတွေ့ခံစားရသည့် ပြည်သူများ၏ ခါးသီးသည့်ဘဝကို စာနာထောက်ထားသည်။ တိုက်ပွဲများကြောင့် ပြည်သူများ ဒုက္ခရောက်သကဲ့သို့ နိုင်ငံအတွက်လည်း နစ်နာဆုံးရှုံးရမှုများကို လေးနက်စွာထည့်သွင်းစဉ်းစားဆောင်ရွက်ကြရသည်။

နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကမ္ဘာ့အလယ်တွင်တင့်တယ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန်အတွက် **"ထာဝရငြိမ်းချမ်းရေးရရှိရန်"** တပ်မတော်က အားသွန်ခွန်စိုက် ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံတွင် တစ်ချိန်က တိုင်းရင်းသားစည်းလုံးညီညွတ်မှု အားနည်းခဲ့ပြီး ခေတ်မီတပ်မတော်တစ်ရပ်မရှိခဲ့ချိန်တွင် နယ်ချဲ့ကိုလိုနီဖြစ်ခဲ့ရသည်။ သမိုင်းကပေးသည့် သင်ခန်းစာနှင့် နိုင်ငံ၏ပထဝီဝင်တည်ရှိမှု အနေအထားများအရ နိုင်ငံ၏အချုပ်အခြာအာဏာ ခိုင်မြဲရေး၊ လွတ်လပ်ရေး၊ အဓွန့်ရှည်တည်တံ့ရေးတို့အတွက် **"နိုင်ငံတော်ကို ကာကွယ်ရန်၊ ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်နှင့် သယံဇာတ ပေါကြွယ်ဝသည့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုနှင့်အညီ လိုက်ဖက်ညီစွာ ထိန်းသိမ်းစောင့်ရှောက်နိုင်မည့် တပ်မတော်တစ်ရပ် တည်ဆောက်ရန်"** အတွက် **"ကာကွယ်ရေးစွမ်းအား"**ကို မြှင့်တင်ရပေမည်။

တပ်မတော်သား၏ ပါရမီဖြည့်ဖက်ဖြစ်ခဲ့ရာ တပ်မတော်၏ လိုအပ်ချက်ကို အသိဆုံးဖြစ်သည်။ တပ်မတော်တွင် လိုအပ်ချက်များစွာရှိနေသည်။ တပ်မတော်ကြီးနှင့်အတူ တပ်မတော်သားများနှင့် မှီခိုသူအားလုံးကို မြှင့်တင်ပေးရမည်။ တပ်မတော်ကြီးကို အင်အားရှိအောင် ကူညီကြရပါမည်။

တပ်မတော်သားခင်ပွန်းကို သက်ဆုံးတိုင် ပါရမီဖြည့်ခွင့်မရခဲ့သော်လည်း အနာဂတ်မျိုးဆက်သစ်များကို ပြုစုပျိုးထောင်ရင်း အင်အားဖြည့်ပေးရမည်။ တပ်မတော်၏ ပြုပြင်ပြောင်းလဲမှုများကြောင့် အမျိုးသမီးများ စစ်မှုထမ်းဆောင်ခွင့်ရရှိနေပြီဖြစ်ရာ **"စစ်ဗိုလ်ကြီးမမ"** ဘဝကို စိတ်ကူးယဉ်နေသည့် သမီးကြီးကို ဦးစွာအားပေးရမည်။ တစ်ဆက်တည်း အဖေ့လို တာဝန်ထမ်းဆောင်ချင်သည့် သားငယ်ကို **"အနာဂတ်အတွက် စစ်ခေါင်းဆောင်"**တွေ တစ်နည်းအားဖြင့် **"နောင်တစ်ခေတ်အတွက် အောင်စစ်သည်"**များတွင် ပါဝင်နိုင်ရန် မြေတောင်မြှောက်ပေးရဦးမည်။

ရွက်ဟောင်းကြွေ၍ ရွက်သစ်တို့ နေရာယူကြပြီ၊ အဟောင်းအဟောင်းတို့နေရာတွင် အသစ်အသစ်တို့ နေရာယူကြသည်မှာ သဘာဝ၏ အရှိတရား၊ အမှန်တရားဖြစ်သည်။ ငုပန်းတို့ လှိုင်လှိုင်ပွင့်နေပြီ၊ ပိတောက်ပန်းတို့လည်း ဖူးပွင့်ဖို့ အပြိုင်ဟန်ရေးပြနေကြသည်။

**"လွမ်းရမယ်ဆိုတာ သိပါတယ်၊
ဆွေးလို့ကျန်ခဲ့မှာ သိခဲ့လည်း၊
ရက်စက်ကံကြမ္မာကို နားလည်ရင်း. . . . . "**

**"နှစ်(၇၀)ပြည့် တပ်မတော်နေ့"**စစ်ရေးပြအခမ်းအနားကြီးကို မြင်ယောင်ပြီး ပန်းသပြေဖြင့် ဂုဏ်ပြုကြိုဆိုလိုက်ပါသည်။ ။

# ယူ-၁၅ လူငယ်ဘောလုံးပြိုင်ပွဲ ယနေ့စတင်မည်

**ရန်ကုန် မတ် ၂၄**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် နိပွန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းကျင်းပသည့် Nippon Foundation U-15 Cup တိုင်းဒေသကြီးနှင့် ပြည်နယ်ကျောင်းသားဘောလုံးပြိုင်ပွဲကို မတ် ၂၅ ရက် နံနက်ပိုင်းတွင် စတင်ကျင်းပသွားမည်ဖြစ်သည်။

ပွဲဦးထွက်ပွဲစဉ်အဖြစ် နံနက် ၈ နာရီ၌ ရှမ်း(မြောက်)နှင့် ရှမ်း(အရှေ့)၊ ညနေ ၄ နာရီ ၁၅ မိနစ်တွင် ရှမ်း(တောင်)နှင့် တနင်္သာရီ၊ စစ်ကိုင်းနှင့် ပဲခူး(အရှေ့)တို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် လူငယ်မျိုးဆက်သစ်ဘောလုံးသမားများ ထွက်ပေါ်လာစေရန်ရည်ရွယ်၍ ယခုပြိုင်ပွဲကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါပြိုင်ပွဲကို အသင်း(၁၈)သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး အုပ်စုလေးခုခွဲကာ ကျင်းပသွားမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ကချင်၊ ရှမ်း(မြောက်)၊ ချင်း၊ မွန်၊ ရှမ်း(အရှေ့)၊ အုပ်စု(ခ)တွင် ရှမ်း(တောင်)၊ ပဲခူး(အနောက်)၊ မန္တလေး၊ တနင်္သာရီ၊ အုပ်စု(ဂ)တွင် ရန်ကုန်၊ စစ်ကိုင်း၊ ရခိုင်၊ ကယား၊ ပဲခူး(အရှေ့)၊ အုပ်စု(ဃ)တွင် ကရင်၊ မကွေး၊ နေပြည်တော်နှင့် ဧရာဝတီတို့ ပါဝင်နေသည်။ ပြိုင်ပွဲကို သုဝဏ္ဏမြက်ခင်းတုကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို မတ် ၂၅ ရက်မှ ဧပြီ ၂ ရက်အထိလည်းကောင်း၊ ကွာတားပွဲစဉ်များကို ဧပြီ ၄ ရက်တွင် လည်းကောင်း၊ ဆီမီးပွဲစဉ်များကို ဧပြီ ၆ ရက်တွင်လည်းကောင်း၊ တတိယနေရာလုပွဲကို ဧပြီ ၈ ရက်နှင့် ဗိုလ်လုပွဲကို ဧပြီ ၉ ရက်တို့တွင်လည်းကောင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် မတ် ၂၅**

၂၀၁၅ ခုနှစ် မတ် ၂၅ ရက်တွင် ကျရောက်သော ဟယ်လင်းနစ်သမ္မတနိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ဟယ်လင်းနစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာနီကိုလာအို(စ်) ကော့တ်စီရာ(စ်)ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

**(သတင်းစဉ်)**

# သံအမတ်ကြီး ဦးဇော်မြင့် သံအမတ်ခန့်အပ်လွှာပေးအပ်

**နေပြည်တော် မတ် ၂၅**

မလေးရှားနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဇော်မြင့်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် မတ် ၁၈ ရက်တွင် ကွာလာလမ်ပူမြို့၌ မလေးရှားနိုင်ငံ ဘုရင်မင်းမြတ် အယ်မူတာဆိမ် ဘီလာဟီမူဟစ်ဘူဒင် တွမ်ကူအယ်လ်ဟာ့ချ် အဗ္ဗဒူလ် ဟာလင်မူအက်ဇမ်ရှား အစ်ဘ်နီအယ်လ် မာဟုမ် စူလ်တန်ဘက်လစ်ရှားထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ၂၀၁၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း ယာဉ်မောင်းသူများလိုက်နာရန် စည်းကမ်းချက်များ

၂၀၁၄ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း တစ်နိုင်ငံလုံးအနေဖြင့် ယာဉ်မတော်တဆမှု ၃၆၀ ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရရှိသူ ၉၁၇ ဦး၊ သေဆုံးသူ ၉၄ ဦး ရှိခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် ယာဉ်မတော်တဆမှု အများဆုံးဖြစ်ပွားခဲ့ကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ၂၀၁၅ ခုနှစ် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း မိဘပြည်သူများ ယာဉ်မတော်တဆမှုကြောင့် ထိခိုက်နစ်နာမှုမရှိစေရေး၊ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးတို့အတွက် ယာဉ်မောင်းသူများအနေဖြင့် အောက်ပါစည်းကမ်းချက်များအား တိကျစွာလိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

၁။ မူးယစ်သောက်စား၍ ယာဉ်မောင်းနှင်ခြင်း မပြုရ။
၂။ အပျော်လွန်ကျူး စည်းကမ်းမဲ့ ပြိုင်မောင်းခြင်း၊ လုမောင်းခြင်း၊ အရှိန်ပြင်းမောင်းခြင်း မပြုရ။
၃။ ယာဉ်နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်း မပြုရ။
၄။ ယာဉ်၏ဘေးတံခါးများ၊ နောက်ဖုံးများ ဖြုတ်၍မောင်းနှင်ခြင်း မပြုရ။
၅။ ဖျက်သိမ်းထားသော ယာဉ်အိုယာဉ်ဟောင်းများနှင့် ပြုပြင်ဆဲယာဉ်များအား မောင်းနှင်ခြင်း မပြုရ။
၆။ ယာဉ်ကြောပြောင်းပြန်စီးနင်းမောင်းနှင်ခြင်း မပြုရ။
၇။ ထော်လာဂျီကဲ့သို့ အနှေးယာဉ်များကိုအသုံးပြု၍ ရေကစားခြင်း မပြုရ။
၈။ မော်တော်ဆိုင်ကယ်များအား အိတ်ဇောပိုက်ဖြုတ်၍စီးခြင်း၊ အသံကျယ်လောင်စွာ စီးခြင်း၊ နံပါတ်မမြင်အောင် တွန့်ခေါက်၍ စီးခြင်း၊ ရှေ့/နောက်နံပါတ်ပြားမပါဘဲစီးခြင်း၊ နှစ်ဦးထက်ပို၍ စီးခြင်း၊ ဆိုင်ကယ်စီးဦးထုပ်မပါဘဲစီးခြင်းများ မပြုရ။
၉။ သံစုံဟွန်းများ တပ်ဆင်ကာ အသုံးမပြုရ။
၁၀။ မော်တော်ယာဉ်များတွင် ညစ်ညမ်းသောစာသားများ၊ ဆိုင်းဘုတ်၊ ပန်းချီ၊ ရုပ်ပုံ၊ အခြားမသင့်လျော်သောပစ္စည်းများ ရေးသား ချိတ်ဆွဲ၍ မောင်းနှင်ခြင်း မပြုရ။

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

# ကျိုင်းတုံမြို့နယ်၌ ဘိန်းစိမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၄**

မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များသည် မတ် ၂၃ ရက်က ကျိုင်းတုံမြို့နယ် ကျိုင်းဖောင်း ရဲကင်းရှေ့ လမ်းမပေါ်တွင် တောင်ကြီးမှ ကျိုင်းတုံမြို့တွင်းသို့ အိန္ဒက(ခ)အိုက်ကောမောင်းနှင်ပြီး ခမ္မဝံ(ခ)အိုက်လုံနှင့် ကောသလ(ခ)အိုက်ဆာတို့လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ အိန္ဒက(ခ)အိုက်ကော၏ ခါးကြားမှ ကော်ဘူးဖြင့်ထည့်လျက် ဘိန်းစိမ်းသုည ဒသမ ၀၁ ကီလို၊ မြန်မာငွေကျပ် တစ်သိန်းနှင့် ဟန်းဆက်တစ်လုံး၊ ခမ္မဝံ(ခ) အိုက်လုံ၏ခါးကြားမှ ကော်ဘူးဖြင့်ထည့်လျက် ဘိန်းစိမ်း သုည ဒသမ ၀၁၆ ကီလိုနှင့် မြန်မာငွေကျပ် ၁၀၀၀၀၊ ကောသလ(ခ)အိုက်ဆာ၏ ခါးကြားမှ မြန်မာငွေကျပ် ၁ ဒသမ ၅ သိန်းနှင့် လက်ကိုင်ဖုန်း တစ်လုံး၊ မော်တော်ဆိုင်ကယ်နောက်ကယ်ရီယာပေါ်မှ ကြွပ်ကြွပ်အိတ်အတွင်း မိုင်းကိုင်စက္ကူဖြင့်ထုပ်လျက် ဘိန်းစိမ်း ၁ ဒသမ ၇ ကီလိုတို့ကို သိမ်းဆည်းရမိသဖြင့် အိန္ဒက(ခ)အိုက်ကော(၂၅)နှစ်၊ ခမ္မဝံ(ခ)အိုက်လုံ(၅၀)နှစ်နှင့် ကောသလ(ခ)အိုက်ဆာ(၂၅)နှစ်တို့ သုံးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(မူးယစ်ဗဟို)**

ပြည်တွင်းရေးရာ

# စာနယ်ဇင်းအသိအမြင်တိုးပွားစေပြီး မြန်မာနိုင်ငံ၏ ပကတိအခြေအနေကို မြင်တွေ့စေမည့် IPI ညီလာခံ

မိုးသူဇာစိုး

လူသားများအကြားနားလည်စာနာမှုရှိရန် အခြေခံလိုအပ်ချက်အနေဖြင့် ကမ္ဘာ့စာနယ်ဇင်းသမားများအကြား နားလည်စာနာမှုရှိရေးအတွက် ဖွဲ့စည်းတည်ထောင်ခဲ့သည့် နိုင်ငံတကာစာနယ်ဇင်းအဖွဲ့အစည်း (IPI) ၏ (၆၅) ကြိမ်မြောက် ကမ္ဘာ့ညီလာခံကို မတ် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တာ ကျင်းပတော့မည်ဖြစ်သည်။

IPI ညီလာခံသို့ ကမ္ဘာတစ်ဝန်းမှ ထင်ရှားကျော်ကြားသော မီဒီယာအဖွဲ့အစည်းများ၊ ထုတ်ဝေသူများ၊ အယ်ဒီတာများ၊ သတင်းစာဆရာများစသဖြင့် မီဒီယာဆိုင်ရာ ကဏ္ဍစုံမှ ပုဂ္ဂိုလ်များ ပါဝင်တက်ရောက်လေ့ရှိရာ မြန်မာနိုင်ငံ၌ ပထမဆုံးအကြိမ် ကျင်းပမည့် ညီလာခံတွင် ပါဝင်ဆွေးနွေးကြမည့် မြန်မာ့မီဒီယာအဖွဲ့အစည်းအသီးသီးမှ တာဝန်ရှိသူများ အချို့နှင့် တွေ့ဆုံမေးမြန်းမှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**ဦးသောင်းစုငြိမ်း မန်နေဂျင်းဒါရိုက်တာ Information Matrix ကုမ္ပဏီ**

IPI World Congress ရဲ့(၆၅) ကြိမ်မြောက်ပွဲကို မြန်မာနိုင်ငံမှာ ပထမဆုံးအကြိမ် ကျင်းပတော့မှာဖြစ်ပါတယ်။ ဒီပွဲမှာ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာက မီဒီယာလုပ်ငန်းတွေမှာ ပါဝင်လုပ်ကိုင်နေတဲ့ အဖွဲ့အစည်းအသီးသီးက ထုတ်လုပ်သူ၊ အယ်ဒီတာ၊ ဂျာနယ်လစ်တွေရဲ့ အတွေ့အကြုံနဲ့ အမြင်တွေ ထိတွေ့ဖလှယ်ခွင့်ရတယ်ဆိုတော့ ကျွန်တော်တို့ စိတ်ဝင်စားတာနဲ့ စတင်ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ လောလောဆယ်မှာ မီဒီယာမိတ်ဖက်အဖွဲ့အစည်းအနေနဲ့ ပါဝင်ထားပြီး ပွဲနဲ့ပတ်သက်တဲ့ ပစ္စည်းပစ္စယ အချို့ထောက်ပံ့ဖို့ လိုအပ်တဲ့အပိုင်းမှာ ပါဝင်ဆောင်ရွက်ပေးနေပါတယ်။ နောက်ပြီး နိုင်ငံတကာက လာရောက်ကြမယ့် သတင်းထောက်တွေကိုလည်း 7 Day သတင်းခန်းကို လာရောက်လေ့လာဖို့ ဖိတ်ခေါ်ထားပါတယ်။

ဒီဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးသူအနေနဲ့ မီဒီယာလုပ်ငန်းတွေရဲ့ ဝင်ငွေ၊ အကျိုးအမြတ်တွေ၊ လုပ်ငန်းနယ်ပယ်နဲ့ ပတ်သက်ပြီး ဆွေးနွေးရမှာဖြစ်ပါတယ်။ အခုဆိုရင် မြန်မာနိုင်ငံမှာ ဒစ်ဂျစ်တယ်မီဒီယာနဲ့ လူမှုကွန်ရက်မီဒီယာတွေကြောင့် မီဒီယာလုပ်ငန်းရဲ့ ဝင်ငွေပိုင်းဆိုင်ရာ ပြောင်းလဲမှုတွေ စတင်ဖြစ်ပေါ်နေပါပြီ။ ဒါတွေကြောင့် မီဒီယာလုပ်ငန်းတွေအပေါ်မှာ ဘယ်လိုအကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်နိုင်လဲ။ ဒီလိုစိန်ခေါ်မှုတွေကို ဘယ်လို ရင်ဆိုင်ကြမလဲဆိုတဲ့အပေါ်မှာ အမြင်တွေဖလှယ်မှာဖြစ်ပါတယ်။

နိုင်ငံတကာမှာ ဖြစ်ပေါ်ပြောင်းလဲနေတဲ့ မီဒီယာရေစီးကြောင်းအရ ပုံနှိပ်မီဒီယာက ကျဆင်းနေတယ်ဆိုတာ သိရပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေရဲ့ သတင်းလုပ်ငန်းအခြေအနေတွေမှာလည်း လွန်ခဲ့တဲ့ ၁၀ နှစ်၊ ၁၅ နှစ်လောက်က အခြေအနေနဲ့ လုံးဝမတူတော့ဘူး။ အရင်က အမေရိက၊ ယူကေနဲ့ ကနေဒါစတဲ့ ကမ္ဘာ့နိုင်ငံကြီးတွေမှာဆိုရင် သတင်းစာဖတ်တဲ့အားက အိမ်ထောင်စုရဲ့ ၅၀ ရာခိုင်နှုန်းလောက်ရှိပြီး အိမ်ထောင်စုထက်ဝက်လောက်က သတင်းစာတွေ နေ့စဉ်ယူကြပါတယ်။ သတင်းစာကို အားကိုးပြီး သတင်းစာလုပ်ငန်းတွေလည်း တိုးတက်အောင်မြင်ခဲ့ကြတယ်။ ပြီးခဲ့တဲ့ ၁၀ နှစ် ၁၅ နှစ်လောက်ကနေစပြီးတော့ ဒစ်ဂျစ်တယ်မီဒီယာဆိုတာ ပေါ်လာပြီး အင်တာနက်ပေါ်ကနေ လူတွေက သတင်းတွေ ဖတ်လို့ရလာတယ်။ ဒါထက်ပိုပြီး တွန်းအားဖြစ်စေတာက ၂၀၁၀ ဝန်းကျင်နောက်ပိုင်းလောက်မှာ စမတ်ဖုန်းတွေပေါ်လာပြီး လူတိုင်းလက်ထဲမှာ ငါးလက်မအရွယ် ဖန်သားပြင် လေးတစ်ခုက သွားလေရာမှာ ပါလာတော့ အဲဒီအပေါ်မှာသတင်းကို အချိန်နဲ့တစ်ပြေးညီရယူလာနိုင်တယ်။ အထူးသဖြင့် လူငယ်တွေ အချိန်နဲ့တစ်ပြေးညီ ၂၄ နာရီလုံး သတင်းကို ရယူသုံးစွဲမယ်ဆိုတဲ့ ပုံစံမျိုးပြောင်းလာတယ်။

ကမ္ဘာ့နိုင်ငံကြီးတွေမှာလည်း အိမ်ခြေရဲ့ ထက်ဝက်ကျော် သတင်းစာယူနေရာက သုံးပုံတစ်ပုံလောက်ပဲ သတင်းစာယူတော့တဲ့ ပုံစံမျိုးဖြစ်လာတယ်။ သတင်းစာဖတ်တဲ့ အရေအတွက် လျော့သွားတာမျိုးမဟုတ်ဘဲ သတင်းကတော့ ပိုမိုသုံးစွဲလာတယ်။ ပုံနှိပ်သတင်းစာကို နေ့စဉ်နံနက်တိုင်း ယူမယ်ဆိုတဲ့ အလေ့အကျင့်တစ်ခုပြောင်းသွားပြီး အွန်လိုင်းပေါ်ကိုပြောင်းသွားတယ်။ သတင်းမီဒီယာလုပ်ငန်းတွေအတွက် စာဖတ်သူ အရေအတွက် စုစုပေါင်းမှာ လျော့မသွားဘဲ ပိုပြီးတော့တိုးလာတယ်လို့တောင် ပြောလို့ရတယ်။ အထူးသဖြင့် ကမ္ဘာကျော် နယူးယောက်တိုင်းစ်၊ ဒေးလီးမေးလ်လို သတင်းစာကြီးတွေမှာ သူတို့ရဲ့ စာဖတ်ပရိသတ်ဦးရေက သန်းပေါင်း ဆယ်ဂဏန်း၊ ရာဂဏန်းလောက်အထိရှိတယ်။ ဒါတော်တော်ကို ကြီးမားတဲ့ အင်အားပေါ့။ ဒါပေမယ့် ပုံနှိပ်မီဒီယာမှာကျတော့ ဝယ်ဖတ်တဲ့သူက ကျဆင်းလာတယ်။ ဖတ်တဲ့သူဘက်မှာ တိုးပွားနေပြီး ပုံနှိပ်ဘက်မှာ ကျဆင်းနေတဲ့ အနေအထားမှာ ထုတ်ဝေသူ လုပ်ငန်းရှင်တွေအနေနဲ့က ပြဿနာတစ်ခုက စာဖတ်သူဦးရေတိုးပွားလာတဲ့ ဒစ်ဂျစ်တယ်မီဒီယာအပေါ်မှာ ဝင်ငွေဘယ်လိုယူရမလဲဆိုတဲ့ စီးပွားရေးပုံစံတစ်ခုက မြန်မာနိုင်ငံတင်မကဘူး ကမ္ဘာ့နိုင်ငံကြီးတွေမှာပါ ဒီ Model က ကောင်းကောင်းမပေါ်လာသေးဘူး။

အခုဆိုရင် မီဒီယာလုပ်ငန်းတွေအနေနဲ့ ဒီစိန်ခေါ်မှုကို ကျော်ဖြတ်နေရဆဲဖြစ်ပြီး နောက်နှစ်အနည်းငယ်အတွင်းမှာ မီဒီယာရေစီးကြောင်းသစ်တစ်ခုကို ဖော်ရမယ်။ ဒီလုပ်ငန်းတွေ လုပ်တဲ့အခါမှာလည်း သတင်းထောက်၊ အယ်ဒီတာ၊ ဒီဇိုင်နာ၊ ရုံးခန်း၊ ပစ္စည်းကိရိယာ အထောက်အပံ့တွေ ဒါတွေကလည်း ကုန်ကျစရိတ်တွေ ရှိတာဖြစ်တဲ့အတွက် ဒီအတွက်ကို ဝင်ငွေရှာလို့ရတဲ့ Revenue



ဦးသောင်းစုငြိမ်း။

Generation တစ်ခုခုကတော့ ရှိကိုရှိရမယ်။

ဒစ်ဂျစ်တယ်ခေတ်မှာ အခုသွားနေတဲ့ ပုံစံမျိုးနဲ့ ရှာလို့မရဘူးဆိုရင် ဘယ်လိုရှာရင်ရမလဲဆိုတဲ့ နည်းလမ်းတွေက အမျိုးမျိုးရှိတယ်။ လစဉ်ကြေးတွေကောက်ခံတဲ့စနစ်နဲ့ သွားမလား၊ ဒါမှမဟုတ် သတင်းတိုတစ်စောင်ပေးပို့ရင် ဘယ်နှကျပ်ဆိုတာမျိုးနဲ့ ကောက်ခံရမလား၊ နောက်တစ်ခုက သတင်းစာထဲမှာပါတဲ့ သတင်းအားလုံးကို ပေးဖတ်မယ်။ ဒါပေမယ့် ဒီထက်ပိုပြီး သုတေသနပြုထားတဲ့ အချက်အလက်တွေ ပါဝင်တဲ့ သတင်းတွေ၊ ခြောက်လ တစ်နှစ်ကျော်ကြာခဲ့ပြီးတဲ့ သတင်းတွေကို ပြန်လည်ဖတ်ရှုချင်တယ်ဆိုရင် ငွေကြေးဘယ်လောက်ပေးရမယ်ဆိုတာမျိုးနဲ့ ကြော်ငြာဝင်ငွေအပေါ်မှာ မှီခိုပြီးတော့ လုပ်မလားဆိုတာတွေ ကျွန်တော်တို့ စဉ်းစားနေရတဲ့အချိန်ဖြစ်ပါတယ်။

ဒီလိုပြောင်းလဲလာတဲ့ မီဒီယာစီးဆင်းမှုအပေါ်မှာ ဒစ်ဂျစ်တယ်ဂျာနယ်လစ်ဇင်လို့ သွားနေတဲ့အခါမှာ ဆိုရှယ်မီဒီယာကလည်းအရေးကြီးပါတယ်။ နောက်ဒစ်ဂျစ်တယ်ဆိုင်ရာ အရည်အသွေးတွေ၊ ဒစ်ဂျစ်တယ် နည်းပညာတွေကြောင့် တင်ဆက်ပုံအပိုင်းတွေ ပြောင်းလဲသွားပါတယ်။ တင်ဆက်ပုံမှာ ပုံနှိပ်သတင်းစာနဲ့ ဒစ်ဂျစ်တယ်မီဒီယာမှာ ကွာခြားမှုရှိလာပါတယ်။ ပုံမှန် ပုံနှိပ်လုပ်ငန်းစဉ်အတိုင်းသွားနေတဲ့ အချိန်ဇယားနဲ့ ဒစ်ဂျစ်တယ်ခေတ်မှာ အချိန်သတ်မှတ်ပြီးသွားလို့မရတော့ဘူး။ ဖြစ်ရင် အခုချက်ချင်းတင်ပေးမှ စာဖတ်သူကလည်း ကျေနပ်တော့တယ်။ မဟုတ်ရင်ကိုယ့်ရဲ့ ပြိုင်ဘက်မီဒီယာတွေဆီကို ရောက်သွားမယ်။ ဥပမာ-မီးလောင်တာပဲဖြစ်ဖြစ်၊ အရေးပေါ်သတင်းတစ်ခုပဲဖြစ်ဖြစ် ပေါ်လာရင် စာဖတ်သူအတွက် ချက်ချင်းဖော်ပြပေးရတယ်။

ဒီနေရာမှာ ဂျာနယ်လစ်တွေအပေါ်မှာ အချိန်ရဲ့ ဖိအား (Time Pressure)က ရောက်လာတယ်။ ဂျာနယ်လစ်တွေအနေနဲ့ သတင်းယူရာမှာ ချက်ချင်းဆိုသလို ဒီသတင်းက မှန်လည်းမှန်ရမယ်၊ မြန်လည်းမြန်ရမယ်ဆိုတဲ့ ဖိအားနှစ်ခုကို ပေါင်းလုပ်ရပြီး အစီအစဉ်တွေပြောင်းသွားတယ်။

နောက်တစ်ချက်က တင်ဆက်ပုံမှာ သတင်းတစ်ခုအနေနဲ့ ပြီးအောင်ရေးလိုက်တဲ့ သတင်းတစ်ခုက စာရွက်ပေါ်မှာ ပါသွားတာမျိုးမဟုတ်ဘဲ ဖေ့စ်ဘွတ်ပေါ်မှာ အချိန်ယူပြီး တင်တဲ့အခါ ခေါင်းစဉ်နဲ့ စာသားနဲ့ ဘယ်လိုတွဲဖက်ပြီး တင်ဆက်မလဲဆိုတာတွေ ရှိလာပါတယ်။ နိုင်ငံတကာမှာတော့ သတင်းတိုလေးတွေတင်တဲ့ လူမှုကွန်ရက်တွေရှိတယ်။ အဲဒါတွေအပေါ်မှာ ခေါင်းစဉ်တွေပြောင်းရေးပြီး ပြန်တင်ရတယ်။ အရင်က ဂျာနယ်လစ်တစ်ယောက်က သတင်းရေးရင်ရပြီ။ သူနဲ့ ပတ်သက်တဲ့ သတင်းဓာတ်ပုံဆရာ ဓာတ်ပုံကောင်းကောင်း၊ ဒါမှမဟုတ် ဒီဇိုင်းဆရာက ပုံဆွဲပေးရင်ရပြီ။ အခုခေတ်မှာကျတော့ စာဖတ်သူတွေက ဒီထက်ပိုကောင်းတာတွေကို မျှော်လင့်လာတယ်။ Multimedia Interactive နဲ့ Infographic ဆိုတဲ့



ဒေါ်မေသကြာ်န်ဟိန်။

သတင်းအချက်အလက်ကို ဘားဂရပ်တွေနဲ့ ရက်စွဲအလိုက် ဖော်ပြတာတွေက အတတ်ပညာပိုင်းမှာ အများကြီးပါဝင်လာတယ်။ အရင်ကလို စာသားချည်းနဲ့ သတင်းရေးဖို့တင်မဟုတ်ဘဲ Infographic သတင်းကောင်းကောင်းတစ်ပုဒ်ရဖို့ အချက်အလက်၊ ဇယားတွေကို ဘယ်လိုရှာဖွေမလဲ၊ ဘယ်လို ရှုထောင့်ကနေ တင်ဆက်မလဲဆိုတာတွေပါလာတယ်။ ဒါကြောင့် ကျွန်တော်တို့ ဂျာနယ်လစ်တွေအနေနဲ့ အတတ်ပညာပိုင်းမှာ စွယ်စုံရအောင် လုပ်ဖို့ လိုလာတယ်။ အယ်ဒီတာတွေနဲ့ ပူးပေါင်းပြီးလုပ်ဖို့လိုလာတယ်။ ဒါကတော့ တင်ဆက်ပုံနဲ့ပတ်သက်ပြီး ပြောင်းလဲလာတဲ့ အနေအထားပါ။

နောက်တစ်ခုက ဒစ်ဂျစ်တယ်ခေတ်မှာ လူမှုကွန်ရက်တွေက အားကောင်းလာတယ်။ လူမှုကွန်ရက်စာမျက်နှာမှာ Follower တစ်သောင်းလောက်ရှိတဲ့သူအနေနဲ့က သူရေးသား ပြောဆိုလိုက်တဲ့အပေါ်မှာ လူပေါင်းတစ်သောင်းလောက်က ချက်ချင်းသိရှိသွားနိုင်တယ်။ အရင်ခေတ်ကဆိုရင် ဒါက ဂျာနယ်လေးတစ်စောင်ရဲ့ စာဖတ်သူဦးရေနီးပါးလောက်ထိကို ရှိတယ်။ ဒီမှာရေးသားပြောဆိုတာတွေက မီဒီယာအသေးစားလေးဖြစ်လာတယ်။ အလားတူပဲ အွန်လိုင်းပေါ်မှာ နာမည်ကြီးနေတဲ့ လူပုဂ္ဂိုလ်တွေရှိနေပြီး သူတို့ ရေးသားလိုက်တာတွေကို သူတို့ရဲ့ Follower တွေက Like၊ Comment၊ Share တာတွေ သောင်းနဲ့၊ သိန်းနဲ့ချီပြီး တက်လာတယ်။ သူတို့တွေက တစ်ခုခုရေးသားလိုက်တယ်ဆိုရင် ဒီဘက်က စနစ်တကျ ထုတ်ဝေနေတဲ့ ပုံနှိပ်မီဒီယာရဲ့ ပရိသတ်အင်အားလောက်ကို ဆိုရှယ်မီဒီယာမှာ ရရှိတယ်။ ဒါတွေကလည်း ဘယ်လိုစိန်ခေါ်မှုတွေဖြစ်လာလည်းဆိုတော့ မီဒီယာအဖွဲ့အစည်းက တင်ပြတဲ့ သတင်းတွေမှာ ထောက်ပြတာမျိုးရှိလာရင် ဆိုရှယ်မီဒီယာ ပရိသတ်ရှိနေသူက မီဒီယာကို ပြန်ပြီးစောင့်ကြည့်နိုင် တဲ့ ဆိုရှယ်မီဒီယာတစ်ခုအနေနဲ့ အခုအချိန်မှာ အလွန်အင်အားကြီးနေတာကိုလည်း ကြည့်ရမှာတွေ ရှိလာတယ်။

ဥပမာ-အရင်က ဂျာနယ်လစ်တစ်ယောက်က တစ်ခုခုမှားရင် အယ်ဒီတာကို အသိပေးတာ၊ စာဖတ်သူတွေက ဖုန်းဆက်ပြီး ထောက်ပြတာမျိုးတွေပဲရှိမယ်။ လိုအပ်တဲ့ အမှားပြင်ဆင်ချက်ကို နောက်တစ်နေ့ သတင်းစာမှာ ဖော်ပြပေးမယ်။ ဆိုရှယ်မီဒီယာမှာတော့ ချက်ချင်းထောက်ပြတာရှိလာတယ်။ ကောင်းတာက ဒီအမှားကို ဝန်ခံတောင်းပန်ပြီး နောက်တစ်ကြိမ်မှာ ဆင်ခြင်နိုင်တယ်။ ဆိုးတာက မှန်သည်ဖြစ်စေ၊ မှားသည်ဖြစ်စေ ဆိုရှယ်မီဒီယာရဲ့ ဖိအားကို သတင်းကိုနောက်တစ်ကြိမ်မဖော်ပြရဲအောင် ဝိုင်းပြီး ဖိအားပေးတာမျိုးတွေရှိလာရင် သတင်းထောက်အနေနဲ့ နောင်သတင်းဖော်ပြဖို့ စိုးရိမ်စိတ်တွေ ဖြစ်လာနိုင်ပါတယ်။ ဒါကလည်း ဆင်ဆာလုပ်တဲ့ နည်းလမ်းတစ်မျိုးပေ့ါ။ ဒီလိုစိန်ခေါ်မှုတွေက ဒစ်ဂျစ်တယ် မီဒီယာခေတ်မှာ ရှိလာပါတယ်။

ဆိုရှယ်မီဒီယာနဲ့ ပတ်သက်ပြီး နိုင်ငံခြားက အစိုးရဌာနတွေရဲ့ ဆိုရှယ်မီဒီယာသုံးစွဲပုံမှာ ကောင်းတဲ့သင်ခန်းစာနဲ့ အတုယူဖို့တွေ တွေ့နေရတယ်။ ဥပမာ-လွန်ခဲ့တဲ့ ရက်ပိုင်းအတွင်းက ကွယ်လွန်ခဲ့တဲ့ စင်ကာပူဝန်ကြီးချုပ်ရဲ့ သတင်းတွေကို ဆိုရှယ်မီဒီယာအပေါ်မှာ ဘယ်လိုကြေညာချက်တွေ ထုတ်ပြန်တယ်ဆိုတာ ဝန်ကြီးချုပ်ရုံးကနေ ရိုးရှင်းပြီး တိကျတဲ့ စာသားလေးတွေနဲ့ အချိန်နဲ့တစ်ပြေးညီ တုံ့ပြန်ပြီး ထုတ်ပေးသွားတာတွေက သူတို့ နိုင်ငံသားတွေအနေနဲ့ သိချင်တဲ့အချက်ကို တန်းပြီးရတယ်ဆိုတာမျိုး။ အမေရိကမှာဆိုရင်လည်း လူထုဆက်ဆံရေးပိုင်းကို ဘယ်လိုပုံစံမျိုးနဲ့ တင်ပြမလဲဆိုတာမျိုးကို တိတိကျကျနဲ့ စနစ်တကျ စီမံထားတာတွေ့ရပါတယ်။ အဝတ်အစားနဲ့ အခမ်းအနားအပြင်အဆင်ကအစ အလေးအနက်ထားပါတယ်။ သူတို့အနေနဲ့ လူထုရဲ့ အထင်အမြင်လွဲမှားသွားမှာမျိုး၊ နောင်လုပ်ရမယ့် တာဝန်တွေအပေါ်မှာ အကျိုးသက်ရောက်မှုနဲ့ ရွေးကောက်ပွဲတွေမှာ အပြောင်းအလဲရှိလာတာမျိုး၊ မီဒီယာနဲ့လူထုက ထောက်ပြဝေဖန်မယ်ဆိုတာမျိုးကို အလေးအနက်ပြုပြီး ရှောင်ရှားကြပါတယ်။ မြန်မာနိုင်ငံမှာတော့ ဝန်ကြီးဌာနတွေမှာ ဆိုရှယ်မီဒီယာနဲ့ ပတ်သက်ပြီး အကြံပေးသူတွေ၊ တတ်ကျွမ်းသူတွေ သိပ်ပြီးများများစားစားမရှိသေးဘူးဆိုတာ တွေ့နေရတယ်။ ဝန်ကြီးဌာနတွေအနေနဲ့ ဆိုရှယ်မီဒီယာမှာ အချိန်မှန်မှန် သတင်းတိုလေးတွေ ထုတ်ပြန်ပေးတာ၊ ပြည်သူလူထုနဲ့ တိုက်ရိုက်ဆက်သွယ်တာမျိုးတွေလုပ်ဖို့ အကြံပေးချင်ပါတယ်။ ဒီလိုဆောင်ရွက်တဲ့အခါမှာလည်း မှားယွင်းပြီးမလုပ်မိအောင် လိုအပ်တဲ့ သင်တန်းတွေပေးပြီး နည်းပညာကျွမ်းကျင်သူတွေနဲ့ တိုင်ပင်ပြီးလုပ်ဖို့လည်း အကြံပေးချင်တယ်။

IPI World Congress မှာ နိုင်ငံတကာနဲ့ မြန်မာနိုင်ငံက သတင်းမီဒီယာလုပ်ငန်းရှင်တွေနဲ့ သတင်းမီဒီယာဆိုင်ရာပုဂ္ဂိုလ်တွေ တက်ရောက်ကြမှာဆိုတော့ မီဒီယာဆိုင်ရာ စိန်ခေါ်မှုနဲ့ အခက်အခဲတွေကို အတွေ့အကြုံရှိတဲ့ သတင်းမီဒီယာသမားတွေနဲ့ နှီးနှောဖလှယ်ခွင့်ရတဲ့အတွက် အကျိုးများပါတယ်။ နောက်နိုင်ငံတကာက ကြည့်ရှုနေတဲ့ သတင်းမီဒီယာတွေမှာ ဖော်ပြတဲ့ဖြစ်ရပ်တချို့က ရန်ကုန်တစ်မြို့လုံးကို ကိုယ်စားမပြုဘဲ ရန်ကုန်မြို့ရဲ့ ပကတိအခြေအနေကို သူတို့ ကိုယ်တိုင်ကိုယ်ကျ မြင်တွေ့သွားစေချင်တယ်။ နောက်တက်ရောက်ကြမယ့် CSO အဖွဲ့အစည်းတွေက ကိုယ်စားလှယ်တွေအနေနဲ့လည်း သက်ဆိုင်ရာဒေသအလိုက် အကျိုးကျေးဇူးရှိအောင် မီဒီယာကို အသုံးပြုပြီး ဘယ်လိုဖော်ထုတ်သွားနိုင်မလဲ ဆိုတာကို ကျွန်တော် မျှော်လင့်ပါတယ်။

စာမျက်နှာ ၁၃ သို့ ❒



**✻ လက်ပံတန်းမှ**

ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက လိုအပ်သည်များ ရှင်းလင်းမှာကြားပြီး သက်ဆိုင်ရာမိဘအုပ်ထိန်းသူများနှင့် ဆွေမျိုးများထံ ပြန်လည်အပ်နှံစေလွှတ်ပေးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ သိရသည်။ **(သတင်းစဉ်)**

## လက်ပံတန်းဖြစ်စဉ်တွင် မိဘဆွေမျိုးများထံ ပြန်လည်အပ်နှံစေလွှတ်ခဲ့သူများ

| စဉ် | အမည် | အသက် | အဘအမည် | နေရပ်လိပ်စာ |
|---|---|---|---|---|
| ၁။ | တိုးအောင် | (၄၄)နှစ် | ဦးထွန်းမြင့် | (၄)လမ်း၊ မြောက်ပိုင်း၊ မင်းရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၂။ | စိုးဝင်းအောင် | (၂၅)နှစ် | ဦးအောင်မြင့်သန်း | ပြည်တော်အေးလမ်း၊ လက်ပံတန်းမြို့။ |
| ၃။ | မျိုးသိန်း(ခ)ကံကောင်း | | ဦးမျိုးအောင် | ၄ လမ်း၊ စည်ပင်ဝင်း၊ လက်ပံတန်းမြို့။ |
| ၄။ | ချစ်လင်းစိုး | (၂၅)နှစ် | ဦးစိုးဝင်း | ရှမ်းကွင်းရွာ၊ နဘဲလမ်း၊ လက်ပံတန်းမြို့။ |
| ၅။ | အောင်သူ | (၂၈)နှစ် | ဦးစိန်ဟန် | တာဆိပ်ကျေးရွာ၊ နတ်စင်ကုန်းအုပ်စု၊ လက်ပံတန်းမြို့။ |
| ၆။ | အောင်ဇော်မင်း | (၃၈)နှစ် | ဦးကြည်သိန်း | လက်ပံပင်စုရွာ၊ မင်းရပ်ရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၇။ | သူရဇော် | (၃၅)နှစ် | ဦးဇော်မင်း | စိန်တုံးရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၈။ | အောင်ဆန်း | (၂၅)နှစ် | ဦးသန်းထွန်း | ပေါက်ကုန်း၊ ပြည်တော်အေး၊ လက်ပံတန်းမြို့။ |
| ၉။ | အေးလွင် | (၃၇)နှစ် | ဦးလှမြင့် | တော်လသာကျေးရွာ၊ လက်ပံတန်းမြို့။ |
| ၁၀။ | သူရ(ခ)ချွန်ကြီး | (၂၈)နှစ် | ဦးမြင့်ဦး | ကညင်ဆိပ်ကျေးရွာ၊ ဘီးလင်းတန်းရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၁၁။ | ကျော်သူဝင်း(ခ)ကျော်သူ | (၂၉)နှစ် | ဦးမြင့်အေး | ကညင်ဆိပ်ကျေးရွာ၊ ဘီးလင်းတန်းရပ်ကွက်။ |
| ၁၂။ | မျိုးကျော်သူ(ခ)ဖိုးဖြူ | (၃၅)နှစ် | ဦးတင်လှိုင် | ကညင်ဆိပ်ကျေးရွာ၊ ဘီးလင်းတန်းရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၁၃။ | ထက်ဦးအောင်(ခ) ချစ်ရင်ထူး | (၂၃)နှစ် | ဦးတင်ထွန်းအောင် | လမ်းသွယ်(၁)၊ မင်းရပ်ရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၁၄။ | ထွန်းထွန်းလင်း(ခ)စနေ | (၃၂)နှစ် | ဦးတင်လှ | တော်ပီစံပြကျေးရွာ၊ ညောင်လေးပင်မြို့။ |
| ၁၅။ | ညွန့်ဝင်း | (၄၂)နှစ် | ဦးစံရွှေ | မိုးချိုစုရွာ၊ ရေကန်အုပ်စု၊ လက်ပံတန်းမြို့။ |
| ၁၆။ | အောင်မျိုးမင်း(ခ) အောင်အောင် | (၃၂)နှစ် | ဦးဝင်းထွန်း | ပုလဲကုန်းရွာ၊ မင်းလှမြို့။ |
| ၁၇။ | ရဲမင်းအောင် | (၃၂)နှစ် | ဦးကြည်အေး | သက္ကယ်ကုန်းရွာ၊ ပုတိမ်အုပ်စု၊ လက်ပံတန်းမြို့။ |
| ၁၈။ | လှမျိုးဦး(ခ)ဂျာလီ | (၂၇)နှစ် | ဦးမြင့်ဦး | စလမ်း၊ မြို့မရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၁၉။ | ကိုချစ်(ခ) ထွန်းထွန်းနိုင် | (၁၅)နှစ် | ဦးဘိုနီ | ပေါက်ကုန်းလမ်း၊ ဘီးလင်းတန်းရပ်ကွက်၊ လက်ပံတန်းမြို့။ |
| ၂၀။ | တင်တင်ညို(ခ) ညိုကြီး | (၂၃)နှစ် | ဦးဖြူ | ဘောဂလမ်း၊ မြို့မရပ်ကွက်၊ လက်ပံတန်းမြို့။ |

## ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်ပုံနှိပ်သတင်းစာများအား Digital သတင်းစာများအဖြစ်ပါ ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးအတွက် စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်း

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို လက်ရှိထုတ်ဝေနေသော ပုံနှိပ်သတင်းစာများအပြင် ယနေ့ခေတ်တွင် လူအများအလွယ်တကူ သုံးစွဲလျက်ရှိသည့် အဆင့်မြင့်မိုဘိုင်းတယ်လီဖုန်းများ၊ တက်ဘလက်များ၊ အိုင်ပက်များအစရှိသည့် ဒစ်ဂျစ်တယ်ပစ္စည်းများဖြင့် ဖတ်ရှုနိုင်သည့် (Digital) သတင်းစာများအဖြစ်ပါ တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ သို့ပါ၍ မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများကို သတင်းစာတစ်စောင်ခြင်းအလိုက် Website ထူထောင်ခြင်းနှင့် Digital သတင်းစာအဖြစ် ထုတ်လုပ်ခြင်းများအတွက် ဝန်ဆောင်မှုပေးနိုင်ရေးအတွက် မည်သူမဆို စိတ်ပါဝင်စားမှု အဆိုပြုလွှာများပေးပို့ကြရန် ဖိတ်ခေါ်ပါသည်။

၃။ အဆိုပြုလွှာများကို ၂၄-၄-၂၀၁၅ ရက် နံနက် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန ရုံးအမှတ်(၇) နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ကာလထက်ကျော်လွန်သော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အဆိုပြုလွှာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၂၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပုံစံများအား ၂၆-၃-၂၀၁၅ ရက်နေ့မှ ၂၄-၄-၂၀၁၅ ရက်နေ့အထိ နေ့စဉ်နံနက် (၀၉း၃၀)နာရီမှ (၁၆း၃၀)နာရီအတွင်း အောက်ဖော်ပြပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

| **အဆိုပြုလွှာပုံစံများထုတ်ယူရန်လိပ်စာ** | **အဆိုပြုလွှာတင်သွင်းရန်လိပ်စာ** |
|---|---|
| သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်<br>ဖုန်း-၀၆၇-၄၁၂၂၃၊ ၀၆၇-၄၁၂၂၈ | ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ<br>ပြန်ကြားရေးဝန်ကြီးဌာန<br>ရုံးအမှတ်(၇)၊ နေပြည်တော်ဖုန်း ၀၆၇-၄၁၂၃၂၇ |

## မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းဆင်း

**ရန်ကုန် မတ် ၂၄**

(၇) ကြိမ်မြောက် အမျိုးသားအဆင့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေး သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်းလက်မှတ် ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို မတ် ၂၃ ရက် နံနက် ၉ နာရီက ရန်ကုန်မြို့ Central Hotel ၌ ပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၊ နယ်ရုံးခွဲ တာဝန်ခံ ကိုမင်းစိုးက "ရည်ရွယ်ချက်နှစ်ခုနဲ့လုပ်တာပါ။ အဓိကက မသန်စွမ်းသူတွေ အမှီအခိုကင်းကင်းနဲ့ ကိုယ်တိုင်ကိုယ်ကျ ဘဝရပ်တည်နိုင်ဖို့ရယ်၊ နောက်တစ်ခုက နယ်မှာရှိတဲ့ မသန်စွမ်းသူတွေရဲ့ အရည်အသွေးကို မြှင့်တင်ပေးချင်တာရယ်ကြောင့်ပါ" ဟု ပြောသည်။

မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ ဦးအောင်ကိုမြင့်က "ဒီနေ့ဖွင့်တဲ့ အမျိုးသားအဆင့် မသန်စွမ်းသင်တန်းကို လာရောက်ပြီးလေ့လာပညာဆည်းပူးပြီးသွားတဲ့အချိန်နဲ့ အရင်ကအချိန် နှိုင်းယှဉ်ရင် အရမ်းကွာပါတယ်။ အရင်က သူတို့ကိုယ်သူတို့ မသန်စွမ်းဖြစ်ရတဲ့အတွက် အရမ်းကို စိတ်ပျက်အားငယ်နေကြတယ်။ ဝမ်းနည်းကြတယ်။ ဘဝကို ရင်မဆိုင်ရဲကြဘူး။ အဲလိုအတွေးတွေရှိတယ်။ သင်တန်းဆင်းသွားတဲ့အခါကျတော့ သူတို့မှာ ယုံကြည်ချက်တွေခိုင်မာလာမယ်။ စိတ်ဓာတ်တွေကအစ လူမှုရေးရှုထောင့်အမြင်တွေ မြင်တတ်လာပြီး လက်ရှိဘဝကို အမှန်အတိုင်း ရင်ဆိုင်ရဲလာမယ်။ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေမှာ ပါဝင်ဆောင်ရွက်လာနိုင်တဲ့ သူတွေဖြစ်လာလိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

အဆိုပါသင်တန်းသို့ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးတို့နှင့် ကယားပြည်နယ်၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ် အစရှိသည့် ဒေသအသီးသီးမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကာ သင်တန်းကာလမှာ မတ် ၃ ရက်မှ စတင်ဖွင့်လှစ်ခဲ့ပြီး သုံးပတ်မျှ ကြာမြင့်ခဲ့ကြောင်း သိရသည်။

အမျိုးသားအဆင့် မသန်စွမ်းလူငယ်များ ခေါင်းဆောင်မှုမြှင့်တင်ရေးသင်တန်းအား တစ်နှစ်လျှင် နှစ်ကြိမ်ဖွင့်လှစ်ကာ ယခုဖွင့်လှစ်ခဲ့သော(၇) ကြိမ်မြောက် သင်တန်းအပါအဝင် သင်တန်းသား သင်တန်းသူ ၁၁၀ တက်ရောက်ပြီးဖြစ်ကြောင်း သိရသည်။ **(သီသီမင်း)**

## ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း (အထူး)စစ်ဆေး

**နေပြည်တော် မတ် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ယာဉ်စစ်ဆေးရေးအဖွဲ့မှ သကြ်န်မတိုင်မီ ကြိုတင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း (အထူး) စစ်ဆေးဆောင်ရွက်ခြင်းကို မတ် ၂၄ ရက် နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ စစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် အမှတ်(၁) ယာဉ်ထိန်းရဲ၊ ဒုတပ်ဖွဲ့ခွဲ (နေပြည်တော်) ကွပ်ကဲမှုအောက်ရှိ အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့စု ပုဗ္ဗသီရိမြို့နယ်မှ ရဲအုပ်ကျော်ဇောအောင်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးနေဝင်းလှိုင်၊ မထသ (မြို့တွင်း)မှ ဦးအောင်ကျော်ကျော် ပါဝင်သော ပူးပေါင်းအဖွဲ့သည် နေပြည်တော်ဘုတာကြီးလမ်း ရွာတော်ဘူတာအနီး၌ မော်တော်ဆိုင်ကယ်သုံးယောက်စီးနင်းသူများ၊ ပါဝါအိတ်ဇောတပ်ဆင်ထားသူများ၊ အိတ်ဇောဖြုတ် မောင်းနှင်သူများ၊ ပတ်ဝန်းကျင် ဆူညံမှုဖြစ်ပေါ်စေရေးအတွက် နှောင့်ယှက်သည့် ယာဉ်မောင်းများနှင့် ယာဉ်လိုင်စင်၊ ယာဉ်မောင်းလိုင်စင် ပါရှိ၊ မရှိစသည့် စည်းကမ်းချက်များ စစ်ဆေးမှုပြုလုပ်ခဲ့ပြီး လိုက်နာမှုမရှိသည့် ယာဉ်မောင်းများအား အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုကိုရှုပ(နေပြည်တော်)**



**နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်အတွင်းရှိ ချယ်ရီဈေး၌ မတ် ၂၄ ရက် နံနက်ပိုင်းတွင် နယ်မြေခံမီးသတ်နှင့် မြို့နယ် မီးသတ်ဦးစီးမှူး ဦးသန့်ဇင်နှင့်အဖွဲ့က မီးသတ်ဆေးဘူး၊ မီးသတ်ကားမှ ရေဖျန်းပက်ပုံများကို မီးဘေးကြိုတင်ကာကွယ်ရေးအတွက် လက်တွေ့သရုပ်မှုကို အမေရိကန်နိုင်ငံသားတစ်ဦး လာရောက်လေ့လာနေသည်ကို တွေ့ရစဉ်။** သန်းနိုင်(ဇမ္ဗူသီရိ)

## ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ ကွမ်းလုံ၌ကျင်းပ

**ကွမ်းလုံ မတ် ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကွမ်းလုံမြို့နယ်၌ ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို မတ် ၂၄ ရက် နံနက် ၁၁ နာရီတွင် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ကွမ်းလုံမြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းဆွေက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသိန်းမြို့က ၂၀၁၅ ခုနှစ် ကမ္ဘာ့တီဘီရောဂါတိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အဖွင့်မိန့်ခွန်းအား ဖတ်ကြားပြီး တီဘီရောဂါအကြောင်း သိကောင်းစရာများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။ အဆိုပါ အခမ်းအနားသို့ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးဖူကြာမုန်း၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများစစ်ဆေး

**ကျိုက်မရော မတ် ၂၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကျိုက်မရောမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုကို မတ်လ ဒုတိယပတ်က မော်လမြိုင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်လွင်၊ မြို့နယ်ဦးစီးမှူး ဦးပြည့်စုံဦးနှင့် မြို့နယ်တာဝန်ခံအင်ဂျင်နီယာတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

**၂၅-၃-၂၀၁၅ (ဗုဒ္ဓဟူးနေ့)**

| | |
|---|---|
| ၆း၀၀ | အဖွင့်<br>-ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ ဂီတရိပ်သာ (အပိုင်း-၁၉) |
| ၆း၂၅ | "မဟော်သဓာ" (အပိုင်း-၂၄) |
| ၆း၅၅ | "ရှေ့တန်းရောက်တပ်မတော်သားများကို ဂုဏ်ပြုတင်ဆက်သည့် အနုပညာပဒေသာကပွဲ" |
| ၇း၂၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ညသူရဲကောင်း" (အပိုင်း-၂၁) |
| ၈း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီပန်းတစ်ပွင့်" (အပိုင်း-၂၂) |
| ၈း၄၀ | ပြည်သူ့ဂီတ "စေတနာ" |
| ၉း၂၀ | Orchestra Concert Myanmar |
| ၉း၄၅ | တေးဂီတအစီအစဉ် |
| ၁၀း၀၀ | မြန်မာရုပ်ရှင်(ဖြူ/မည်း) "ပျဉ်းမငုတ်တို" (ကောလိပ်ဂျင်နေဝင်း၊ ကျော်ဟိန်း၊ နွဲ့နွဲ့မူ၊ ယဉ်ယဉ်အေး) (ဒါရိုက်တာ -A.1 မောင်လှမျိုး) |

# ကချင်ပြည်နယ် မံစီမြို့နယ်အတွင်း တစ်ဖက်နိုင်ငံသို့ သစ်များခိုးထုတ်နေမှုကို တပ်မတော်စစ်ကြောင်းများက ဖော်ထုတ်ဖမ်းဆီးရာမှ KIA(ကချင်)အဖွဲ့နှင့် တိုက်ပွဲများဖြစ်ပွား

**နေပြည်တော် မတ် ၂၄**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မံစီမြို့နယ်အတွင်း မတ် ၂၀ ရက် မွန်းလွဲပိုင်းတွင် တပ်မတော်မှ လေ့ကျင့်ရေး ဂျက်လေယာဉ်များက လေ့ကျင့်ပျံသန်းစဉ် ပလောင်ဒိန်ဆာရွာနှင့် မဂျီဂွမ်ရွာအကြား၌ တရားမဝင်သစ်များ တင်ဆောင်ထားသည့် ယာဉ်တန်းအား တွေ့ရှိရကြောင်း သတင်းပို့ချက်အရ တပ်မတော် စစ်ကြောင်းများက အဆိုပါနယ်မြေအတွင်း နယ်မြေရှင်းလင်းဆောင်ရွက်ခဲ့ရာ သစ်ခိုးထုတ်နေမှုများကို အကာအကွယ်ပေးနေသည့် KIA(ကချင်)အဖွဲ့များနှင့် ထိတွေ့တိုက်ပွဲများ ဖြစ်ပွားခဲ့သည်။



တပ်မတော်စစ်ကြောင်းများက သစ်များခိုးထုတ်သယ်ယူနေမှုကို ဖမ်းဆီးရမိရေးအတွက် ပိတ်ဆို့တားဆီးရှင်းလင်းဆောင်ရွက်ခဲ့ရာ မတ် ၂၁ ရက် နံနက် ၁၁ နာရီခန့်တွင် ကိုက်ထိပ်-မံဝိန်းကြီးဒေသ၊ မံစီ-ကိုက်ထိပ်-မံဝိန်းကြီးကားလမ်း မိုင်တိုင်အမှတ် (၃၀)၏ အနောက်ဘက် လေးမိုင်ခန့်အကွာရှိ မထက်ကျေးရွာအနီး၌ KIA (ကချင်)အဖွဲ့မှ အင်အားစုအချို့နှင့် ထိတွေ့တိုက်ပွဲဖြစ်ပွားခဲ့သည်။

KIA (ကချင်)အဖွဲ့က ၎င်းနေရာတွင် ယာယီတဲများဆောက်လုပ်၍ ပစ်ကျင်းများတူးထားပြီး တပ်မတော်စစ်ကြောင်းများအား လောင်ချာနှင့် လက်နက်ငယ်များဖြင့် စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းများက စနစ်တကျပြန်လည်ခုခံတိုက်ခိုက်ခဲ့ရာ KIA(ကချင်)အဖွဲ့များ ဆုတ်ခွာသွားခဲ့သည်။ တပ်မတော်စစ်ကြောင်းက ဆုတ်ခွာသွားသော KIA(ကချင်)အဖွဲ့နောက်သို့ လိုက်လံရှင်းလင်းရာ ဖြစ်စဉ်နေရာ၏တောင်ဘက် တစ်မိုင်ခန့်အကွာတွင် သစ်လုံး ၁၂ လုံး တင်ဆောင်ထားသော ၁၀ ဘီးယာဉ် တစ်စီးအား သိမ်းဆည်းရမိခဲ့သည်။

သိမ်းဆည်းရမိခဲ့သည့် သစ်လုံးများ တင်ဆောင်ထားသော ၁၀ ဘီးယာဉ်အနီး လုံခြုံရေးဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းအား မတ် ၂၂ ရက် နံနက် ၈ နာရီခန့်တွင် KIA (ကချင်)အဖွဲ့များက ဖြန့်ခွဲ၍ စိန်ပြောင်း၊ လောင်ချာ၊ စက်လတ်များ၊ လက်နက်ငယ်များဖြင့် ဝိုင်းပတ်တိုက်ခိုက်လာသဖြင့် တပ်မတော်စစ်ကြောင်းက လေကြောင်းပစ်ကူရယူကာ ပြန်လည်တိုက်ခိုက်ခဲ့၍ ပြန်လည်ဆုတ်ခွာသွားသည်။

တပ်မတော်လေယာဉ်များက ပစ်ကူပေးတိုက်ခိုက်ခဲ့ပြီး လေယာဉ်ကွင်းသို့ ပြန်လည်ပျံသန်းလာစဉ် သစ်များတင်ဆောင်လာသော ယာဉ်တန်းအား ထပ်မံတွေ့ရှိ၍ ၎င်းယာဉ်တန်းအပေါ်မှာ ဖြတ်ကျော်ပျံသန်းစဉ် ယာဉ်တန်းမှ လေယာဉ်အား ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အဆိုပါ သစ်ခိုးထုတ်သယ်ဆောင်နေသည့် ယာဉ်တန်းအား တပ်မတော်လေယာဉ်များက ပြန်လည်ပစ်ခတ်တိုက်ခိုက်ခဲ့သည်။

ထို့အတူ မထက်ကျေးရွာ မြောက်ဘက်တွင် နယ်မြေရှင်းလင်းဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းကို မတ် ၂၂ ရက် ညနေ ၆ နာရီခန့်တွင် KIA(ကချင်)အဖွဲ့များက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လာရောက်ပစ်ခတ်တိုက်ခိုက်သဖြင့် တပ်မတော်စစ်ကြောင်းက ပစ်အားသုံးပြန်လည်တိုက်ခိုက်ခဲ့ရာ KIA(ကချင်)အဖွဲ့များ ပြန်လည်ဆုတ်ခွာသွားခဲ့သည်။ ဆုတ်ခွာသွားသော အဖွဲ့များနောက်သို့ တပ်မတော်စစ်ကြောင်းက လိုက်လံရှင်းလင်းရာ မတ် ၂၃ ရက် နံနက်ပိုင်းတွင် KIA(ကချင်)အဖွဲ့နှင့် ထိတွေ့တိုက်ပွဲထပ်မံဖြစ်ပွားခဲ့ပြီး ဆက်လက်ရှင်းလင်းရာ သစ်များတင်ဆောင်ထားသော သစ်တင်ယာဉ် ၂၅ စီးအား သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ ညနေပိုင်းတွင် တပ်မတော်စစ်ကြောင်းက အဆိုပါနေရာပတ်ဝန်းကျင်ရှိ တောင်ကုန်းများ၌ ဖြန့်ခွဲနေရာယူထားသော KIA(ကချင်)အဖွဲ့များအား တိုက်ခိုက်ချေမှုန်းခဲ့ရာ ထိတွေ့တိုက်ပွဲ နှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး လူနေတဲများနှင့် ပစ်ကျင်းများတူးထားသည့် တောင်ကုန်းနှစ်ကုန်းကို သိမ်းပိုက်နိုင်ခဲ့သည်။

အလားတူ တပ်မတော်စစ်ကြောင်းများနှင့် KIA (ကချင်)အဖွဲ့များသည် မတ် ၂၁ ရက် ညပိုင်းတွင် မံစီ-ကိုက်ထိပ်-မံဝိန်းကြီး ကားလမ်းမိုင်တိုင်အမှတ် (၂၆)အနီး၌လည်းကောင်း၊ မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် မထက်ကျေးရွာ တောင်ဘက်နှင့် အနောက်ဘက်တို့တွင်လည်းကောင်း၊ လုံခြုံရေးဆောင်ရွက်နေသော ကိုက်ထိပ်စခန်းတွင်လည်းကောင်း၊ ထိတွေ့တိုက်ပွဲများဖြစ်ပွားခဲ့ပြီး သစ်တင်ယာဉ်တစ်စီးအား သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်စစ်ကြောင်းများသည် တစ်ဖက်နိုင်ငံသို့ သစ်များခိုးထုတ်နေမှုများတွင် ပါဝင်ပတ်သက်ပြီး သစ်ခိုးထုတ်နေသည့်အဖွဲ့များကို အကာအကွယ်ပေးနေသော KIA (ကချင်)အဖွဲ့များနှင့် မတ် ၂၁ ရက်မှ ၂၃ ရက်အထိ ထိတွေ့တိုက်ပွဲ ကိုးကြိမ်ဖြစ်ပွားခဲ့ပြီး တပ်မတော်မှ လေကြောင်းပစ်ကူတစ်ကြိမ် ဆောင်ရွက်ခဲ့၍ သစ်များတင်ဆောင်ထားသည့် ယာဉ်စုစုပေါင်း ၂၇ စီးအား သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံ သက်စွန့်ကြိုးပမ်းထမ်းရွက်လျက်ရှိသည့်အပြင် တစ်မျိုးသားလုံး လူညွန့်တုံးစေမည့် မူးယစ်ဆေးဝါးအန္တရာယ် ပူးပေါင်းကာကွယ်တားဆီးခြင်း၊ နိုင်ငံတော်၏ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို တရားမဝင် ခိုးထုတ်သယ်ဆောင်နေမှုများ မရှိစေရေးအတွက် ရှာဖွေဖော်ထုတ်ဖမ်းဆီးခြင်းများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူ၍ ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် ကချင်ပြည်နယ်အတွင်းရှိ မြန်မာ့အဖိုးတန်သစ်များအား မသမာသူများက ကိုယ်ကျိုးစီးပွားအတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ပူးပေါင်း၍ ခိုးထုတ်သယ်ယူနေမှုများကို ဖော်ထုတ်ဖမ်းဆီးရမိရေးအတွက် တပ်မတော်စစ်ကြောင်းများက ဆက်လက်နယ်မြေရှင်းလင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

❒ စာမျက်နှာ ၁၁ မှ

**ဒေါ်မေသကြိန်ဟိန် (CEO၊ Myitmakha News Agency)**

အဓိကကတော့ ၂၀၁၄ ဒီဇင်ဘာကတည်းက ပါဝင်ဆွေးနွေးသူအဖြစ်ပါဝင်ဖို့ ကျွန်မကို ဖိတ်ခေါ်ခဲ့ပါတယ်။ **IPI** လို အဖွဲ့အစည်းကြီးက မြန်မာနိုင်ငံမှာ ညီလာခံ လာကျင်းပမယ်၊ နိုင်ငံတကာက ထင်ရှားတဲ့ မီဒီယာအဖွဲ့အစည်းတွေက ပုဂ္ဂိုလ်တွေလည်း ပါဝင်ဆွေးနွေးမယ်ဆိုတာတွေသိရလို့ အဲဒီအချိန်ကတည်းက ဝမ်းပန်းတသာနဲ့ လက်ခံခဲ့ပါတယ်။

အထူးသဖြင့် ဒီမှာ လက်တွဲအလုပ်လုပ်နေတဲ့ လုပ်ဖော်ကိုင်ဖက် ဂျာနယ်လစ်တွေအတွက် ကမ္ဘာ့သတင်းမီဒီယာအတွေ့အကြုံတွေနဲ့ မြန်မာမီဒီယာအတွေ့အကြုံတွေကို ဝေမျှခွင့်ရမယ်။ နောက်မြန်မာမီဒီယာလောကအတွက် **Capacity** လိုအပ်ချက်တွေ၊ သင်တန်းလိုအပ်တာတွေကို သိနိုင်မယ်ဆိုရင် မြန်မာမီဒီယာလောကအတွက် အခွင့်အလမ်းတစ်ခုလို့ ယုံကြည်ပါတယ်။

နောက်တစ်ခုက မီဒီယာလွတ်လပ်ခွင့်အခြေအနေတွေကိုလည်း ကမ္ဘာကသိအောင် ပြောနိုင်ဖို့ဆိုတာ မီဒီယာသမားတွေအများကြီးလာတဲ့ ဒီလိုပွဲမျိုးမှာ ပြောခွင့်ရနိုင်တယ်။ ဒါကြောင့် ဒီလို နိုင်ငံတကာပါဝင်တဲ့ မီဒီယာဆွေးနွေးပွဲတွေ အမြဲကျင်းပနိုင်ဖို့ ဆန္ဒပြုပါတယ်။

ဆွေးနွေးပွဲတွင် ဥပဒေနှင့်အလေ့အထများမှ မီဒီယာလွတ်လပ်ခွင့်ကို ရယူခြင်း၊ ပဋိပက္ခဂရုပြု သတင်းရေးသားခြင်း၊ ထူးခြားသတင်းရယူမှုတွင် ဘာသာရေးအကဲဆတ်မှု၊ မီဒီယာနှင့် လူ့အဖွဲ့အစည်းများအကြား စိန်ခေါ်မှုစသည့် ခေါင်းစဉ်များပါဝင်ပြီး ပြည်တွင်း ပြည်ပသတင်းမီဒီယာများမှ သတင်းစာဆရာ ၂၀၀ ကျော် တက်ရောက်မည်ဖြစ်ကာ စာနယ်ဇင်းဆိုင်ရာ အလေ့အကျင့်ကောင်းများ ဖလှယ်ရေးအတွက် အရေးပါသော ပလက်ဖောင်းတစ်ခု ဖြစ်လာမည်ဖြစ်သည်။

# မန်းစည်ပင်မှ အခြေခံလူတန်းစားများနှင့်ကျူးကျော်တဲများအတွက် အငှားအိမ်ရာများတည်ဆောက်

**မန္တလေး မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက တာဝန်ယူကြီးကြပ်တည်ဆောက်မည့်အခြေခံလူတန်းစားများနှင့် ကျူးကျော်တဲများအတွက် အငှားအိမ်ရာများကို မန္တလေးမြို့ အောင်မြေသာစံမြို့နယ် အမှတ်(၈) ရေတွန်းစက်ရုံ မြောက်ဘက် မြို့ပတ်လမ်းနှင့် တာရိုးဟောင်းအကြားတွင် တည်ဆောက်ပေးသွားမည် ဖြစ်ပြီး အဆိုပါစီမံကိန်းကို ခုနစ်လအတွင်း အပြီး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ သိရသည်။

"ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက်မှာ နေထိုင်လုပ်ကိုင်စားသောက်နေတဲ့ မိသားစုဝင်တွေ လူနေမှုဘဝအဆင့်အတန်းမြင့်မားဖို့၊ ကျူးကျော်တဲတွေ ပပျောက်ဖို့အတွက် ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ ဒီလို လုပ်ဆောင်ခြင်းအားဖြင့် မြစ်ဘေးတစ်လျှောက် သာယာလှပလာမယ်။ ဒုစရိုက်မှုများလည်း ကင်းစင်ပပျောက်သွားမယ်။ နောက်ပြီး နိုင်ငံတကာခရီးသွားဧည့်သည်တွေလည်း အများဆုံး လာရောက်လည်ပတ်နေတာမို့ နိုင်ငံ့ပုံရိပ်အတွက်ပိုမိုအမြင်တင့်တယ်စေလာမှာပါ"ဟု မန်းစည်ပင် တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းက ပြောကြားသည်။

အဆိုပါ အငှားအိမ်ရာ တည်ဆောက်ပြီးစီးသွားပါက ဧရာဝတီမြစ်ကမ်းတစ်လျှောက်တွင် နေထိုင်သည့် အခြေခံလူတန်းစားများနှင့် ကျူးကျော်တဲများတွင် နေထိုင်သော မိသားစုများကိုသာ အဓိကထားငှားရမ်းနေရာချထားပေးသွားမည် ဖြစ်ပြီး အငှားစနစ်တွင် တစ်လ၊ ခြောက်လနှင့် တစ်နှစ်စသည့် သုံးမျိုးဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကာ တစ်လငှားရမ်းခဈေးနှုန်းကို သတ်မှတ်ထားခြင်းမရှိသေးဘဲ စီမံကိန်းတည်ဆောက်ပြီးစီးသွားမှသာ သတ်မှတ်ပေးသွားမည်ဖြစ်သည်။ ယင်းအငှားအိမ်ရာ တည်ဆောက်မည့် စီမံကိန်းကို မြေဧက ၅ ဒသမ ၅၃၇၉ ဧကပေါ်တွင် တည်ဆောက်သွားမည်ဖြစ်ပြီး ဆောက်လုပ်ရေးကုမ္ပဏီ ၂၀ ကျော်မှ တည်ဆောက်ရေးလုပ်ငန်းအတွက် အဆိုပြုထားရာ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စိစစ်ကာ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကာ စီမံကိန်းတည်ဆောက်ရန်အတွက် ပန္နက်တင်ခြင်းကိုလည်း မတ် ၂၂ ရက် နံနက်က အဆိုပါစီမံကိန်း တည်ဆောက်မည့် မြေကွက်လပ်တွင် ကျင်းပခဲ့သည်။ "ကျွန်တော်တို့အနေနဲ့ ဒီတိုက်ခန်းစီမံကိန်းကို ခုနစ်လအတွင်းပြီးစီးအောင်ဆောင်ရွက်သွားမှာပါ။ တိုက်ခန်းတွေအပြင်ဈေး၊ ကစားကွင်းစတဲ့ လိုအပ်တဲ့ဟာတွေကိုလည်း တည်ဆောက်မှာပါ။ တိုက်ခန်းဈေးနှုန်းတွေကိုတော့ လောလောဆယ်မသတ်မှတ်ရသေးဘူး။ အားလုံးပြီးစီးသွားမှ ထိုက်သင့်တဲ့ ငွေကြေးအတိုင်းအတာတစ်ခုကို သတ်မှတ်မယ်။ တိုက်ခန်းတွေ ပြီးစီးသွားရင်တော့ မြစ်ဘေးတစ်လျှောက်က ကျူးကျော်တဲတွေကိုလည်း ဖျက်သိမ်းသွားမှာပါ"ဟု မန်းစည်ပင်မှ အဆောက်အအုံနှင့် ကုန်ရုံဌာနမှူး ဦးတင့်လွင်က ပြောကြားသည်။ စီမံကိန်းတွင် လူနေတိုက်ခန်းများအဖြစ် ၁၀ ပေ × ပေ ၂၀ အကျယ် ၁၂ ခန်းတွဲ ခြောက်ထပ် ၁၄ လုံး၊ ၁၂ ခန်းတွဲ ခြောက်ထပ် ခြောက်လုံး စုစုပေါင်းအလုံး ၂၀ ဖြစ်ပြီး အခန်းပေါင်း ၁၄၄၀ ပါရှိမည်ဖြစ်ကာ အခန်းများအလိုက် ရေချိုးခန်းနှင့် သန့်စင်ခန်းများထည့်သွင်းထားကြောင်း၊ လျှပ်စစ်မီးနှင့် ရေရရှိရေးတို့ကိုလည်း စီမံဆောင်ရွက်ထားကြောင်းနှင့် စီမံကိန်းအတွင်း အဆင့်မြင့်ဟိုတယ်၊ ကလေးကစားကွင်း၊ ဈေးနှင့်ရဲကင်းတို့ကိုပါ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

## ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၃-၂၀၁၅ ရက်ထုတ် ကြေးမုံသတင်းစာ ကြော်ငြာစာမျက်နှာ (၂၉)ပါ ဗိုလ်ကြီးအောင်ညီညီနှင့် မလှဲ့သီရိရီမောင်(ခ)သဲသဲ မင်္ဂလာဧည့်ခံပွဲ ကျေးဇူးတင်လွှာ ကြော်ငြာတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌအစား ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဇနီးဒေါ်သင်းသင်းမြဟု ပြင်ဆင်ဖတ်ရှုပါရန်။

○ ကျောဖုံးမှ

ခံစစ်အသားပေးပုံစံဖြင့်သာ ကစားခဲ့သည်။ ယခုပွဲမှာ မြဝတီအသင်းအတွက် အကျိုးရှိသော ခြေစမ်းပွဲဖြစ်ခဲ့ပြီး ရရှိသည့်ဂိုးသွင်းခွင့်အချို့ကို အသုံးမချနိုင်ခဲ့၍သာ ဂိုးမရခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းအတွက် ဂိုးများကို ၉ မိနစ်တွင် နန္ဒလင်းကျော်ချစ်နှင့် ၇၂ မိနစ်တွင် ဇင်မင်းထွန်းတို့က သွင်းယူပေးခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ကစားပုံမကောင်းသေးသလို Set-pieces များမှာလည်း ထိရောက်မှုမရှိသေးပေ။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၃၀ ရက်တွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားနိုင်ငံ၌ ခြေစမ်းမည်ဖြစ်သည်။



မင်းထက်အောင်(မန်းကိုယ်ပွား)

# သင်္ကြန်ပွဲတော်ကာလအတွင်း မှူခင်းမဖြစ်ပွားစေရန် ကြိုတင်ကာကွယ်ရေး ပညာပေးဆွေးနွေး

**ရန်ကုန် မတ် ၂၄**

၁၃၇၆ ခုနှစ် မြန်မာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူအနေဖြင့် စိတ်အေးချမ်းမြေ့ပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ မှုခင်းကြိုတင်ကာကွယ်ခြင်းအဖြစ် ခိုး၊ ဆိုး၊ လု၊ နှိုက်များ ဖမ်းဆီးအရေးယူခြင်းကို စီမံချက်များ ချမှတ်ကာ ဆောင်ရွက်လျက်ရှိသည့်အပြင် မူးယစ်ဆေးဝါးနှင့် ကာမရာဂစိတ်နိုးကြွစေသော ဆေးဝါးများသုံးစွဲခြင်း၊ ရောင်းဝယ်ခြင်းများ မရှိစေရေးအတွက် ပညာပေးဆွေးနွေးမှုများကိုလည်း ခရိုင်/မြို့နယ်အသီးသီး၌ မတ် ၁၉ ရက်မှစတင်ကာ ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ရဲတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာအဖွဲ့တို့မှ ဝန်ထမ်းများ၊ မီးသတ်နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများပါဝင်သော အဖွဲ့နှင့်အတူ နယ်မြေအတွင်းရှိ ဆေးဆိုင်ပိုင်ရှင်များအား တွေ့ဆုံကာ မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ၁၄ မြို့နယ်၌ ၈၂ ကြိမ်၊ အနောက်ပိုင်းခရိုင် ၁၃ မြို့နယ်၌ ၄၃ ကြိမ်၊ တောင်ပိုင်းခရိုင် နှစ်မြို့နယ်၌ ငါးကြိမ်၊ မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်၌ ၃၇ ကြိမ် ပညာပေးဟောပြောခြင်းနှင့် ဆေးဆိုင်များအား ပညာပေးဟောပြောခြင်းများကို ပြုလုပ်ဆောင်ရွက်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အနေဖြင့် သင်္ကြန်ပွဲတော်ကာလအတွင်း အများပြည်သူ အေးချမ်းပျော်ရွှင်စွာ ရေကစားနိုင်ရေးအတွက် မှုခင်းကြိုတင်ကာကွယ်တားဆီးမှုလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မူးယစ်နှင့် ကာမရာဂစိတ်ကြွဆေးများ မရောင်းချရန် ရှင်းလင်းဆွေးနွေး

**အလုံမြို့နယ်**

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် မြို့နယ်ကျန်းမာရေး ဦးစီးဌာန၌ မြို့နယ်အတွင်းရှိဆေးဆိုင်များတွင် မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေး၊ ကျန်းမာရေးဦးစီးဌာနက တားမြစ်ဆေးအဖြစ် သတ်မှတ်ထားသော ဆေးဝါးများ၊ မှတ်ပုံတင်ထားခြင်းမရှိသောဆေးဝါးများ ရောင်းချခြင်းမရှိစေရေးအတွက် ဆေးဆိုင်ပိုင်ရှင်များ၊ ဆိုင်တာဝန်ခံများအား အသိပညာပေးဟောပြောပွဲကို မတ် ၂၄ရက်က ကျင်းပသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကြည်သာမြင့်သိန်းက မူးယစ်ဆေးဝါးနှင့် ကာမစိတ်ကြွဆေးများ၊ ကျန်းမာရေးဦးစီးဌာနက တားမြစ်ထားသောဆေးများ၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများ လက်ဝယ်ထားရှိ သိုလှောင်ရောင်းချခြင်းများမပြုလုပ်ရေးနှင့် မြို့နယ်ဥပဒေအရာရှိ ဦးဝင်းထွဋ်က ဆေးဝါးများ မှတ်ပုံတင်ရောင်းချရေး ဥပဒေနှင့်ပတ်သက်သည်များကို ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းရွှေက မှုခင်းဆိုင်ရာနှင့်ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ အခမ်းအနားကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **(တင်မောင်ဦး-အလုံ)**

**သုံးခွမြို့နယ်**

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိ မြို့နယ်များအလိုက် ဖွင့်လှစ်ရောင်းချလျက်ရှိသော ဆေးအရောင်းဆိုင်များတွင် မူးယစ်ဆေးဝါးများ၊ ကာမရာဂစိတ်ကြွဆေးများ၊ ကော်ဖီမစ်ထုပ်များနှင့် ကျန်းမာရေးဌာနမှ တားမြစ်ဆေးဝါးအဖြစ် သတ်မှတ်ထားသော ဆေးဝါးများ၊ မှတ်ပုံတင်ထားခြင်းမရှိသော ဆေးဝါးများရောင်းချခြင်း၊ ဖြန့်ဖြူးခြင်းမရှိစေရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို မတ် ၂၄ ရက် နံနက် ၁၀ နာရီက သုံးခွမြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ သုံးခွမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး အောင်သင်းက အဖွင့်အမှာစကား ပြောကြားပြီး သုံးခွမြို့နယ် အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်ထွန်းက ဆေးဆိုင်များအား ဆေးဝါးရောင်းချမှုနှင့် ပတ်သက်၍လည်းကောင်း၊ စခန်းမှူးဒုရဲမှူး တင်အေးက စိတ်ကြွဆေးဝါးများအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ ဒုတိယမြို့နယ်တရားသူကြီး ဦးစည်သူကျော်က ပြစ်မှုပြစ်ဒဏ်များနှင့် ပတ်သက်၍လည်းကောင်း ပြောကြားခဲ့ကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**

# ပန်ကာအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား



**ပျဉ်းမနား မတ် ၂၄**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ယောက်သွားအင်းရပ်ကွက် ပျဉ်းမနား-တောင်ညို ကားလမ်းဘေး ရွှေဗန္ဓာထမင်းဆိုင် ဦးပြည့်ဖြိုးအောင်၏ နေအိမ်နှစ်ထပ်တိုက်အပေါ်ထပ်တွင် တပ်ဆင်ထားသော ပန်ကာအပူလွန်ကဲရာမှ ယနေ့ညနေ ၅ နာရီ ၁၈ မိနစ်တွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ နေပြည်တော်ကောင်စီဝင် ပျဉ်းမနားမြို့နယ် တာဝန်ခံ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဒက္ခိဏခရိုင်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကျော်တို့နှင့်အတူ ပျဉ်းမနား မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ခိုင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် ၁၀ စီးဖြင့် အချိန်မီရောက်ရှိငြိမ်းသတ်ကြရာ ညနေ ၅ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်း သိရသည်။

မီးလောင်ကျွမ်းမှုကြောင့် ၁၀ ပေ ၆ ပေအခန်းတစ်ခန်း၊ ပန်ကာတစ်လုံးနှင့် အဝတ်အထည်များ လောင်ကျွမ်းခဲ့ပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။

**(ရွှေကုက္ကို)**

■


# မင်္ဂလာဧည့်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေစံပယ်ရိပ်မွန်နေ
ဗိုလ်ကြီးရဲဝင်း(ငြိမ်း) အထွေထွေမန်နေဂျာ(ငြိမ်း)-ဒေါ်ရီရီအေးတို့၏သားထွေး

**မောင်ဟိန်းဇော်ဝင်း**
**B.Sc(Chemistry)**

**Manager MKT Construction Co.,Ltd (၈ မိုင်ရုံးခွဲ)**

နှင့်

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဗိုလ်ကြီးအောင်စိုး(ငြိမ်း) ဆအတ(၄) တိုက်ကြီး-ဒေါ်တင်ဝင်းသန်းတို့၏ သမီးထွေး

**မစိုးဝင့်သန္တာ**
**B.Tech (Arch)**
**Diploma in Communicative English(SCBI)**

**Architect MKT Construction Co.,Ltd (½;csky)**

တို့၏ ၂၂-၃-၂၀၁၅ ရက်တွင် အင်းယားလိတ်ဟိုတယ် မင်္ဂလာခန်းမ၌ ကျင်းပခဲ့သော မင်္ဂလာဧည့်ခံပွဲသို့ မင်္ဂလာအောင်စံပယ်ပန်းကုံးများ တက်ရောက်ချီးမြှင့်ပေးပါသော သမဝါယမဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းအေး၊ ကိုယ်တိုင်တက်ရောက်ချီးမြှင့်ပေးပါသော ပြန်ကြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးရဲထွဋ်၏ ဇနီး ဒေါ်ခင်စန္ဒာထွန်း၊ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် ဇနီး ဒေါ်ဝင့်ရီအေး၊ ကိုယ်တိုင်မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ပစ္စည်းများ ပေးပို့ပါသော ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် ဇနီး ဒေါ်ခင်ဌေးမြင့်၊ စစ်သံမှူး ဗိုလ်မှူးကြီး ကြည်ထွန်း(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်လှဝင်း၊ မင်္ဂလာပန်းကြဲဖြန့်ပေးပါသော မစုမြတ်မွန်၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မစိမ်းလဲ့ဝင်း၊ မင်္ဂလာအောင်စံပယ်ပန်းကလပ်ကိုင်ဆောင်ပေးပါသော မဆုမြတ်အောင်၊ သတို့သားအရံ မောင်ဇော်မျိုးထွန်း၊ မောင်ထွန်းထက်အောင်၊ သတို့သမီးအရံ ပြုံးသက်အောင်၊ ကေယုခိုင်၊ မင်္ဂလာစကားနှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးကျော်မိုးနိုင်၊ မင်္ဂလာဆွမ်းကျွေးပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော နှစ်ဖက်မိဘဆွေမျိုး မိတ်သင်္ဂဟများ၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးကျော်စိုးဦး၊ မင်္ဂလာအခါတော်တေး သီဆိုပေးပါသော နိုင်ငံကျော်အဆိုတော် ဟေမာနေဝင်း၊ First Music Agency နှင့် Plus Three တေးဂီတအဖွဲ့၊ မိတ်ကပ်ဆံပင် အလှပြင် မေဦးမောင်နှင့်အဖွဲ့၊ မင်္ဂလာဝတ်စုံများနှင့် လက်ဝတ်ရတနာများ ချုပ်လုပ်ဆင်မြန်းပေးပါသော (တော်ဝင်သူ)၊ မင်္ဂလာပန်းအလှပြင်ဆင်ပေးပါသော နီနီပွင့်(ဗိုလ်ချုပ်ဈေး)နှင့် မမြတ်(မြတ်လိုက်ကာ)၊ ဓာတ်ပုံဗီဒီယိုများ မှတ်တမ်းတင် ရိုက်ကူးပေးပါသော Forever အဖွဲ့၊ မင်္ဂလာဖိတ်စာ Dagon Printing၊ အင်းယားလိတ်ဟိုတယ်မှ ဝန်ထမ်းများနှင့် တက်ရောက်ချီးမြှင့်ပေးကြပါသော စစ်ဘက်နယ်ဘက်မှ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဝန်ထမ်းများ၊ ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်သူများနှင့် အနုပညာရှင်များ၊ နှစ်ဖက်သော ဆွေမျိုးမိတ်သင်္ဂဟများ၊ ဗိုလ်လောင်းအမှတ်စဉ် (၅၉)မှ သူငယ်ချင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီ ချီးမြှင့်ပေးပါသော လူကြီးမင်းအပေါင်းတို့အား အထူးလှိုက်လှဲစွာ ကျေးဇူးဥပကာရ တင်ရှိပါသည်။

**နှစ်ဖက်သောမိဘများနှင့် မောင်ဟိန်းဇော်ဝင်း-မစိုးဝင့်သန္တာ**


# မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်၍ အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း ကြေညာခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျစစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့စစ်ဆေးရာတွင် ဈေးကွက်အတွင်းရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် တိုင်းရင်းဆေးဝါးမှတ်ပုံတင်ထားခြင်းမရှိသည့် တိုင်းရင်းဆေးဝါးများဖြစ်သဖြင့် စစ်မှန်အစွမ်းထက်မှုကို အာမခံချက်မပေးနိုင်သည့် ဆေးဝါးများဖြစ်ကြောင်း၊ အများပြည်သူများ သုံးစွဲရန်မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

| စဉ် | ဆေးဝါးအမည် | ထုတ်လုပ်/ဖြန့်ချိဌာန |
|---|---|---|
| ၁။ | မြင်းပျံအမှတ်တံဆိပ် အကိုက်အခဲပျောက်ဆေးကြီး | ဖော်ပြထားခြင်းမရှိပါ။ |
| ၂။ | တောရှောက်လိမ်းဆေး | Kရုံ (၆) ဈေး(၂)၊ မြစ်ကြီးနားမြို့။ |
| ၃။ | စပါယ်ရှယ်အမှတ်တံဆိပ် အဆုပ်ရောဂါဆေးကြီးနှင့်ရင်ကျပ်ပန်းနာပျောက်ဆေးကြီး | Kရုံ (၆) ဈေး(၂)၊ မြစ်ကြီးနားမြို့။ |
| ၄။ | ခြင်္သေ့အမှတ်တံဆိပ် သွေးဆေး | နန္ဒဝန်ရပ်၊ ညောင်ရွှေ။ |
| ၅။ | အင်းလေးမယ် အမှတ်တံဆိပ် အသားလှသွေးဆေး | နဂါးနှစ်ကောင်ဆေးတိုက် (လိပ်စာတိကျစွာဖော်ပြထားခြင်းမရှိပါ)။ |
| ၆။ | မြန်မာသမားတော်ကြီးဦးကိုရ အမှတ်တံဆိပ် သူငယ်နာအပူအပုပ်ကျလေလယ် ကလေးဝဆေးကြီး | ဇေယျာချောင်ရပ်၊ ကသာမြို့။ ဈေးရုံ(၇)၊ ဆိုင်ခန်းအမှတ် ၃/၄၊ ဈေးအတွင်း၊ မြောက်ဘက်တိုက်တန်း၊ ကသာမြို့။ |
| ၇။ | ငွေဇျိုင်းဖြူ အမှတ်တံဆိပ် ကျောက်ကပ်ဆေး | အမှတ်(၁၃)၊ ရပ်ကွက်(၃)၊ ရွှေစက်၊ မြစ်ကြီးနားမြို့။ |
| ၈။ | အဆစ်အမြစ်ရောင်ကိုက်ခြင်း၊ လေးဖက်နာပျောက်ဆေး | အမှတ်(၆၃)၊ မြို့မရပ်၊ မြစ်ကြီးနားမြို့။ |

၃။ အများပြည်သူတို့အနေဖြင့် ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများကို ဝယ်ယူခြင်းမပြုကြရန်နှင့် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားသော ဆေးဝါးများကိုသာ စူးစမ်းဝယ်ယူသုံးစွဲရန် နှိုးဆော်အပ်ပါသည်။

၄။ တိုင်းရင်းဆေးဝါးထုတ်လုပ်ဖြန့်ဖြူးသည့်လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီတိုင်းရင်းဆေးဝါးများအား ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုံးဝမပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါးဥပဒေပုဒ်မ (၃၁)၊ (၃၂)အရ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အသိပေးထားသည်။

**(ကြေးမုံ)**

*ဆရာမြသန်းတင့် ဘာသာပြန်ဆိုသည့် "လူလေးသို့ ပေးစာများ"မှာ နှစ်ပေါင်း ၂၀၀ ကျော်ကအဖြစ်အပျက်များဖြစ်သော်လည်း ယနေ့ထက်တိုင်အသက်ဝင်နေဆဲဖြစ်၍ ကြေးမုံသတင်းစာဖတ် လူငယ်လူရွယ်များ လေ့လာမှတ်သားနိုင်စေရန်အတွက် အပတ်စဉ် (ဗုဒ္ဓဟူးနေ့တိုင်း) ဖော်ပြပေးလိုက်ပါသည်။*

# လူလေးသို့ပေးစာများ – ၆

မြသန်းတင့်



**လန်ဒန်၊ ဒီဇင်ဘာ ၂ ရက်၊ ၁၇၄၆ ခုနှစ်။**

**လူလေး**

အခုတလောမှာ ဖေဖေ သိပ်အလုပ်များနေတဲ့ အတွက် အရင်တုန်းကလို စာတွေကို မကြာမကြာရေးဖို့ အချိန်သိပ်မရဘူး။ ဟိုတုန်းကတော့ အချိန်တော်တော်များများရလို့ အချိန်ရတိုင်း မင့်ဆီကိုစာတွေ ရေးခဲ့တယ်မဟုတ်လား။ ဒါပေမယ့် မင့်အပေါ်မှာ ဖေဖေ ဘယ်လောက်ချစ်တယ်ဆိုတာကို စာတွေရဲ့ အရေအတွက်နဲ့ မဆုံးဖြတ်ပါလေနဲ့။ အရေအတွက်က ဆုံးမသွန်သင်တာ မဟုတ်ပါဘူး။ စာကသာ မင့်ကိုဆုံးမသွန်သင်တာပါ။

၂၅ ရက် နေ့စွဲနဲ့ ပေးလိုက်တဲ့ မင့်စာကို ခုပဲ ဖေဖေ ရတယ်။ မစ္စတာဟာတီဆီက စာကိုလည်း တစ်ချိန်တည်းရတယ်။ ဒီစာနှစ်စောင်လုံးကို ဖတ်ပြီး ဖေဖေ တော်တော်လည်း ဝမ်းသာရတယ်။ မင့်ဆရာမစ္စတာဟာတီရဲ့ စာထဲမှာ မင်းနဲ့ ပတ်သတ်လို့ ကောင်းကြောင်းရေးထားတဲ့အတွက် ဖေဖေ ပိုလို့ ဝမ်းသာရတယ်။

မင်းရဲ့စာထဲမှာ ဖေဖေ သိချင်တာတွေ ထည့်ရေးလိုက်တဲ့ အတွက်လည်း ပိုလို့ ဝမ်းသာရတယ်။ နောင်မှာ မင်းရောက်တဲ့ နိုင်ငံက အုပ်ချုပ်ရေးပုံသဏ္ဌာန်တွေအကြောင်းကို ခုလိုပဲထည့်ပြီးရေးပါ။ လောဆိန်းမြို့က တောင်တက်တောင်ဆင်း ကလေးတွေရှိတော့ ခုလိုအေးတဲ့ရာသီနဲ့တော့ အတော်ဖြစ်သွားတာပေါ့။

တောင်ကုန်းကလေးတွေကို တက်လိုက်ဆင်းလိုက်ဆိုတော့ လမ်းလျှောက်ရတာ နွေးသွားတာပေါ့။ လောဆိန်းမှာ အပေါင်း အသင်းကောင်းတွေလည်း အများကြီးလို့ မင်းစာထဲမှာ ရေးထားတယ်။ အဲဒီအပေါင်းအသင်းတွေထဲမှာ ရောသွား မိရဲ့လား။ မိတ်သစ် ဆွေသစ်တွေကော တွေ့ရဲ့လား။ တွေ့ရင် ဘယ်သူတွေလဲ။

တစ်ချို့ကိုပြောပြပါလား။ ဖေဖေ သိချင်တယ်။ ဂျာမန်စာကို အရေး၊ အဖတ်၊ အပြော သုံးခုလုံး သင်နေတုန်းပဲလား။

မနေ့က မစ္စတာဘိုးချက်က ဖေဖေ့ မိတ်ဆွေတစ်ယောက်ဆီရေးတဲ့ စာကိုဖတ်ခဲ့ရတယ်။

အဲဒီစာကို တွေ့လိုက်ရတော့ ဖေဖေ တော်တော် ဝမ်းသာသွားတယ်။ အများကြီးလည်းစိတ်ချမ်းသာသွားတယ်။

ဘာဖြစ်လို့လည်းဆိုတော့ အဲဒီစာထဲမှာ မင်းအကြောင်းကို ချီးမွမ်းရေးထားတာကိုး။ မင်းရဲ့ကောင်းကြောင်းတွေရေးထားတဲ့ အထဲမှာဖေဖေ မကျန်းမာတုန်း မင်းဘယ်လိုပြုစုတာ၊ ဘယ်လို စိတ်ပူတာတွေကို အကျယ်ရေးထားတယ်။ ဒါတွေအတွက် (ဖေဖေရဲ့ ကျေးဇူးရှိသည့်တိုင်) မင်းကို ဖေဖေ ကျေးဇူးတင်တယ်။

ကျေးဇူးသိတတ်ဖို့ဆိုတာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး။ ဖေဖေ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ(ဒီနေရာမှာ မိဘကနေ သားသမီးကို သဘာဝအလျောက်ချစ်တာမျိုးကို ပြောတာမဟုတ်ဘူး။ လူသားတစ်ယောက်ကနေ တစ်ခြားလူသားတစ်ယောက်ကိုထားတဲ့ မေတ္တာမျိုးကို ဖေဖေ ပြောနေတာ။) မင်းယုံကြည်သဘောပေါက်မှသာ မင်းကလည်း ဖေဖေ့ကို ပြန်ပြီး ချစ်နိုင်မယ်လို့ ဖေဖေ ယုံကြည်တယ်။ ဒါပေမယ့် ဖေဖေ လိုချင်တာက မင်းဆီက တုံ့ပြန်မေတ္တာထက် မင်းရဲ့ကျေးဇူးတုံ့ပြန်မှုကို ပိုလိုချင်တယ်။ မင်းရဲ့ ကျေးဇူးတုံ့ပြန်မှုဆိုတာ တစ်ခြားမဟုတ်ဘူး။

လူတစ်ယောက်အနေနဲ့ ကောင်းတဲ့အကျင့်တွေကို ကျင့်ကြံဖို့၊ ပညာဗဟုသုတကို လိုက်စားဖို့ ဖြစ်တယ်။

မင်းထိုက်တန်နေသေးသရွေ့ ဖေဖေ ဟာ မင်းကို ချစ်နေမယ်ဆိုတာ သဘောပေါက်ပါ။ ဒါပေမယ့် မထိုက်တန်တဲ့ အခါမှာတော့ မင်းကိုချစ်ခင်နေမှာမဟုတ်ဘူး။

❑ ❑ ❑

**လန်ဒန်၊ ဒီဇင်ဘာ ၉ ရက်၊ ၁၇၄၆ခုနှစ်။**

**လူလေး**

ဒီစာကိုအချိန်လုပြီး မစ္စတာဟာတီကတစ်ဆင့် ပို့လိုက်တာ။ စာတိုကလေးတစ်စောင်ဖြစ်ဖြစ် ရေးမှုပဲလို့ ယူဆပြီး ဒီစာကိုကောက်ရေးလိုက်တာပဲ။ မင်းရေးလိုက်တဲ့ စာကို ဖတ်ရတဲ့အတွက်ဖေဖေ စိတ်ထိခိုက်ပေမယ့် စာရေးဖော်ရတဲ့အတွက် ဖေဖေကျေးဇူးတင်တယ်။ ဖေဖေ ဘာကြောင့် စိတ်ထိခိုက်ရတယ်ဆိုတာကို မင်းကို ဖေဖေ ပြောခဲ့ပြီးပြီပဲ။ ဖေဖေ ခုရရှိလိုက်တဲ့ရာထူးအသစ်ဟာ လူတော်တော်များများရဲ့ အမြင်မှာ အားကျလောက်တဲ့ ရာထူးပါပဲ။ ဒါပေမယ့် ဖေဖေ့အဖို့တော့တော်တော် စိတ်ညစ်ရတယ်။ လက်မခံရင် မဖြစ်တဲ့ အခြေအနေတွေကြောင့်သာ ဒီရာထူးလက်ခံရတာ။ ဒီရာထူးမှာတာဝန်ထမ်းဆောင်ဖို့ကိစ္စဟာ ဖေဖေ့မှာရှိတဲ့ ကာယအင်အားနဲ့ စိတ်ဓာတ်အင်အားထက်ပိုပြီးနေလို့ပဲ။

နောင် လေးငါးနှစ်လောက်ရှိရင် ဒီသဘောကို မင်းနားလည်လာလိမ့်မယ်လို့ ဖေဖေထင်တယ်။

အဲဒီအချိန်လောက်ရောက်ရင်တော့ မင့်ကို ဖေဖေ့ရုံးခန်းကိုခေါ်လာလို့ဖြစ်ပြီ မဟုတ်လား။

အဲဒီအချိန်လောက်ရောက်ရင် မင်းလည်း ဖေဖေ့ အလုပ်တွေကို ကူလုပ်နိုင်လောက်ပြီပေါ့။ ဖေဖေ့အလုပ်က ခေတ်သစ်ဘာသာစကားတွေကို ကျွမ်းကျင်စွာ ဖတ်တတ်ဖို့၊ ရေးတတ်ဖို့၊ ပြောတတ်ဖို့ လိုတယ်။ အနိုင်နိုင်ငံက တရားဥပဒေတွေ၊ အထူးသဖြင့် အင်ပါယာကြီးရဲ့ ဖွဲ့စည်းပုံတွေကို သိဖို့လိုတယ်။ သမိုင်း၊ ပထဝီနဲ့ ခုနှစ်သက္ကရာဇ်တွေကို သိဖို့လိုတယ်။ ဒီအရာတွေကို မင်းလည်းတတ်ကျွမ်းစေချင်တယ်။ ဒီလိုအရည်အချင်းတွေရှိခဲ့ရင် မင်းဟာခုလောလောဆယ် မဟုတ်သည့်တိုင် နောင်တစ်နေ့မှာ ဖေဖေရဲ့ ရာထူးမှာ ဝင်လုပ်ပြီးဖေဖေ ခြေရာကိုနင်းလာနိုင်မှာပဲ။

လူတွေဟာ အချိန်ကို ကောင်းကောင်းအသုံးမချတတ်ဘူး။ မင်းက တော့အသုံးချတတ်လိမ့်မယ်လို့ ဖေဖေမျှော်လင့်တယ်။ မင်းရဲ့ကိုယ်ပိုင်အချိန်တိုင်းမှာ အကျိုးအမြတ်တစ်မျိုးမဟုတ် တစ်မျိုးကိုရအောင်လုပ်နိုင်လိမ့်မယ်လို့လည်း ဖေဖေ မျှော်လင့်တယ်။ မိတ်ဆွေများနဲ့ ပေါင်းဖော်ပါ။ လမ်းလျှောက်ပါ။ မြင်းစီးပါ။ အချိန်ကို ကောင်းစွာအသုံးချပါ။ သူ့ အချိန်နဲ့ သူ အသုံးချတတ်အောင်ကြိုးစားပါ။ ဖေဖေ ခွင့်မလွှတ်နိုင်တဲ့ အချက်ကတော့ ယီးတီးယားတားနဲ့ လျှောက်သွားနေပြီး ဘာမှမလုပ်ဘဲ နေတာပဲ။ အချိန်ဟာ အလွန် အဖိုးတန်တဲ့အရာဖြစ်တယ်။ ဆုံးရှုံးသွားရင် ဘယ်တော့မှပြန်ယူလို့ မရတဲ့အရာဖြစ်တယ်။

မင်းကော လောဆိန်းမှာ အမျိုးကောင်းသမီးတွေနဲ့ တွေ့ရဲ့လား။ မင့်ကို ချစ်ခင်နှစ်သက်လာအောင် ယဉ်ယဉ်ကျေးကျေးဆက်ဆံရဲ့လား။ တော်သေးပြီ၊ ဘုရားသခင် စောင်မပါစေ။

❑ ❑ ❑

**လန်ဒန်၊ မတ်လ ၆ ရက်၊ ၁၇၄၇ ခုနှစ်။**

**လူလေး**

မင်းလုပ်သမျှဟာ တစ်နည်းမဟုတ် တစ်နည်းအားဖြင့် ဖေဖေနဲ့ ဆိုင်နေတယ်။ ခုတလောမှာမင်းနဲ့ပတ်သတ်တဲ့ စာနှစ်စောင်ကို ရတဲ့အတွက်ဖေဖေ ဝမ်းသာနေရတယ်။ တစ်စောင်ကတော့ လောဆိန်းမှာရှိတဲ့ မဒမ်စိန့်ဂျာမိန်းဆီက စာဖြစ်ပြီး နောက်တစ်စောင်ကတော့ မွန်စီယာပန်ပစ်နီဘိ စာဖြစ်တယ်။

သူတို့နှစ်ယောက်စလုံးရဲ့ စာထဲမှာ မင်းနဲ့ပတ်သတ်လို့ အကောင်းရေးထားကြတဲ့အတွက် သူတို့ရော မင်းကိုပါ ဖေဖေကျေးဇူးတင်နေရတယ်။ ဖေဖေ ဝမ်းသာတဲ့အကြောင်းကို သူတို့ကိုရော၊ မင့်ကိုရောပြောဖို့ ဝတ္တရားရှိလာတယ်။

အကျင့်စရိုက်ကောင်းရှိသူများဟာ သူတို့မှာ အဲဒီလို စရိုက်ကောင်းရှိတာကို သိပြီး ကိုယ့်ဘာသာ ပီတိဖြစ်ထိုက်တယ်လို့ ဖေဖေ ယူဆတယ်။ အကျင့်စရိုက်ကောင်းရှိတယ်လို့ ကိုယ့်ကိုယ်ကိုယ် သိခြင်းဟာဆုလာဘ်တစ်ပါးလည်းဖြစ်တယ်။ အားပေးမှုတစ်ခုလည်းဖြစ်တယ်။ သူတို့ နှစ်ဦးစလုံးကပဲ မင်းဟာ အနေအထိုင်ပိပြားယဉ်ကျေးရုံတင်မကဘူး စိတ်နေသဘောထားလည်း ယဉ်ကျေးရည်မွန်တယ်လို့ ရေးလိုက်ကြတယ်။

အင်္ဂလိပ်လူမျိုးတွေမှာ ရှိတတ်ကြတဲ့ ခွတီးခွကျ ယောင်နနဖြစ်တာတွေ၊ ရှက်သလို ကြောက်သလို လူတောထဲ မတိုးရဲတာတွေ၊ မာကြောတာတွေ အတော်အတန် ပျောက်သွားပြီလို့လည်း ရေးလိုက်ကြတယ်။ ဒီလိုကြားရတဲ့အတွက် ဖေဖေ တော်တော်ဝမ်းသာသွားတယ်။ ဖေဖေ မကြာခဏပြောလေ့ရှိတဲ့ အတိုင်းတဖြည်းဖြည်းအပတ်တကုတ် အားထုတ်တာ၊ အပေါ်ယံ ယဉ်ကျေးမွန်ရည်တာ၊ နူးညံ့သိမ်မွေ့စွာ နေထိုင်ပြောဆိုတာစတဲ့ အသေးစား အရည်အချင်းကလေးတွေဟာ အများထင်တာတက်ပိုပြီး အကျိုးရှိတယ်။ အထူးသဖြင့် အင်္ဂလန်ပြည်မှာဆိုရင် ပိုပြီး အကျိုးရှိတယ်။ အဲ ပညာနဲ့ သီလတို့ကတော့ ရွှေလိုပဲ။ သူတို့ကိုယ်၌ကိုက အလိုလို တန်ဖိုးရှိနေတယ်။ ဒါပေမယ့် သူတို့ကို ပွတ်တိုက် အရောင်တင်ခြင်း မပြုရင်တော့ အရောင်ဟာ မှေးမှိန်သွားမှာအမှန်ပဲ။ လူတော်တော်များများကပဲ ပွတ်တိုက်မထားတဲ့ ရွှေတုံးအရိုင်းကို ကျော်ပြီး ပွတ်တိုက် အရောင်တင်ထားတဲ့ ကြေးနောက်ကို လိုက်သွားကြမှာပဲ။

**(ဆရာမြသန်းတင့်၏ လူကလေးသို့ ပေးစာများ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။)**

ကိုသန့်ဇင် CAR RENTAL
ကားမျိုးစုံကို ခရီးစဉ်
လချုပ် အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
ဖုန်း-၀၉-၄၃၁၀၇၆၈၀၊ ၀၉-၅၀၅၉၈၂

ကား မျိုးစုံ
(Alphard/Crown/MarkII/အနံတော်ရုံ/Hiace
Ph : 09795549249, 095418126

H.A.L TRAVELS 09-73040151
ချောင်းသာ (နေ့စဉ်)
09-254505550, 09-49215713

ရွှေနဂါး
ကျိုက်ထီးရိုး (နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
209077, 209388, 09-73167000

ရွှေပင့်ကူ

ကားမျိုးစုံငှားနိုင်ပါသည်။
ခရီးစဉ်မျိုးစုံအတွက် ကားမျိုးစုံနှင့်
လချုပ်များလည်းငှားနိုင်ပါသည်။
ယဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
MT & K Tours Ph-656573
09-31065335, 09-975599880

နိုင်ငံခြားတွင် ပညာသင်ကြားခြင်းနှင့် နေထိုင်ခြင်းဆိုင်ရာ သိကောင်းစရာများ
Organized by SR Worldwide Education & PSB
■ စင်ကာပူနိုင်ငံတွင် ပညာသင်ကြားလိုသူများအတွက် လိုအပ်သည့် ပညာရေးနှင့် နေထိုင်ရေးဆိုင်ရာ ဗဟုသုတများ
■ စင်ကာပူနိုင်ငံတွင် ပညာသင်ကြားရခြင်း၏ အားသာချက်များ
■ မြန်မာနိုင်ငံမှ တက္ကသိုလ်ဝင်တန်း(သို့) IGCSE ပြီးဆုံးထားပြီး အင်ဂျင်နီယာ၊ IT၊ စာရင်းအင်းနှင့် ငွေကြေးစီမံခန့်ခွဲမှုများ၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ၊ ရောဂါကုထုံးများရှာဖွေခြင်း၊ ဆေးဝါးဖော်စပ်ထုပ်လုပ်ခြင်း၊ သုတေသနပြုခြင်းများကို စိတ်ဝင်စားသူများအတွက် BE(Hons) (Electrical/Electrical & Electronic/Mechanical) / Bachelor of IT / (Enterprise IT & Software Development & Applications / B.Com (Accounting/Finance) နှင့် BA(Hons) Accounting & Finance / Bachelor of Biomedical Sciences၊ BSc (Molecular Biology/Pharmaceutical Science) / BA (Hospitality & Tourism Management/Hospitality Management with Human Resource Management/Tourism and Marketing Management)
■ မြန်မာနိုင်ငံမှ အသိအမှတ်ပြုဘွဲ့တစ်ခု ရရှိထားပြီး စီမံခန့်ခွဲမှုအဆင့်တွင် အသက်မွေးဝမ်းကျောင်းပြုလိုသူများအတွက် MBA/MSc (International Business Management)
ဆွေးနွေးပွဲအစီအစဉ်
ရန်ကုန်မြို့
နေ့ရက် - ၂၇-၃-၂၀၁၅ (သောကြာနေ့)
အချိန် - ၉း၃၀ မှ ၁၁း၃၀ ထိ
နေရာ - SR Worldwide Education Office
ဖုန်း - ၀၉ ၅၄၂ ၈၈၄၈၊ ၀၉ ၅၄၃ ၈၈၄၈
ပြည်မြို့
နေ့ရက် - ၂၉-၃-၂၀၁၅(တနင်္ဂနွေနေ့)
အချိန် - ၄း၀၀ မှ ၆း၀၀ ထိ
နေရာ - ဂေါ်ဝတီ ခန်းမ
ဖုန်း - ၀၉ ၂၅၆ ၁၄၅ ၃၀၁၊ ၀၉ ၅၃၁ ၁၈၈၅

Since 1996
(၅တန်း မှ ၁၀တန်း)
ဆရာဝန်များ ဦးစီးသည့်
စံပြဘော်ဒါနှင့် ကိုယ်ပိုင်အထက်တန်းကျောင်း
၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း အောင်ချက် (၉၀.၄၇%)
မိမိတို့ဆရာဝန်ဖြစ်ရန် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း ပုံနှိပ် GCE မေးခွန်းဟောင်းများဖြင့် (၁)နှစ်လုံး ထိထိရောက်ရောက် လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းကောင်းရန် ပြုပြင်ပေးသည်။ ဆိတ်ငြိမ်ကျောင်းဝန်းကျယ် Air-Con တပ်စာသင်ခန်းများ၊ အားကစားကွင်း။ ကွန်ပျူတာခန်း၊ ဓါတ်ခွဲခန်းများဖြင့် ကိုယ်ပိုင်ကျောင်းဖြစ်သည်။ သင့်တင့်မျှတသောသင်တန်းကြေး
(၉)တန်းအထူးအစီအစဉ် စာတော်လျှင် (၀)နှစ်ဝက်(၉)တန်းအပြီး သင်ပေးပြီး (၃)နှစ်ဝက်(၁၀)တန်းစာတစ်ခေါက် ကြိုသင်ပေးသည်။
အမှတ် (၇၇)၊ ၄၀လမ်း၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံ။ ဖုန်း ၀၉-၅၁၅၈၈၅၁၊ ၀၉-၃၁၂၉၉၇၂၆၊ ၀၁-၆၃၈၀၅၀



ဘိုရှအဆောင်မှူး(Guide)အလိုရှိသည်

ရဲယှဉ်သီးခြောက် ဝယ်လိုသည်။
ဈေးကောင်းပေးမည်။
01-545217
09-260530058

အင်းယားလမ်း၊ ဂုတ်ခြံ၊ ဘိုးဘွားပိုင်
အမည်ပေါက်
နေရာကောင်း 2RC (50'x90')
သိန်း 25,000 (ညှိနှိုင်း)
Ph:-09 421178500 (ပိုင်ရှင်)

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှု

**ဒီးမော့ဆို မတ် ၂၄**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ကျေးလက်လမ်း၊ တံတားများ ဆောင်ရွက်လျက်ရှိရာ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်တွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဇေညီနောင်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်းများ ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်မေရီယန်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးတင်လှိုင်၊ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဒီးမော့ဆိုမြို့နယ်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်း၊ တံတားများ ဆောင်ရွက်လျက်ရှိရာ ဝါဘန်းပလို-လွိုင်နန်းဖ မြေသားလမ်းအရှည် ၄ မိုင်အား ခွင့်ပြုရန်ပုံငွေကျပ် ၅၂ ဒသမ ၃ သန်းဖြင့် လည်းကောင်း၊ လိုဘာခို-ခူးပရာ ကျောက်ချောလမ်း အရှည် ၆ မိုင်ကျော်အား ခွင့်ပြုရန်ပုံငွေကျပ် ၃၄၇ ဒသမ ၃ သန်းဖြင့်လည်းကောင်း ဖောက်လုပ်ခဲ့သည်။

ထို့ပြင်လိုပူဒေါ်ဆီးအီ -လိုပူခေါင်းဆောင် ကျေးရွာချင်းဆက်လမ်းအရှည် ၁ မိုင်ကျော်အား ခွင့်ပြုရန်ပုံငွေကျပ် ၇၈ ဒသမ ၅ သန်းဖြင့်လည်းကောင်း၊ လွိုးကထီ-ဒေါရောက်ခူ ကျောက်ချောလမ်းအရှည် ၁ မိုင်အား ခွင့်ပြုရန်ပုံငွေကျပ် ၄၉ ဒသမ ၆ သန်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



အဆိုပါလမ်းများ ဆောင်ရွက်ပြီးစီးပါက ကျေးရွာ ၁၁ ရွာမှ လူဦးရေ ၅၄၄၀ အတွက် တစ်ရွာနှင့် တစ်ရွာ သွားလာရေး လွယ်ကူချောမွေ့စေပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ရီရယ်**

# မော်လူးမြို့တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်လျက်ရှိ

**မော်လူး၊ မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးတွင် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ဟောင်းနွမ်းဆွေးမြည့်နေသည့် သစ်သားတိုင်၊ သစ်သားလက်တန်းများကို အစားထိုးလဲလှယ်ခြင်းနှင့် လျှပ်စစ်ဓာတ်ကြိုးများနှင့် မလွတ်သည့် သစ်ပင်သစ်ကိုင်းများကို မော်လူးမြို့နယ် လျှပ်စစ်မှူးနှင့် ဝန်ထမ်းများက ခုတ်ထွင်ရှင်းလင်းခြင်းများဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မော်လူးဒေသအတွင်း သွယ်တန်းထားသည့် ၄၀၀ V ဓာတ်အားလိုင်းများရှိ ဆွေးမြည့်သစ်သားဓာတ်တိုင်များနှင့် သစ်သားလက်တန်းများအား မြေဝင်အနက် ၅ ပေခွဲ၊ အမြင့် ၂၄ ပေရှိ ၉ မီတာ ကွန်ကရစ်ဓာတ်တိုင်များဖြင့် တစ်တိုင်နှင့် တစ်တိုင် ၁၂၀ ပေခြားကြားဖြင့် လဲလှယ်ခြင်း လျှပ်စစ်ဓာတ်တိုင်များ မရှိသေးသည့် နေရာတွင် အသစ်စိုက်ထူခြင်းများကို လိုင်းကြိုးဆွဲခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အိမ်၊ ရုံးတို့တွင် အသုံးပြုနေသည့် လျှပ်စစ်ဝါယာကြိုးများ ဟောင်းနွမ်း ပေါက်ပြဲနေခြင်းများကို အိမ်ရှင်များနှင့် ညှိနှိုင်းကာ အသစ်လဲလှယ်ပေးခြင်းနှင့် လျှပ်စစ်ဓာတ်ကြိုးများနှင့် မလွတ်သည့် သစ်ပင်သစ်ကိုင်းများကိုလည်း ခုတ်ထွင်ရှင်းလင်းခြင်းများကိုလည်း ဆောင်ရွက်ပြီးဖြစ်ကြောင်း မော်လူးမြို့နယ် လျှပ်စစ်မှူး ဦးမောင်မောင်ငြိမ်းကပြောသည်။

**ခင်မောင်ဆွေ**

# တမူးခရိုင်အတွင်းရှိ စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေးဆွေးနွေး

**တမူး မတ် ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်အတွင်းရှိ ခရိုင်၊ မြို့နယ်ပြည်သူ့စာကြည့်တိုက်များ၊ ရပ်ကွက်၊ ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးရည်ရွယ်ချက်များဖြင့် စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို မတ် ၂၀ ရက် နံနက် ၉ နာရီက တမူးမြို့ အမှတ် (၁)အခြေခံပညာမူလတန်း(လွန်)ကျောင်းခန်းမ၌ ကျင်းပခဲ့ကြသည်။

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဇော်ဇော်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတွာလ်ဆွင်းဗန်က စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များ ရှင်းလင်းပြောကြားခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးထန်လျန်းနာနှင့် ဦးမြင့်အောင်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြသည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ရာ တမူးမြို့နယ်နှင့် ခမ်းပတ်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာ ၄၂ ခုမှ စာကြည့်တိုက်မှူးများ၊ ပညာရေးဌာနမှ ဝန်ထမ်းများ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဝါသနာရှင်များစုစုပေါင်း ၆၀ တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။

ထိုသို့ ဆွေးနွေးမှုတွင် စာကြည့်တိုက်ပညာရပ်ဆိုင်ရာမိတ်ဆက်ခြင်း၊ စာကြည့်တိုက်ဖွဲ့စည်းပျိုးထောင်ရေးနှင့် စီမံခန့်ခွဲခြင်း၊ စာအုပ်မျိုးတူစုအလိုက် ဘာသာရပ်ခွဲခြားခြင်း၊ စာအုပ်ငှားရမ်းထိန်းသိမ်းခြင်း၊ စာကြည့်တိုက်ဝန်ဆောင်မှု လုပ်ငန်းများစွမ်းဆောင်မှုမြှင့်တင်ခြင်းနှင့် ရပ်ကွက်၊ ကျေးရွာ စာကြည့်တိုက်များ ရေရှည်ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ အကြံပြုချက်များအား ဆွေးနွေးခဲ့ကြသည်။

အလားတူ တမူးခရိုင် မြို့သစ်မြို့၊ အခြေခံပညာအထက်တန်းကျောင်းတွင်လည်း မတ် ၂၃ ရက်က မြို့ပေါ်ဌာနဆိုင်ရာဝန်ထမ်းများနှင့် ကျေးရွာ ၁၈ ရွာမှ စာကြည့်တိုက်တာဝန်ခံတို့ဖြင့် စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

**ချင်းတွင်းသား(ပြန်/ဆက်)**

ဂျပန်နိုင်ငံသို့ ၂၀၁၅ခုနှစ် အောက်တိုဘာတန်းခွဲသို့
ပညာတော်သင်သွားရောက်လိုသူများအတွက် အထူးဝန်ဆောင်မှု

၂၀၁၅ခုနှစ် ပညာသင်နှစ်၏ အောက်တိုဘာတန်းခွဲသို့ ပညာသင်ရင်း အချိန်ပိုင်းအလုပ် လုပ်ကိုင်လိုသူများအတွက် လျှောက်လွှာများ စတင်လက်ခံနေပြီဖြစ်ရာ အထူးဝန်ဆောင်မှုများ အနေဖြင့် ပညာသင်ဝန်ဆောင်မှု၊ လေယာဉ်လက်မှတ် လက်ဆောင်ပေးခြင်း အစရှိသည့် အခြားဝန်ဆောင်မှုများကိုလည်း အထူးစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

အသေးစိတ်မေးမြန်းလိုပါက အောက်ပါဆက်သွယ်ရန်လိပ်စာသို့ လာရောက်မေးမြန်းစုံစမ်းနိုင်ပါသည်။
Building No. A-3-2, Room (102), Myanma Gonyi Housing, Upper Pansodan Road, Mingalar Taung Nyunt Towship, Yangon, Myanmar. Tel : (95-1) 393370, 09-421147070. Email : tokyo.fukushi.myanmar@gmail.com
လူဦးရေအကန့်အသတ်ရှိပါသည်။

FREE ENTRY

ဩစတြေးလျပညာရေးကို စိတ်ပါဝင်စားသူများမပျက်မကွက် လာရောက်လေ့လာသင့်သည့် ပညာရေးပြပွဲကြီး

- အနာဂတ်အတွက် ဩစတြေးလျနိုင်ငံတွင် ဆက်လက်ပညာသင်ကြားရန် ထိပ်တန်းတက္ကသိုလ်၊ ကောလိပ်များမှကိုယ်စားလှယ်များနှင့် တိုက်ရိုက်လာရောက်ဆွေးနွေးနိုင်ခြင်း။
- ၎င်းတို့ ကျောင်းများတွင် သင်ကြားနိုင်သည့် ဘာသာရပ်များအကြောင်း၊ ဝင်ခွင့်လိုအပ်ချက်များကို လေ့လာသိရှိနိုင်ခြင်း။
- ဩစတြေးလျ အစိုးရမှ ချီးမြှင့်သည့် Australian Awards Scholarship များအကြောင်းနှင့် တက္ကသိုလ်၊ ကောလိပ် များမှပေးသည့် ပညာသင်ဆုများအကြောင်းကို သက်ဆိုင်ရာ ကိုယ်စားလှယ်များကို ကိုယ်တိုင် မေးမြန်းနိုင်ပါသည်။

ဩစတြေးလျ ပညာရေးပြပွဲ ၂၀၁၅

Organized by AVSS

Students who apply on that day are entitled to 6 Months OSHC Fees & other prizes +chance to win IPAD.
*** Please bring your passport, educational documnets for offer letter***

28th March 2015 (Saturday) 9 A.M - 4:30 P.M
BALLROOM, PARKROYAL HOTEL, YANGON

For More Information: No.127(A), 1 st Floor, West Shwe Gone Daing Rd, Bahan Tsp, Yangon, Myanmar. Tel:(95 9) 45000 6944, 45000 6955

# သိုး၊ ဆိတ် များဈေးကောင်း၍ မွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေ



**မုံရွာ မတ် ၂၄**

မုံရွာမြို့နယ်အတွင်းရှိ ခဝဲကျင်းကျေးရွာသည် မုံရွာ-ရေဦးကားလမ်းမဘေးတွင် တည်ရှိပြီး စပါး၊ ဂျုံ ကုလားပဲ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ မတ်ပဲတို့အား စိုက်ပျိုးရေရရှိမှုနည်းပါးသဖြင့် အနည်းငယ်သာ စိုက်ပျိုးနိုင်ပြီး မွေးမြူရေး လုပ်ငန်းများအဖြစ် ဒေသန္တား၊ သိုး၊ ဆိတ်၊ ဝက်တို့ကိုမွေးမြူကြရာ ယခုနှစ်တွင် ဆိတ်၊ သိုး မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်သော တောင်သူများအနေဖြင့် မျိုးကောင်ဈေးနှင့် အသားဈေးနှုန်း ပိုမိုရရှိကြသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ဆိတ်၊ သိုးမွေးမြူရေးလုပ်ငန်းနှင့် ပတ်သက်ပြီး "ခဝဲကျင်းကျေးရွာမှာက ဆိတ်၊ သိုး မွေးမြူတဲ့သူ ၂၀ ဦး ကျော်ရှိတယ်။ ဒီသိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းက အစာဖိုးမကုန်ဘူး၊ လိုက်ပြီးကျောင်းရတဲ့အလုပ်၊ ကိုယ်ကိုယ်တိုင်လိုက်ပြီးကျောင်းရင်ကျောင်း၊ ဒါမှမဟုတ် ကျောင်းတဲ့သူငှားပြီးကျောင်းလို့လည်းရတယ်။ ဒီဒေသမှာက ဒေသမျိုးတွေဖြစ်တဲ့ သိုးပု၊ သိုးကုန်းနဲ့ သိုးကြီးမျိုးတွေကို မွေးကြတယ်။ ဆိတ်ကျတော့ နည်းနည်းပိုပြီးဂရုစိုက်ရတယ်။ သိုးကြတော့ ရာသီဥတုဒဏ်၊ ရောဂါဒဏ်ပိုပြီးခံနိုင်ရည်ရှိတယ်။ သိုးသားပေါက် ၁၅ ရက်လောက်ဆိုတောထဲကို လွှတ်လို့ရတယ်။ ဆိတ်ကျတော့ လွှတ်လို့မရသေးဘူး။ သိုးကိုမွေးရတာပိုပြီး အဆင်ပြေတယ်။ သိုးကဟိုတုန်းကတော့ အမွေးပါ ညှပ်ပြီးရောင်းလို့ရတယ်။ အခုကျတော့ အမွေးက တစ်ပိဿာမှ ၂၀၀ လောက်ပဲရှိတယ်။ ဒီမှာက ရောင်းမရဘူး။ မန္တလေးကိုပို့ရတော့ သယ်ယူစရိတ်နဲ့ မကိုက်တော့ မပို့ဖြစ်တော့ဘူး။ သိုးမွေးတွေညှပ် ရွာပြင်ထုတ်ပြီး မီးရှို့ပစ်ရတယ်။ အခုကျတော့ အသားရောင်းတဲ့သူတွေဆီပဲရောင်းချပေးရတယ်။ ကျွန်တော် ကိုယ်တိုင်လည်း သိုးအကောင် ၄၀ ကျော် မွေးထားတယ်။ ဒီနှစ်ကတော့ အသားဈေးက တစ်ပေါင်ကို ၂၅၀ ကျပ်လောက်ပိုပြီးရတော့ တွက်ခြေကိုက်တယ်လို့ ပြောရမယ်" ဟု အဆိုပါကျေးရွာမှ သိုးမွေးမြူရေးလုပ်ကိုင်သူ ကိုဇော်ဝင်းက ပြောသည်။

"သိုးနဲ့ဆိတ်တွေက မနှစ်က အသားလုပ်မယ့် အကောင် ရောင်းဈေးတစ်ပေါင်ကို ၇၀၀ ကျပ်လောက်ပဲရတယ်။ ဒီနှစ်ကျတော့ ၉၅၀ ကျပ်ဈေးရှိတယ်။ ပြန်မွေးမယ့်သိုးဆိတ် တစ်ပေါင်ကိုတော့ ကျပ် ၁၂၀၀ ဈေးရတယ်။ အသားဖော်မဲ့ အကောင်ပြတ်ဈေးနဲ့ဆိုရင် တစ်ကောင်ကို တစ်သိန်းကနေပြီး ကျပ် ၁၂၀၀၀၀ လောက်ရတယ်။ ပြန်မွေးမဲ့အကောင်ဆိုရင်တော့ ကျပ် ၁၆၀၀၀၀ ကနေ ကျပ် ၁၈၀၀၀၀ လောက်ရတယ်။ အသားကိုတော့ မုံရွာမြို့ထဲကို ရောင်းကြတယ်။ ဒီနှစ်မှာကျတော့ တာမခံဘက်ကနေ ၁၀ ဘီးကားတွေနဲ့ လာပြီးဝယ်ကြတယ်။ သိုး၊ ဆိတ်တွေရဲ့ မွေးဖွားနှုန်းက တစ်နှစ်ကိုနှစ်သားနဲ့ တစ်ဗိုက်ဆိုတော့ မွေးတဲ့တောင်သူတွေအနေနဲ့ တွက်ခြေကိုက်တယ်။ ဒီနှစ်ကျတော့ ဈေးလေးလည်းတိုးပြီးရတော့ ပိုပြီးအဆင်ပြေကြတယ်" ဟု အဆိုပါကျေးရွာမှ သိုး၊ ဆိတ်မွေးမြူရေးလုပ်ကိုင်သူ ဒေါ်ခင်စန်းဝင်းက ပြောသည်။

အဆိုပါ ခဝဲကျင်းကျေးရွာတွင် သိုး၊ ဆိတ်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၀ ကျော်ရှိပြီး သိုး၊ ဆိတ်ကောင်ရေ ၂၀၀၀ ကျော်မွေးမြူကာ မျိုးနှင့်အသားရရှိရန်အတွက် တစ်ဆင့်ရောင်းချခြင်းလုပ်ငန်းများဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ဖိုးချမ်း(မုံရွာ)**

# စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာ သစ်တောများနေ့အထိမ်းအမှတ် သစ်ပင်ပျိုးပွဲတော်ပြုလုပ်

**ကျွန်းလှ မတ် ၂၄**

အပြည်ပြည်ဆိုင်ရာသစ်တောများနေ့အထိမ်းအမှတ် သစ်ပင်ပျိုးပွဲတော်အခမ်းအနားကို မတ် ၂၁ ရက် နံနက် ၇ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် သစ်တောဦးစီးဌာန ပျိုးဥယျာဉ်တွင် ကျင်းပခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် အိမ်ခြေ ၅၀ နှင့်အထက် ကျေးရွာ ၃၇ ရွာတွင် ယာမြေ ၁၉၀၅၀ ဒသမ ၆၅ ဧကရှိရာ ယခင်နှစ်က ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၁၂၀၀ ဧကအား တည်ထောင်စိုက်ပျိုးခဲ့ပြီးဖြစ်ကြောင်းသိရသည်။

ယခုနှစ်တွင် လူထုဖြန့်ချိပင် ၃၆၁၀၀ နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၁၄၉၀ ဧကအတွက် ၂၂၃၅၀၀ ပင်အား မြို့မပျိုးဥယျာဉ်နှင့် ၂၀၁၀ ဧကအတွက် ပျိုးပင် ၃၀၁၅၀၀ ပင်ကို မြို့နယ်တွင်း ယာယီပျိုးဥယျာဉ်ခြောက်ခုတွင် ပျိုးထောင်လျက်ရှိကြောင်း ကျွန်းလှမြို့နယ် သစ်တောဦးစီးဌာနမှ သိရသည်။

မိုးရာသီတွင် ဒေသခံအစုအဖွဲ့ပိုင် သစ်တောစိုက်ခင်း ၃၅၀၀ ဧကကို သက်ဆိုင်ရာအသုံးပြုသူများအဖွဲ့ ၈၉ ဖွဲ့ အဖွဲ့ဝင် ၇၈၉ ဦးတို့ဖြင့်လည်းကောင်း၊ တစ်အိမ်ထောင်ကျွန်းသုံးပင်၊ သစ်မာ၂၀ ပင်နှင့် တစ်အုပ်တစ်မစိုက်ခင်းများအား ဒေသခံပြည်သူများပူးပေါင်း၍ အောင်မြင်အောင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးဆန်းတင်က ပြောသည်။

အဆိုပါသစ်ပင်ပျိုးပွဲတော်သို့ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးသောင်းဟိန်းနှင့် ကော်မတီဝင်များ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများ၊ ဌာနဆိုင်ရာများ၊ သစ်တောဝန်ထမ်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ ရပ်ကွက်ကျေးရွာအုပ်ချုပ်ရေးမှူးတို့က သစ်စေ့နှင့် ပျိုးပင်ပေါက် ၂၀၀၀၀ ကို စိုက်ပျိုးပေးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းညို(ကျွန်းလှ)**

## ထမင်းပေါင်းအိုးအပူလွန်ကဲရာမှ မီးလောင်မှုဖြစ်ပွား

**ဆင်ပေါင်ဝဲ မတ် ၂၄**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့ အမှတ် (၃) ရပ်ကွက်၊ ကိုးပင်-ညောင်ပင်သာကားလမ်းနေ ဦးအောင်ကိုလတ် ၂၇ နှစ် မြို့နယ်ဆေးရုံအထွေထွေလုပ်သားနှင့် ဇနီး မဇင်မာဦး (၁၈)နှစ်တို့၏ သုံးပင်ပတ်လည် သက်ငယ်မိုး ထရံကာ၊ ပျဉ်ခင်းနေအိမ်မှတစ်ဆင့် မတ် ၂၀ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်ခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

မီးလောင်ရာသို့ မြို့နယ်မီးသတ်ဦးစီးမှူး ဦးရဲအောင်ဦးစီး၍ မြို့နယ်မီးသတ်ယာဉ်သုံးစီး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်လွင်၊ ဌာနဆိုင်ရာများနှင့် ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၁၀၀ ကျော်ကမှ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၂၀ မိနစ်တွင် မီးညွန့်ကျိုးသွားကာ နံနက် ၁၁ နာရီ ၂၅ မိနစ်တွင် မီးငြိမ်းသတ်နိုင်ခဲ့ကြောင်းသိရသည်။

မီးလောင်မှုကြောင့် ဦးအောင်ကိုလတ်၏နေအိမ် ဆုံးရှုံးခဲ့ပြီး ဦးအောင်ကိုလတ်နှင့် မဇင်မာဦးတို့တွင် မီးလောင်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း၊ နေအိမ်ထမင်းပေါင်းအိုးတည်ရာမှ အပူလွန်ကဲ၍ မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ မီးပေါ့ဆစွာသုံးစွဲသူ ဦးအောင်ကိုလတ်အား အရေးယူပေးရန် ဒုရဲမှူးဝင်းရွှေက တရားလိုပြုတိုင်တန်းရာ ဆင်ပေါင်ဝဲမြို့မရဲစခန်းက (ပ)၁၉/၂၀၁၅၊ ပြစ်မှုပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **နိုင်ဝင်း**


မြန်မာမြို့ခတ်ရှယ်ရီ Travels & Tours Co.,Ltd
* (155,000/-)
* (155,000/-)
* (Special Package)
01-551240, 09-73160843, 09-5003647






## ကျေးဇူးဆပ်ပါမည်

၁၈-၃-၂၀၁၅ရက်၊ မွန်းလွဲ၂း၃၀ နာရီခန့်က မြောက်ဥက္ကလာပမြို့နယ်၊ ခေမာသီလမ်းမကြီးပေါ်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး အနီးတစ်ဝိုက်တွင် ဒေါ်စန္ဒာခင်မောင်အမည်ဖြင့် အရေးကြီးသည့် စာရွက်စာတမ်းမူရင်းများ ထည့်ထားသည့်ဖိုင်မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၁-၅၅၇၆၆၃၊ ၀၁-၄၃၀၁၀၆၊ ၀၉-၅၁၃၅၂၉၈၊
၀၉-၇၃၀၈၇၆၅၇၊ ၀၉-၄၃၁၉၅၂၇၃၊
၀၉-၃၆၂၂၉၃၃၁၊ ၀၉-၄၃၁၈၀၈၈၄

ဆုပြည့် 09-31815390,09-792432296 09-31815395,09-792298138
နွေရာသီကျောင်းပိတ်ရက်ခရီးစဉ်
ရွှေစက်တော်၊ပြည်(ဘုရားစုံ)(ငြိမ်း) ၄၅,၀၀၀/
အလောင်းတော်ကဿပ(သီးသန့်ငြိမ်း) ၅၀,၀၀၀/
ရွှေစက်တော်၊ ဖုဝံ့ညောင်ဦး(ငြိမ်း) ၈၀,၀၀၀/
6+1 FREE Package
ချောင်းသာ(ငြိမ်း) ၄၅,၀၀၀/
ငွေဆောင်(ငြိမ်း)၅၅,၀၀၀/
ကျိုက်ထီးရိုး(ငြိမ်း)၃၅,၀၀၀/
သင်္ကြန်ပိတ်ရက်အထူးအစီအစဉ်(၅)ရက်ခရီး:Apr 12(ဖိုတယ်၊စားသောက်သွားမည်)
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကလော(ငြိမ်း) ၁၅၀,၀၀၀/
မန္တလေး၊ပြင်ဦးလွင်၊စစ်ကိုင်း၊မုံရွာ၊အလောင်းတော်ကဿပ(ငြိမ်း) ၁၆၀,၀၀၀/
ချောင်းသာ(၂ည၊၃ရက်) –၁၂၀,၀၀၀/- (Guest House)
ငွေဆောင်(၂ည၊၃ရက်)–၁၅၀,၀၀၀/- (Hotel) Apr 13,14 ကြိုတင်လက်မှတ်

## ငှားမည်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အထက်ဘလောက်၊ ပေ(၂၅×၆၀)၊ ပထမထပ်၊ အခန်းဖွဲ့ပြီး၊ Air Con (၂)လုံး၊ ခတ်လှေကားပါသည်။ 12L

ဖုန်း-၀၉-၅၁၅၉၄၃၆






## သားအဖြစ်မှ အမွေဖြတ်စွန့်လွှတ်ခြင်း

(ဦးမျိုးညွန့်)-ဒေါ်ခင်မာကြည်တို့၏သားဖြစ်သူ မောင်တေဇာအောင်[၉/ဝတန(နိုင်)၁၄၅၁၈၃] သည် မိဘဆွေမျိုးများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် ပြုလုပ်သွားပါသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါ။

စုံစမ်းမေးမြန်းခြင်းသည်းခံပါ။
ဒေါ်ခင်မာကြည်
[၉/ဝတန(နိုင်)၁၃၇၈၃၉]

## မိုးညှင်းမြို့နယ် ပင်းဟဲစံပြကျေးရွာ၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြုလုပ်သည့် အသိပညာဗဟုသုတမြင့်မားရေး ဟောပြော

**မိုးညှင်း မတ် ၂၄**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျင်းပပြုလုပ်သည့် ကျေးလက်ဒေသ အသိပညာဗဟုသုတမြင့်မားရေးနှင့် စာကြည့်တိုက်အဆောက်အအုံသစ်တည်ဆောက်နိုင်ရေး ကွင်းဆင်းညှိနှိုင်းဆွေးနွေးဟောပြောပွဲကို မတ် ၁၈ ရက် နံနက် ၁၀ နာရီက ပင်းဟဲစံပြကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုးညှင်းခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းသိန်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေး၊ အသိပညာဗဟုသုတမြင့်မားရေး၊ စာဖတ်ခြင်း၏အကျိုးကျေးဇူးများနှင့် ပင်းဟဲစံပြကျေးရွာ၌ သုတစာကြည့်တိုက်အဆောက်အအုံသစ် တည်ဆောက်ရေး ဟောပြောညှိနှိုင်းဆွေးနွေးခဲ့သည်။

ယင်းနောက် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးစာစောင်ဖြစ်သည့် ရေဘေးပညာပေးစာစောင်၊ မုန်တိုင်းပညာပေးစာစောင်၊ ငလျင်ဘေးပညာပေးစာစောင်၊ မြေပြိုဘေးပညာပေးစာစောင်၊ ဆူနာမီပညာပေးစာစောင်တို့ကို ကျေးလက်ပြည်သူများထံသို့ အခမဲ့ဖြန့်ဝေပေးခဲ့သည်။

အဆိုပါဆွေးနွေးဟောပြောပွဲသို့ ပင်းဟဲကျေးရွာအုပ်ချုပ်ရေးမှူး ဦးထွန်းဦးနှင့် ရပ်မိရပ်ဖများ၊ ပင်းဟဲကျေးရွာဒေသခံများ တက်ရောက်ကြကြောင်း သိရသည်။

**မင်းမာဃ(မိုးညှင်း)**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး ဟိုပင်မြို့၌ မီးငြိမ်းသတ်ရေး ဇာတ်တိုက်လေ့ကျင့်

**ဟိုပင် မတ် ၂၄**

ပူပြင်းခြောက်သွေ့သော နွေရာသီသို့ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးအနေဖြင့် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့ စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးတွင် မတ် ၁၈ ရက် မွန်းလွဲ ၁ နာရီက အရန်မီးသတ်တပ်ဖွဲ့မှ မီးသတ်ကားသုံးစီး၊ စည်ပင်သာယာရေးအဖွဲ့ပိုင် ရေကားတစ်စီး၊ အုပ်ချုပ်ရေးယာဉ်နှစ်စီးတို့ဖြင့် အုပ်ချုပ်ရေးမှူး ဦးကျော်မိုးသူ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းမြင့်နှင့် ဝန်ထမ်းများ၊ အရန်မီးသတ်တပ်ဖွဲ့မှ ဒုတပ်ရင်းမှူး ဦးမျိုးမြင့်နှင့် အဖွဲ့ဝင်များ၊ စည်ပင်သာယာရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသောင်းလွင်၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မီးငြိမ်းသတ်ရေးလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ဖတ်စရာ

## မန္တလေးတောင်ကိုဝန်းရံထားသည့်ပတ္တမြားတောင်မှာ လေ့လာဖူးမြော်စရာ တောင်တစ်ခုအဖြစ် တည်ရှိနေ

**à wdfvref**

မန္တလေးမြို့သည် စိတ်ဝင်စားဖွယ်ရာများစွာနှင့် လေ့လာဖွယ်များစွာရှိသောမြို့ပင်ဖြစ်သည်။ အသက်ကလေးရယ်ရှည်စေလို မန်းတောင်ရိပ်ခိုဆိုသောအဆိုကို လူတိုင်းအလွတ်ရနေပြီး မန္တလေးတောင်သည်လည်း စိတ်ဝင်စားဖွယ်ပင်ဖြစ်သည်။ မန္တလေးတောင်နှင့်ပတ်သက်၍ တောင်တော်သမိုင်းတွင် အမျိုးမျိုးဖွင့်ဆိုရေးပြထားသည်။ မန္တလေးတောင်ထိပ်သည် ပင်လယ်ပြင်မှအထက် ပေပေါင်း ၇၇၆ ပေ၊ တောင်ခြေမြေပြင်မှ ပေပေါင်း ၅၀၀ ကျော် မြင့်သည်။

မန္တလေးတောင်ကို တောင်ကိုးလုံးဝိုင်းရံရစ်ပတ်ထားသည်ဟုဆိုသည်။ သို့အတွက် မြို့ခံများနှင့်အတူ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများက တောင်ကိုးလုံးကို စိတ်ဝင်စားလျက်ရှိသည်။ တောင်ကိုးလုံးတွင် အချို့သောတောင်ငယ်များမှာ စေတီပုထိုး ကျောင်းဆောင်အသီးသီးကြောင့် တောင်ကုန်းဟုပင် မထင်ရတော့ပေ။အချို့သောတောင်များမှာ ယခုတိုင် လှပစွာတည်ရှိနေသည်။

မန္တလေးတောင်သမိုင်းအချို့တွင် မဏ္ဍလေးတောင် (မန္တလေးတောင်) ဟု ခေါ်တွင်ကြောင်းနှင့် မန္တလေးတောင်သည် ရွှေတောင်၊ ငွေတောင်၊ ပတ္တမြားတောင်၊ ဆေးဒန်းတောင်၊ မြင်းသီလာတောင်၊ ဒုတ္တာတောင်၊ ရေလှည့်တောင်၊ ကြေးနီတောင်၊ ဘီလူးမတောင်ဟု အမည်တွင်သော တောင်ကိုးလုံး ဝိုင်းရံရစ်ပတ်ထားသည်။ မန္တလေးတောင်ကို လာရောက်ကြသူများ ကြည်လင်ရွှင်ပျရသောကြောင့် မဏ္ဍလေးတောင် (မန္တလေးတောင်) ဟုခေါ်တွင်ကြောင်း တောင်တော်သမိုင်းတွင် ရေးသားထားသည်။ အခြားမှုကွဲသမိုင်းများတွင်လည်း ခုနှစ်သက္ကရာဇ်ဇာတ်ကြောင်းများနှင့် ပါ ဖော်ပြထားသည်ကိုလည်း လေ့လာနိုင်သည်။

ယခုအခါ မန္တလေးတောင်၏ အနောက်မြောက်ထောင့်တွင်ရှိသော တောင်ကိုးလုံးတွင် ပါဝင်သည့် ပတ္တမြားတောင်မှာ ရှေးမင်းများတည်ထားခဲ့သော လက်ရာဟောင်းစေတီ၊ စောင်းတန်း၊ လှေခါးဟောင်းများဖြင့် တင့်တယ်လှပစွာ မြင်တွေ့နိုင်သည်။ တောင်ထိပ်စေတီမှသည် မန္တလေးမြို့ရှုခင်းကို ကြည့်ရှုနိုင်သလို မန္တလေးတောင်၏ အလှကို အပေါ်စီးမှရှုမြင်နိုင်သည့်နေရာပင်ဖြစ်သည်။ ရှေးအခါက ပတ္တမြားကျောက်မြတ်ရတနာကို တွေ့ဖူးသည်ကိုအကြောင်းပြုကာ ပတ္တမြားတောင်ဟုခေါ်ကြောင်း သိရသည်။ ယင်းတောင်သည် စိတ်ဝင်စားဖွယ်ရာနေရာဖြစ်သလို ဘုရားဖူးနိုင်သည့်တောင်တစ်တောင်အဖြစ် လှပစွာတည်ရှိကာ ညနေနေဝင်ဆည်းဆာအလှတွင် ထူးကဲသော အလှမြင်ကွင်းကိုကြည့်ရှုနိုင်သည်။

## ဓာတ်ငွေ့ပိုက်လိုင်းဖောက်လုပ်ရာ၌ ပျက်စီးသွားသော တောင်သူ ၁၀ ဦး၏ သီးနှံပင်များအတွက် သီးနှံလျော်ကြေးငွေများပေးအပ်

**နတ်တလင်း မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ (အုပ်ဖို-ပြည်ပိုင်း) ဓာတ်ငွေ့ပိုက်လိုင်းဖောက်လုပ်ရာတွင် တောင်သူ ၁၀ ဦး၏ ပျက်စီးသွားသော သီးနှံပင်များအတွက် သီးနှံလျော်ကြေးပေးအပ်ပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင်မတ် ၁၉ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်က သီးနှံပင်များပျက်စီးမှုနှင့်ပတ်သက်၍ တောင်သူဦးကြီးများအနေဖြင့် နစ်နာမှုမရှိစေဘဲ မျှတသောတွက်ချက်မှုနှုန်းထားများနှင့် ပေးချေခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တောင်သူတစ်ဦးချင်းဆီသို့ သီးနှံပျက်စီးမှုလျော်ကြေးငွေများ ပေးအပ်ခဲ့သည်။

ယင်းပေးအပ်ပွဲတွင် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမောင်မောင်သန်း၊ ပင်မဓာတ်ငွေ့ပိုက်လိုင်းကြီးကြပ်အင်ဂျင်နီယာ ဦးမျိုးဇော်မင်းနှင့် တောင်သူများ တက်ရောက်ကြပြီး သီးနှံလျော်ကြေးငွေ စုစုပေါင်း ၁၉၁၁၆၀၀ ကျပ် ပေးအပ်ခဲ့သည်။

**(ဝ၇၁)**

ရွှေစီးကွက် 09423722092,450015980,260827756
အဆင့်မြင့်ခရီးသွားလုပ်ငန်း/အိမ်အရောက်ပို့/ကြို
April 3/12/17 ထွက်မည်

| | | | |
|---|---|---|---|
| ရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ဝခုတ္တူ | 67000 + | ထားဝယ်ရှင်ကိုးရှင်၊ မော်လမြိုင် | 95000 |
| ရွှေစက်တော်၊ ပုဂံ၊ မန္တလေး၊ မေမြို့ စစ်ကိုင်း၊ မုံရွာ | 95000 + | မန္တလေး၊ လားရှိုး၊ မူဆယ်၊ ရွှေလီ | 100000 |
| တောင်ကြီး၊ အင်းလေး၊ ဝင်းတယ၊ ထမ်စမ်း၊ ကတ္တူ | 67000 + | တာချီလိတ်၊ မယ်ဆိုင်၊ ရွှေတြိဂံ | 250000 |
| မန္တလေး၊ မေမြို့ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော် | 67000 | | |

မြေကော (၂၀)ရောင်းမည်
ရန်ကုန်၊ နေပြည်တော် မိုင်တိုင် (၁၇) အမြန်လမ်းမကြီးဘေးရှိ အထက်ပါမြေအား ညှိနှိုင်းဈေးဖြင့် ရောင်းမည်။
Ph: 09-5311963

ပုလဲရတုမွေးနေ့ဆုတောင်း
ကေခိုင်အောင်(မအိ)ရဲ့ ၂၅-၃-၂၀၁၅ရက် ပုလဲရတုမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် စိတ်ချမ်းသာ ကိုယ်ကျန်းမာစွာဖြင့် ဘာသာ၊ သာသနာအကျိုး ဆောင်ရွက်နိုင်ပါစေ။
ရန်ကုန်၊ သထုံမိသားစု



## ကြော်ငြာ

**NEW MOTION** Travels & Tours

ရေ့လွှားသစ်ရှင် သင်္ကြန်ခရီးစဉ်

| | | | |
|---|---|---|---|
| မြောက်ဦး | April; 13 | ထားဝယ်-ကန်ရှနာပူရီ | April; 13 |
| ပုဂံ | April; 12,13,17 | ငွေဆောင် | April; 13,15 |
| မိုးကုတ် | April; 13 | ပေလီ | April; 13,15 |
| ပုဂံ-ရွှေစက်တော် | April; 13 | မန္တလေး-တောင်ကြီး | April; 12 |
| ပုဂံ-တောင်ကြီး | April; 11,12 | အလောင်းတော်ကဿပ | April; 17 |
| မန္တလေး | April; 14,17 | တောင်ကြီး | April; 11,12,13,17 |

အမှတ်-16၊ ကျွန်းတောလမ်း၊ စမ်းချောင်း။ Ph; 527 922, 538 811, 09-731 48922, 09-4925 2911, 4925 2922.

**POPULAR STAR** Travel & Services

လန်းဆန်းပျော်ရွှင် သင်္ကြန်ခရီးစဉ်

| | |
|---|---|
| တောင်ကြီး – အင်းလေး – ပင်းတယ<br>ကလော – ထမ်ဆစ် – ရွှေတော်ကုဏ္ဍ | မန္တလေး – ပင်းကျွန်း<br>ပြင်ဦးလွင် – စစ်ကိုင်း |
| Mar 26 - 130000 ကျပ် | Mar 26 - 130000 ကျပ် |
| Apr 11,12,13,17 - 190000 ကျပ် | Apr 12,17 - 150000 ကျပ် |

Scania (2+2) Bus, 3 Stars Hotel, Restaurants

Ph : 01 2301866 , 09 5129134, 09 254007909, 09 799676523

**Wonderful Days** Travels & Tours

- တောင်ကြီး ခရီးစဉ် Mar- 26, Apr- 12, 13, 17
- အလောင်းတော်ကဿပ ခရီးစဉ် Mar-26, Apr-12
- ဓော်လမြိုင် ခရီးစဉ် Apr- 17
- ပုဂံ - တောင်ကြီး Apr- 13
- မန္တလေး - တောင်ကြီး Apr- 12

Go Travelling, Feel Happy !

အမှတ်(၂၂၈)မြေညီထပ်၊ ဒုဝါလမ်း၊ အလုံမြို့နယ်။

Ph: 220 905, 09 731 93 262, 09 731 78 716.

**OD TOUR** Oriental Dragon Travels & Tours Co.,Ltd. Since 1997

ပြည်တွင်း ဘုရားဖူး နှင့် အပန်းဖြေ ခရီးစဉ်များ

| | | | |
|---|---|---|---|
| တောင်ကြီး-အင်းလေး | April 12, 13,17,18,May.. | | |
| ပုဂံ-ပုပ္ပါး-ပေါက္ကူ | April 13,17,18,May.. | | |
| မန္တလေး-မင်းကွန်း-ပြင်ဦးလွင် | April 13,17,18 | ပုဂံ-မန္တလေး-ပြင်ဦးလွင် | April.12 |
| အလောင်းတော်ကဿပ | April 12, 13,May.. | တောင်ကြီး-ပုဂံ | April.12 |
| မန္တလေး-မုဆယ်-ရွှေလီ | April.11,12,13 | တောင်ကြီး-မန္တလေး | April.12 |
| ဘားအံ-မော်လမြိုင်-ကျိုက္ကမီ | April.13 | ပုဂံ-ပုပ္ပါး-ရွှေစက်တော် | April.12 |
| တောင်ကြီး+လွိုင်ကော် | April.13,...,May.. | | |

ထားဝယ်(ရွှေတိုးရှင်)ဘောင်းတောင်... Mar 26 , April 12,..May..

Ph: 01-536855, 523187, 526349, 504808, 09-420240570, 09-5187045

**Konica ချော့ဇော** WEDDING DRESS PHOTO STUDIO

အမှတ်(၁၃၄)၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်တိုင်း မီးသတ်ရှေ့၊ ကျောက်တံတားမြို့နယ်။

Tel:01 256251, 01 372292



မင်္ဂလာ ဓါတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်

ဘွဲ့ ဓါတ်ပုံ၊ ဝတ်စုံ၊ မိတ်ကပ်

( ကျွန်တော်တို့ကြိုးပမ်းအားထုတ်နေတာ သင်လှဖို့ )

သင်တန်းကြေးသင့်တင့်ပြီး အင်္ဂလိပ်စကား ပြောနိုင်မြန်မြန်ချင်သူများအတွက်



GETC

ခြမြိုက္ခုန် 537895, 502775

တာမွေ 549590, 09254148006

www.getc-languageschool.com

2015 March Intake အတွက် ကျောင်းအပ်လက်ခံနေပါပြီ . . . .

**ဦးဇော်မြင့် B.A (Korean) Y.U.F.L**

ကိုယ်တိုင်ဦးစီးသင်ကြားသော

"ကိုရီးယားဘာသာ" အထူးသီးသန့်သင်တန်းကျောင်း

E.P.S TOPIK ဖြေဆိုမည့်သူများအတွက် အခြေခံတန်းခွဲသစ်ကို (၃-၄-၂၀၁၅)တွင် ဖွင့်လှစ်ပါမည်။

လစဉ်တန်းခွဲသစ်များရှိပါသည်။

အမှတ်(၆၈)၊ အခန်း(A4)၊ ၄လွှာ၊ (၂)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမ၊ စံရိပ်ငြိမ်မှတ်တိုင်ရှေ့၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၅၁၀၁၁၂၅၊ ၀၉ ၅၁၇၈၇၀၅၊ ၀၉-၄၃၀၉၇၅၁၇

မန္တလေးရှေးနှင်း ဆောက်လုပ်ရေးကုမ္ပဏီလီမိတက် မှ တာဝန်ယူဆောက်လုပ်သည့် **Wealthy Palace Condominium**

Promotion ကာလ 20.3.2015 မှ 31.3.2015 ထိ

1. 1026 စတုရန်းပေ ( 19' x 54' )၊ (10' အမြင့်)
2. Pile Foundation ( Myanmar V-Pile )
3. Ready Mixed Concrete
4. 8 ယောက်စီးဓာတ်လှေကား ( KONE Brand )
5. Master Bedroom 1 ခန်း + Single 1 ခန်း
6. Dinning & Kitchen Room ကြွေပြားအပြည့်ခင်း၊ အပြည့်ကပ်
7. Kitchen Counter+ Steel Basin 1 လုံး
8. Bathroom & Toilet 2 ခန်း ကြွေပြားအပြည့်ခင်း၊ အပြည့်ကပ်
9. Central ရေပေးဝေမှုစနစ် ( အဝီစိ + ကိုးမြို့)
10. လုံခြုံရေး CCTV ကင်မရာ + မီးစက် ၁ လုံး
11. Original သံချောင်း၊ SCGဘိလပ်မြေ၊ စပေါက်စက်အုတ်
12. Power Line & Lighting Line နှင့် အရည်အသွေးမီ မီးကြိုးများဖြင့် အသုံးပြု တည်ဆောက်ပါသည်။

၅ ခန်းသာစောင်ကျောင်းချပါမည်။(ဦးရာကျစနစ်)




အမှတ် ၁၊ ဗေတ္တာလမ်း၊ ၁၃ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။


၃ ထပ်ကျွမ်း ကံစမ်းခွင့်



ဝယ်သူ(၅)ဦးအတွက် 2009 Honda Fit 1 စီး

ဝယ်သူ(၅)ဦးအတွက် ဝလာမပါက်စမ်းခွင့်

- ရွှေ ၁ကျပ်သား
- 32" LED Sony TV
- 2 Door Refrigerator
- Air Cooler
- Water Cooler and Heater



ပထမဆုံးဝယ်သူ(၃)ဦးအတွက် iPhone 6 – 1 လုံးစီ




၂၄ နာရီအဆင်သင့်ရှိနေမည်

ရုံးခန်း - အမှတ် ၁၀၅၂/က၊ အင်းဝလမ်း၊ (သုမင်္ဂလာလမ်းအနီး)၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ Ph- 09 8650304 , 09 799995588 , Hot Line- 09 73201349 , 09 420023213

နှစ် (၇၀) ပြည့် "တပ်မတော်နေ့"ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့်
မြဝတီဘဏ်လီမိတက်၏ (၄၀) ဘဏ်မြောက်
" ကျိုင်းတုံ " ဘဏ်ခွဲ ကို

MYAWADDY BANK LIMITED
မြဝတီဘဏ်လီမိတက်

ရှမ်းပြည်နယ်အရှေ့ပိုင်း၊ ကျိုင်းတုံမြို့နယ်တွင် ၂၅. ၃ .၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၌
ဖွင့်လှစ်ပြီး ဖြစ်ပါသဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို
ဆက်သွယ်ဆောင်ရွက်နိုင်ပြီဖြစ်ပါကြောင်း
မိတ်ပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

လုံခြုံလျှို့ဝှက် ဆောင်ရွက်မြန်မှန် မြဝတီဘဏ်

**ဆက်သွယ်ရန်လိပ်စာ**
မြဝတီဘဏ်လီမိတက် (ကျိုင်းတုံ)
တိုင်းအားကစားဝန်းမနှင့် ကြိဂံဒေသတိုင်းစစ်ဌာနချုပ်အနီး၊
တာစျိလိတ်–ကျိုင်းတုံလမ်းမကြီး၊ ကျိုင်းတုံမြို့နယ်၊ ရှမ်းပြည်နယ်အရှေ့ပိုင်း။

ဖုန်း – ၀၈၄ ၂၂၅၄၀ ~ ၄၂
ဖက်(စ်) – ၀၈၄ ၂၂၆၄၀ ~ ၄၁

---

**ဂန္ဓဝင်ရွှေပုံ Travels & Tours**

No.67, Baho Rd,Sanchaung Township,
Ph: 01-500191,519292,519293,510491,
519360,09-252281456, 09-73003772
81 Rd,Bet 33 x 34 Street, Mandalay
Ph: 09-73013856,09-31693339

* ဈေးနှုန်းများအားလုံး *
4 Star Hotels နှင့် All Included

| | | | |
|---|---|---|---|
| ဗန်ကောက် | (၆)ရက် USD 720 | ရုရှား | (၉)ရက် USD 4400 |
| ဗန်ကောက်+ဖူးခက် | (၆)ရက် USD 1100 | နော်ဝေး+ဆွီဒင်+ဒိန်းမတ်+ဖင်လန် | (၁၂)ရက် USD 5300 |
| စင်ကာပူ | (၅)ရက် USD 1000 | ဒူဘိုင်း+အဘူဒါဘီ | (၇)ရက် USD 1950 |
| စင်ကာပူ+မလေးရှား | (၈)ရက် USD 1400 | ဥရောပနိုင်ငံကြီး (၈) နိုင်ငံ | (၁၅)ရက် USD 4800 |
| ဘာလီ+ဂျော့ဂျာကာတာ | (၅)ရက် USD 1250 | အမေရိကန် (၁၆)ရက် USD 6700 / | (၂၀)ရက် USD 7700 |
| မော်လဒိုက် | (၅)ရက် USD 1700 (မှတ်) | | |
| သီရိလင်္ကာ | (၇)ရက် USD 1400 | | |
| ဝိကင်း+ရှန်ဟိုင်း+ကူမင်း | (၈)ရက် USD 1800 | | |
| ဟောင်ကောင်+ကွမ်ကျိုး+မကာအို | (၈)ရက် USD 1700 | | |

ဘာလီ ယခင်ဈေး ~~USD 1100~~
SALE NOW ON!
ယခုဈေး *USD 980*
*Last Call Sale*

"အထူးဝန်ဆောင်မှုများ"
* နယူးယောက်မြို့ 4 Star ဟိုတယ်၊ မက်ဟက်တန်ရပ်ကွက်တွင် (၃ည) တည်းခိုမည်။ Time Square မှ 5 min; walking distane
* LA မြို့တွင် 4 Star ဟိုတယ်၊ ဟောလိဝုဒ်ရပ်ကွက်တွင် (၃ည) တည်းခိုမည်။ Kodak Theatre မှ 3 min; walking distance ဖြစ်သောကြောင့် အလှန်စည်ကားသော Hollywood Boulvard လမ်းမကြီးတွင် နေ့စဉ်စိတ်ကြိုက်လျှောက်လည်နိုင်မည်။
* မကာအိုမြို့တွင် နာမည်ကျော် 5 Star ကာစီနို Venetian ဟိုတယ်တွင် (၁ည) တည်းခိုခွင့် နှင့် အမည်ပေါ်း (၁၀၀) ကျော် ပါဝင်သော နံနက်စာဘူဖေးစားသုံးခွင့်။
* ဝိကင်းမြို့တွင် Shopping Mall များ/ Departmental Store ဆိုင်များဖြင့် စည်ကားသော Wangfujing ဧရိယာရှိ 5 Star ဟိုတယ်တွင် (၃ည) တည်းခိုခွင့်။

---

**STRATEGY FIRST**
shaping you for sustainable edge



public relations လုပ်ငန်းတစ်ခု အဖွဲ့အစည်းတစ်ခုနှင့် ဆက်စပ်မှုရှိသော အစုအဖွဲ့များနှင့် အပြန်အလှန်နားလည်မှုနှင့် ကောင်းသော ဆက်ဆံရေးတည်ဆောက်ခြင်းပညာ

single subject diploma in
**ICM public relations**

**Course Contents**
- Strategic Public Relations
- External Public Relations Activities
- Corporate Identity & Image
- Corporate Social Responsibilities
- Financial & Investor Public Relations
- Governmental Relations & Lobbying
- Corporate Advertising
- Issue Management
- Crisis Communication
- Media Relations
- Marketing Public Relations
- Research Design for PR

မတ်လ ၂၀ရက် (သောကြာနေ့) အတန်းစမည်။


**Lecturer: U Aung Chit Khin**
**Fridays - 6 to 8:30 PM | March to End of August**
**Program Fees: 345,000 k + ICM Exam Fees**

Institute of Commerical Management မှ တရားဝင် ချီးမြှင့်သောမြင်ပါက ICM Single Subject Diploma in Public Relations ရရှိမည်ဖြစ်ပါသည်။

single subject diploma in
**ICM sales & sales mgt**

ကျွမ်းကျင် အောင်မြင်သော အရောင်းဝန်ထမ်းများဖြစ်လာစေရန် အသိပညာနှင့် ကျွမ်းကျင်မှုများ

**Course Contents**
- Development & Role of Selling
- Sales Strategies
- Consumer Behaviour
- Organisational Buyer Behaviour
- Personal Selling Skills
- Key Account Management
- Relationship Selling
- Direct Marketing
- Sales Responsibilities & Preparation
- Internet & IT Applications in Sales Mgt
- International Selling
- Law & Ethical Issues
- Recruitment & Selection for Sales
- Motivation & Training
- Organisation & Compensation
- Sales Forecasting & Budgeting
- Sales Force Evaluation



မတ်လ ၁၇ရက် (အင်္ဂါနေ့) အတန်းစမည်။

**Lecturers – U Aung Chit Khin, MBA (Nottingham)**
**& Dr. Daw Ohnmar Myint, Ph.D (Delhi)**
**Tuesdays – 6:00 to 8:30 PM | March to end of August**
**Program Fees – 345,000 Kyat + ICM Exam Fees**

Institute of Commerical Management မှ တရားဝင် ချီးမြှင့်သောမြင်ပါက ICM Single Subject Diploma in Sales & Sales Management ရရှိမည်ဖြစ်ပါသည်။

**CALL NOW: 09 250717166-68**


၂၀၁၅ ခုနှစ်
POLO CLUB(ASIA)RESIDENCE
၏ မြန်မာ့နှစ်သစ်ကူး အတာသင်္ကြန်
ရေကစားမဏ္ဍပ်နှင့် ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များ
POLO CLUB (ASIA) RESIDENCE
ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ လေးထောင့်ကန်လမ်း နဲ့ အရှေ့မြင်းပြိုင်ကွင်းလမ်းထောင့်က POLO CLUB (ASIA) RESIDENCE
ဖျော်ဖြေရေး စင်မြင့်ထက်မှာ သင်္ကြန်ကာလအတွင်း Immortal (Music Band) နဲ့အတူ
ချစ်ကောင်း၊ ရင်ဂို၊ အဲလက်စ်၊ R ဇာနည်၊ ကော်နီ၊ ဖြူဖြူကျော်သိန်း စတဲ့ နိုင်ငံကျော် အဆိုတော်များရဲ့
သီဆိုဖျော်ဖြေမှုများ၊ ထိုင်းနိုင်ငံရဲ့ No.1 Beat Box ပညာရှင် WA ... နဲ့ SA CREW STREET DANCER များရဲ့
ဖျော်ဖြေမှု အစီအစဉ်များ၊ ထိုင်းနိုင်ငံမှ နာမည်ကျော် အမျိုးသမီး DJ များရဲ့ မြူးကြွတဲ့ သံစဉ်များနဲ့
နေ့စဉ် ဖျော်ဖြေတင်ဆက်သွားမှာ ဖြစ်ပါတယ်။ ထူးခြားတဲ့ STAGE အပြင်အဆင် နဲ့အတူ
တစ်နေ့တာလုံး ရေစိုနေချင်သူတွေအတွက် ရေကူးကန် နဲ့ ပျော်ရွှင်ဖွယ်
FOAM PARTY များကိုလည်း ထည့်သွင်းထားပါတယ်။ ဖောင်ဖောင်ဒေါင်း နဲ့ ဆန်းထွင်
တို့ရဲ့ Dream Boat အဖွဲ့မှ စီစဉ်ပြီး POLO CLUB (ASIA) RESIDENCE ရဲ့
BRAND AMBASSADOR ဖြစ်တဲ့ အကယ်ဒမီ ပြေတီဦး လည်း ရှိနေမှာ
ဖြစ်တဲ့အတွက် သင်္ကြန်ကာလမှာ အားလုံးပဲ ကြွရောက် အားပေး ချီးမြှင့်ကြပါရန်
နွေးထွေးပျူငှာစွာ ဖိတ်ခေါ်လိုက်ပါတယ်။ ယနေ့မှစ၍
POLO CLUB (ASIA) RESIDENCE ရဲ့ SALES GALLERY သို့
လာရောက်လေ့လာ ကြည့်ရှုသူတိုင်းကို မနက် (၉) နာရီမှ (၁၁) နာရီ၊
နေ့လည် (၂)နာရီ မှ (၅)နာရီ အချိန်များအတွင်း သင်္ကြန်လက်ဆောင်များ
ပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးလိုက်ပါတယ်။
Organized by Dream Boat

Hot Line No-0930500100

## ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးအတည်ပြု

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး စာမျက်နှာ - ၅

## ကလေးဝမြို့နယ်တွင် ပြည်သူများလွတ်လပ်ရေးအနှစ်သာရရှိစေရေးနှင့် အပန်းဖြေစေနိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိပြီးဖြစ်

ပြည်သူ့လွှတ်တော်အစည်းအဝေး စာမျက်နှာ - ၅

## အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

အမျိုးသားလွှတ်တော်အစည်းအဝေး စာမျက်နှာ - ၅



မြန်မာ့လက်ရွေးစင်အသင်း မြဝတီအသင်းဘက်သို့ ထိုးဖောက်တိုက်စစ်ဆင်နေစဉ်။

## မြန်မာ့လက်ရွေးစင်အသင်း မြဝတီကို အနိုင်ရ

သတင်းနှင့်ဓာတ်ပုံ - ချစ်ကိုကို

၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲ အင်ဒိုနီးရှားလက်ရွေးစင်အသင်းတို့နှင့် ခြေစမ်းပွဲများအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် MNL-2 ပထမတန်းကလပ် မြဝတီအသင်းတို့သည် ယနေ့ညနေပိုင်းက သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားသည်။

**မြန်မာ့လက်ရွေးစင်အသင်း - နှစ်ဂိုး**
**မြဝတီ - ဂိုးမရှိ**

ကျော်ကိုကို၊ ခင်မောင်လွင်၊ ဒေးဗစ်ဒန်း၊ ရန်အောင်ကျော်တို့ဖြင့် လူစုံခဲ့သည့် မြန်မာ့လက်ရွေးစင်အသင်း၏ ပထမခြေစမ်းပွဲမှာ နိုင်ပွဲရယူနိုင်ခဲ့သည်။ မြဝတီအသင်း၏ ခြေစွမ်းပိုင်းကြောင့် မြန်မာ့လက်ရွေးစင်အသင်း အသာရခဲ့သော်လည်း ကစားပုံအရ လိုအပ်ချက်များရှိနေသေးသည်ကို တွေ့ရသည်။

မြန်မာ့လက်ရွေးစင်အသင်းမှာ ပွဲစကတည်းက ခြေအသာဖြင့် ကစားနိုင်ခဲ့ပြီး မြဝတီအသင်းမှာ စာမျက်နှာ ၁၃ ကော်လံ ၂ သို့ ○

## လက်ပံတန်းဖြစ်စဉ်တွင် ဥပဒေနှင့်အညီ ခေါ်ယူထိန်းသိမ်းစစ်မေးခဲ့သူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံ

**နေပြည်တော် မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းဖြစ်စဉ်မှ ဥပဒေနှင့်အညီ ခေါ်ယူထိန်းသိမ်းစစ်မေးခဲ့သည့်သူများအနက်မှ တက္ကသိုလ်၊ ကောလိပ်များတွင် အမှန်တကယ် ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများကို စိစစ်၍ ၂၈ ဦးကို ဆက်လက်ပညာသင်ကြားနိုင်ရေး သက်ဆိုင်ရာဒေသအသီးသီးရှိ မိဘအုပ်ထိန်းသူများထံ ပြန်လည်အပ်နှံစေလွှတ်ပေးခဲ့ရာ မတ် ၁၇ ရက်အထိ သတင်းထောက်နှစ်ဦးအပါအဝင် စုစုပေါင်း ၃၀ ကို ပြန်လည်စေလွှတ်ပေးခဲ့ပြီးဖြစ်သည်။

အဆိုပါဖြစ်စဉ်မှ ဥပဒေနှင့်အညီ ထိန်းသိမ်းထားသူများကို ဆက်လက်စိစစ်ဆောင်ရွက်ပြီး အမျိုးသား ၁၉ ဦး၊ အမျိုးသမီးတစ်ဦး စုစုပေါင်း ၂၀ ကို

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻



### ယနေ့ မာတိကာ

နှစ်(၇၀)ပြည့် တပ်မတော်နေ့ ကြိုဆိုဂုဏ်ပြု

**သင်၏ နိုင်ငံ၊ ပိုင်းရုံခြားသီး၊ တပ်နှင့်ဆီးလော့**

ဆောင်းပါး စာမျက်နှာ - ၆

**သွန်းလောင်းညောင်ရေ အောင်ပါစေ**

ကဗျာ စာမျက်နှာ - ၇

**ဂျာမန်ဝင်းစ်လေကြောင်းလိုင်းမှ ခရီးသည်တင်လေယာဉ်တစ်စင်း ပြင်သစ်နိုင်ငံတောင်ပိုင်းတွင် ပျက်ကျ**



စာမျက်နှာ - ၄




themirror.npt@gmail.com
www.facebook.com/themirrordaily